# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday 29 June 2018 ၉၃၃၂


## ထိုင်းနိုင်ငံတွင် လိုဏ်ဂူအတွင်း ပိတ်မိနေကြသည့် လူငယ်များကယ်ဆယ်ရေး မြန်မာနိုင်ငံက အပြည့်အဝပူးပေါင်းကူညီဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

**ထိုင်းနိုင်ငံတွင် လိုဏ်ဂူအတွင်း ပိတ်မိနေကြသည့် လူငယ်များကယ်ဆယ်ရေးတွင် မြန်မာနိုင်ငံက အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့က ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့ရှိ ထမ်လုံခွန်နမ့်လိုဏ်ဂူအတွင်း ဝင်ရောက်သွားပြီး လိုဏ်ဂူအတွင်း ပိတ်မိနေကြသည့် လူငယ်ဘောလုံးအသင်းမှ ၁၃ ဦးကို ရှာဖွေကယ်ဆယ်နိုင်ရေး ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံက လိုအပ်သည်များ အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့သို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## ရာနှုန်းပြည့်မိုး

**နေပြည်တော် (၂၉-၆-၂၀၁၈)**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**ရန်ကုန်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ယူနန်ပြည်နယ် ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။**


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌအား တွေ့ဆုံနှုတ်ဆက်စဉ်။**

# ပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် နိုင်ငံ့တာဝန်ယူခဲ့သည့် လက်ရှိအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို လျစ်လျူရှုထားမည်မဟုတ်

## လူ့အခွင့်အရေးကောင်စီ၏ (၃၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ တင်ပြချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက တုံ့ပြန်ပြောကြား

**နေပြည်တော် ဇွန် ၂၈**

ဂျီနီဗာမြို့၊ ကုလသမဂ္ဂရုံး၌ ၁၈-၆-၂၀၁၈ ရက်မှ ၆-၇-၂၀၁၈ ရက်အထိ ပြုလုပ်လျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၃၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ၂၇-၆-၂၀၁၈ ရက်တွင် Interactive Dialogue with Special Rapporteur on the situation of human rights in Myanmar ကို ပြုလုပ်ခဲ့သည်။

ယင်းဆွေးနွေးမှုတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူမှ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို နှုတ်ဖြင့်တင်သွင်းခဲ့သည်။

အထူးအစီရင်ခံစာတင်သွင်းသူ၏ တင်ပြချက်နှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက သက်ဆိုင်ရာ နိုင်ငံအနေဖြင့် မိန့်ခွန်းတစ်ရပ် တုံ့ပြန်ပြောကြားခဲ့သည်။ အမြဲတမ်းအတွင်းဝန်က ဆွေးနွေးခဲ့ရာတွင် လွန်ခဲ့သော နှစ်နှစ်ခန့်က လက်ရှိအစိုးရသည် ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်တာဝန်များကို ဆောင်ရွက်ရန် ပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူခဲ့ကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို လျစ်လျူရှုထားမည် မဟုတ်ကြောင်း၊ ကိစ္စရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ နားလည်သော မိတ်ဆွေများ၏


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍





# ထာဝရငြိမ်းချမ်းရေးသို့ ဆက်လက်တက်လှမ်း

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်ကြာ ကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံသူ နိုင်ငံသားအားလုံး မျှော်လင့်တောင့်တနေသော လိုအင်ဆန္ဒများတွင် အဓိကကျသည့် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးခရီးလုပ်ငန်းစဉ် မကြာခင် စတင်တော့မည်ဖြစ်၍ အတိုင်းမသိ ဝမ်းမြောက်မိကြမည်ဖြစ်သည်။

ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် အဓိကလိုအပ်ချက်မှာ ညီညွတ်သော စုပေါင်းအင်အားဖြစ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်နေ့တွင် "ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ **စုပေါင်းအင်အား**ဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စုပေါင်းအင်အား**နဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်"ဟု ပြောကြားထားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကို တတိယအကြိမ် ကျင်းပနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အဆင့်ဆင့် တက်လှမ်းနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ရမှုများမှာ လွယ်ကူလှသည်တော့ မဟုတ်ချေ။ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများကို အကြိမ်ကြိမ်ကျင်းပ၍ ကဏ္ဍအလိုက်၊ အဖွဲ့အစည်းအလိုက်၊ လူပုဂ္ဂိုလ်အလိုက် စေ့စပ်ညှိနှိုင်း ဆွေးနွေးအဖြေရှာကာ ဘုံသဘောတူညီချက်များ ရွေးထုတ်၍ ငြိမ်းချမ်းရေးခရီးကို အဆင့်ဆင့် တက်လှမ်းခဲ့ရခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးခရီးလမ်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ရန်အတွက် ဦးစွာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့ရသည်။ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ပြီး တိုင်းရင်းသားများ၏ လိုလားချက်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းကြရသည်။ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့ကို လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးကြသည်။ တိုင်းရင်းသားလူနည်းစု အခွင့်အရေးပါမကျန် ကဏ္ဍတစ်ခုချင်းစီအလိုက် အသေးစိတ်ဆွေးနွေးကြရသည်။

ငြိမ်းချမ်းရေးအတွက် ဆွေးနွေးကြရာ၌ သုံးနားညီ တွေ့ဆုံဆွေးနွေးကြသည်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော် တစ်နား၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်နားနှင့် နိုင်ငံရေးပါတီ တစ်နား ဆွေးနွေးကြသည်။ နားလည်မှုတည်ဆောက်ပြီး ဆွေးနွေးအဆိုပြုချက်များမှ အခြေခံမူများ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်နေကြသည်။ ကျင်းပပြီးခဲ့သည့် ညီလာခံတွင် ရလဒ်ကောင်းများ အတည်ပြုနိုင်ခဲ့ပြီး ကျန်ရှိသော အချက်များအား ကျင်းပတော့မည့် ညီလာခံတွင် ဆက်လက်ဆွေးနွေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ငြိမ်းချမ်းရေးနှင့်သက်ဆိုင်သည့် ဆွေးနွေးပွဲများသည် သိမ်မွေ့နက်နဲ ခက်ခဲကျယ်ပြန့်လှသော်လည်း ညီညီညွတ်ညွတ် အားပြုဆောင်ရွက်နေကြသည်မှာ အားတက်ဖွယ်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့်လည်း ပြည်ထောင်စုကြီးအား ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံပြီး တည်ထောင်ရန် သဘောတူထားကြပြီးဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများလိုလားသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် အဓိကကျသည့် တိုင်းရင်းသားပြည်သူများ၏ ညီညွတ်သော စုပေါင်းအားဖြင့် ငြိမ်းချမ်းရေးခရီးလမ်းကို အောင်မြင်စွာ ဆက်လက်တက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နိုင်ငံခြားငွေလဲလှယ်နှုန်းဈေးမြင့်တက်လာ၍ စားသုံးကုန်အချို့ဈေးနှုန်းစတင်မြင့်တက်

**ရန်ကုန် ဇွန် ၂၈**

ဇွန်လကုန်ပိုင်းတွင် နိုင်ငံခြားသုံး ငွေလဲလှယ်နှုန်း မြင့်တက်လာသည့်အတွက် ရန်ကုန်ဈေးကွက်တွင် စားသုံးကုန်အချို့ ဈေးနှုန်းစတင်မြင့်တက်လာသော်လည်း အချို့မှာ ဈေးနှုန်းငြိမ်နေဆဲရှိသည်ဟု ရန်ကုန်မြို့ဘုရင့်နောင်ဈေးကွက်မှ သိရသည်။

ဇွန် ၂၇ ရက်တွင် ဗဟိုဘဏ်ငွေလဲနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၃၈၀ ဖြစ်သော်လည်း ဇွန် ၂၈ ရက်တွင် ၁၃၉၅ ကျပ်သို့ ဈေးမြင့်တက်လာသည်။ ဇွန် ၂၈ ရက် ပုဂ္ဂလိကဘဏ်အချို့တွင် ဝယ်ဈေး ၁၃၉၅ ကျပ်၊ ပြန်ရောင်းဈေး ၁၄၀၄၊ ၁၄၀၆ ကျပ်ဟု ငွေလဲနှုန်းများကို အသိပေးထားသည်။

**ဈေးမြင့်တက်**

ဇွန် ၂၂ ရက်တွင် ဗဟိုဘဏ်ငွေလဲနှုန်း အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၇၄ ကျပ်၊ ဇွန် ၁၂ ရက်တွင် ၁၃၅၄ ကျပ်သာရှိရာ ရက်သတ္တနှစ်ပတ်ကျော်အတွင်း ငွေလဲလှယ်နှုန်း အမေရိကန်တစ်ဒေါ်လာလျှင် ၄၁ ကျပ် ဈေးမြင့်တက်လာသည်။

နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထား မြင့်တက်လာခြင်းများလာသည့်အခါ ပြည်ပပို့ကုန်များ ပြည်တွင်းသုံး ကျပ်ငွေဖြင့် ဈေးပိုရသည်။ ပြည်ပမှသွင်းကုန်များသည်လည်း ပြည်တွင်းဈေးကွက်တွင်ရောင်းချသည့်အခါ ဈေးနှုန်းများ မြင့်တက်လာတတ်သည်။ သို့သော် ရန်ကုန်ဈေးကွက်တွင် ပြည်ပမှ သွင်းကုန်များဖြစ်သော စားအုန်းဆီနှင့်သကြားများသာ ယခုရက်ပိုင်းတွင် ဈေးနှုန်းစတင်မြင့်တက်လာသော်လည်း ကြူကုတ်ကြက်သွန်ဖြူနှင့် အိန္ဒိယငရုတ်ရှည် ဈေးနှုန်းများမှာ မြင့်တက်မှုမရှိဟု ဘုရင့်နောင်ဈေးကွက်မှ သိရသည်။ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီသည် ဇွန် ၂၆ ရက်တွင် ဆီထုတ်ယူခွင့်စာရွက်ဈေး လက်ကားတစ်ပိဿာ ဈေးနှုန်း ကျပ် ၁၅၇၀ ရှိသော်လည်း ဇွန် ၂၈ ရက်တွင်မူ ကျပ် ၁၆၀၀ နှုန်းသို့ မြင့်တက်လာသည်ဟု စိန်ပန်းလမ်း စားသုံးဆီရောင်းချသည့်ပွဲရုံမှ သိရသည်။

ပြည်ပမှတင်သွင်းလာသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၆၈၀၀၀၀ နှုန်း ဇွန်လနောက်ဆုံးပတ် အစပိုင်းရက်များတွင် ရှိရာမှ ဇွန် ၂၅ ရက်မှစ၍ ဈေးနှုန်းမြင့်တက်စပြုလာရာ ဇွန် ၂၈ ရက်တွင် ကျပ် ၇၀၀၀၀၀၊ ကျပ် ၇၁၀၀၀၀ နှုန်းသို့ ဈေးနှုန်းမြင့်ရောင်းချလာသည်ဟု အောင်သပြေလမ်း သကြားပွဲရုံ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ဇွန် ၂၇ ရက်တွင် ပြည်ပသကြားတစ်ပိဿာ (ပါကစ္စတန်) လက်ကားဈေး တစ်ပိဿာ ကျပ် ၁၁၅၀၊ ဇွန် ၂၈ ရက်တွင် ကျပ် ၁၁၈၀ ဖြင့် ဝယ်ယူရသည်ဟု သကြားအဝယ်တော်တစ်ဦးကဆိုသည်။ သကြားဈေးကွက်တွင် နယ်စပ်ပို့ ReExport သကြားများ ပြည်ပမှတင်သွင်းခွင့်ပြုသည့်သတင်းနှင့်အတူ ဇွန်လလယ်ပိုင်းက ကြိုတင်ရောင်းဝယ်သည့် ဈေးနှုန်းမှာ သကြား တစ်တန်လျှင် ကျပ် ၆၃၀၀၀၀ သာရှိရာ တစ်ပိဿာလျှင် ဝယ်ရင်းဈေးနှုန်းမှာ ကျပ် ၁၀၄၀ ဝန်းကျင် ရှိသည်ဟု သိရသည်။ ဈေးကွက်တွင် ဇွန် ၁၃ ရက်ပွဲရုံများမှ ပြန်ရောင်းဈေးမှာ တစ်ပိဿာ လက်ကားဈေးနှုန်း ကျပ် ၁၁၂၀ နှုန်းရှိသည်ဟု သိရသည်။

**ဈေးမမြင့်တက်သည်မှာ ထူးခြား**

ပြည်တွင်း မြစ်ဝကျွန်းပေါ်ဒေသထွက် ငရုတ်ရှည်များတစ်ပိဿာ ကျပ် ၂၂၀၀ ဝန်းကျင် ရှိခဲ့သောဇွန်လဆန်းတွင် အိန္ဒိယငရုတ်ရှည် ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၃၈၀၀၊ ၃၈၅၀ ရှိခဲ့သည်။ ဇွန် ၂၈ ရက်တွင် မြစ်ဝကျွန်းပေါ်ထွက် ငရုတ်ရှည် တစ်ပိဿာ ကျပ် ၃၂၀၀ ဝန်းကျင်သို့ ဈေးမြင့်တက်လာချိန်တွင် အိန္ဒိယငရုတ်ရှည်ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၃၉၀၀ သာ ရှိနေသည်။ အိန္ဒိယငရုတ်ရှည် ဈေးနှုန်းသည် ရန်ကုန်ဈေးကွက်တွင် နိုင်ငံခြားငွေ လဲလှယ်နှုန်းအနည်းငယ် မြင့်တက်ချိန်မှာပင် ဈေးမြင့်တက်တတ်သော်လည်း ယခုကဲ့သို့ ငွေလဲနှုန်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၄၀ ဝန်းကျင် မြင့်တက်လာချိန်ဈေးမမြင့်တက်သည်မှာ ထူးခြားသည်။ ပြည်တွင်းငရုတ်ရှည်ထက် တစ်ပိဿာ ကျပ် ၁၆၀၀ ဈေးမြင့်ခဲ့သော်လည်း ငွေလဲနှုန်းမြင့်ချိန်တွင်မူ ကျပ် ၇၀၀ သာ ဈေးမြင့်ခြင်းရှိနေသည်ဟု စိန်ပန်းလမ်းငရုတ်၊ မန်ကျည်းပွဲရုံ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။


ပြည်ပပို့ကုန်ဖြစ်သော မတ်ပဲနှင့်ပဲစင်းငုံတို့မှာ ဒေါ်လာငွေလဲနှုန်း မြင့်တက်လာသော်လည်း ပြည်တွင်းပဲဈေးကွက်တွင် နေ့စဉ်ဈေးကျနေရာ ဇွန် ၂၈ ရက်တွင် ဈေးနှုန်းအနည်းငယ်ပြန်လည်မြင့်တက်လာသည်။ ဇွန် ၂၁ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၄၆၇၀၀၀၊ ပဲစင်းငုံနီ RC တစ်တန်ကျပ် ၅၀၅၀၀၀ ရှိရာမှ ဇွန် ၂၇ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၄၂၆၀၀၀၊ ပဲစင်းငုံနီ RCတစ်တန် ကျပ် ၄၇၃၀၀၀ နှုန်းသို့ ဈေးကျလာသည်။ ဇွန် ၂၈ ရက်တွင်မူ မတ်ပဲ RC တစ်တန် ကျပ် ၄၄၀၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၄၇၈၀၀၀ နှုန်းသို့ ဈေးနှုန်းအနည်းငယ်ပြန်လည်မြင့်တက်လာသည်ဟု ပဲဈေးနှုန်းနေ့စဉ်စာရင်းများနှင့် ပဲလုပ်ငန်းလုပ်ကိုင်သူအချို့ထံမှ သိရသည်။

ဈေးကွက်သဘာဝအရ ကုန်စည်ဈေးနှုန်းများသည် ပြည်တွင်းပြည်ပဈေးနှုန်း၊ စိုက်ပျိုးထွက်ရှိ၍ ဈေးကွက်သို့ ရောက်ရှိသည့်ကုန်ပစ္စည်းပမာဏ၊ ဈေးကွက်အတွင်း ရောင်းလိုအားနှင့်ဝယ်လိုအား၊ မိုးလေဝသအခြေအနေ၊ ပြည်တွင်းပြည်ပထူးခြားဖြစ်စဉ်ဖြစ်ပေါ်မှု၊ ငွေလဲလှယ်နှုန်း၊ ဈေးကွက်ပရိယာယ်စသည့် အကြောင်းအချက်များပေါ်အခြေခံ၍ ပြောင်းလဲတတ်သည်။ သို့ဖြစ်ရာ ငွေလဲလှယ်နှုန်းအပြောင်းအလဲရှိလာချိန် ဈေးနှုန်းများ ပြောင်းလဲတတ်သည်ဆိုသော်လည်း မပြောင်းလဲသည့် ကုန်စည်အချို့ရှိနေသည်ကို အထက်ဖော်ပြပါ ကုန်ပစ္စည်းများ၏ ဈေးနှုန်းများအရ သိနိုင်သည်။

သို့သော် ကုန်ပစ္စည်းဈေးနှုန်းမြင့်တင်လိုလျှင် ငွေလဲလှယ်နှုန်းမြင့်တက်မှုကို အကြောင်းပြ ပြောဆိုတတ်ရာ ယခုလကုန်ပိုင်း နိုင်ငံခြားငွေလဲလှယ်နှုန်းများစွာမြင့်တက်လာချိန်တွင် ဝယ်ယူသုံးစွဲသူများ ကုန်ပစ္စည်းဈေးနှုန်းမြင့်တက်လာမည်ကို စိုးရိမ်နေကြသည်ဟု သိရသည်။ **မောင်စေအောင်**

## ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုအခြေအနေ

(ကျပ်သန်းပေါင်း)




တစ်မြစ် ။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂၈**

ရန်ကုန်(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀ မန္တလေး(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၅/၉၀၅ ကျပ်၊ | ၉၃၅/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၂၅ ကျပ်၊ | ၉၇၀/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၇၅ ကျပ်၊ | ၉၂၀/၉၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၂၀ ကျပ်၊ | ၉၄၅/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၉၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၂၂ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၃.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၂၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၂၃၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅.၅၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၃၂၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၈.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၃၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄.၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၀.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

☆ ရှေ့ဖုံးမှ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Li Pei၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ အထွေထွေအတွင်းဝန် Mr. Han Mei၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ယူနန်တိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**စနစ်တကျ ပြသထား**

ယူနန်တိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားလူမျိုးများအလိုက် ရိုးရာနေအိမ်များ၊ တိုင်းရင်းသားတို့၏ တူရိယာပစ္စည်းများ၊ တိုင်းရင်းသားအသုံးအဆောင်ပစ္စည်းများကို စနစ်တကျ ပြသထားရှိပြီး တိုင်းရင်းသားများကလည်း ရိုးရာတေးသီချင်းသီဆိုကာ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီအတွင်းရေးမှူး၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Chen Hao နှင့် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Hai Geng Hua Yuan ၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ခရီးသွားလာရေး ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီ အတွင်းရေးမှူး၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဥက္ကဋ္ဌက တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ
# တရုတ်နိုင်ငံသို့ အလုပ်သဘော အလည်အပတ်ခရီး ရောက်ရှိ


**ပေကျင်း ဇွန် ၂၈**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ၏ ဖိတ်ကြားချက်အရ အလုပ်သဘောအလည်အပတ်ခရီးစဉ်အဖြစ် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိသည်။

ညနေပိုင်းတွင် မြန်မာ-တရုတ် ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် အပြန်အလှန်အကျိုးရှိစေမည့် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မီဒီယာဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသည့်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်သဖြင့် ယခုကဲ့သို့ အလေးထားပြီး တွေ့ဆုံခြင်းဖြစ်ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများတွင် မီဒီယာများနှင့် အပြန်အလှန် အကျိုးပြုလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မီဒီယာများမှ ဖော်ပြချက်များသည် မိမိတို့တိုင်းပြည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုများတွင် များစွာ သက်ရောက်မှုရှိပါကြောင်း၊ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးသည့် မီဒီယာများဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ နိုင်ငံစည်းလုံးညီညွတ်သည့် အင်အားမျိုး ဖြစ်ပေါ်စေရန်အတွက် မီဒီယာများမှ လုပ်ဆောင်ပေးစေလိုကြောင်း၊ ဝေဖန်သင့်သည့် ကိစ္စရပ်များကိုလည်း ဝေဖန်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင်က မိမိတို့အနေဖြင့် တပ်မတော်နှင့် သဘောထားတူညီမှုရှိပြီး ယခုအခါ အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်ထားနိုင်ပြီဖြစ်ကြောင်း၊ မီဒီယာအား နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်အဖြစ် တည်ရှိရန်အတွက် ယခင်သတင်းစာဆရာကြီးများ အဆက်ဆက်မှ ကြိုးပမ်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် "ပြည်ကြီးပခုံး၊ ပြည့်လက်ရုံး"၊ မီဒီယာအနေဖြင့် "ပြည်ကြီးပခုံး၊ ပြည့်မျက်လုံး" ဟူသော ဝန်ကြီး ပဒေသရာဇာ၏ ဆိုရိုးစကားရှိပါကြောင်း၊ မိမိတို့အနေဖြင့် မဏ္ဍိုင်ကြီး လေးရပ် ဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မီဒီယာအနေဖြင့် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

○ **ပြည်သူများမှ**

ပူးပေါင်းမှုနှင့် ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်က ရခိုင်ပြည်နယ်အခြေအနေသည် ရှုပ်ထွေးသော စိန်ခေါ်မှုဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့မှု၊ အကြမ်းဖက်မှု၊ တရားဥပဒေစိုးမိုးမှု၊ လူ့အခွင့်အရေးနှင့်ကြီးမားသော ရွှေ့ပြောင်းမှု စသည့် ရှုထောင့်ပေါင်းစုံပါဝင်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို လျင်မြန်စွာမဖြေရှင်းနိုင်ပါက လူမှုဝန်းကျင်အတွင်း အကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်မှုအန္တရာယ်များ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၏ လုံခြုံရေးအခြေအနေသည် အကြမ်းဖက်အုပ်စု ARSA အဖွဲ့မှ မောင်တောမြို့ရှိ လုံခြုံရေးစခန်းများကို တိုက်ခိုက်ပြီးနောက် ယိုယွင်းလာပါကြောင်း၊ ပဋိပက္ခအတွင်း ခံစားရသူများအတွက် များစွာဝမ်းနည်းမိပါကြောင်း၊ အိုးပစ်အိမ်ပစ် ထွက်ပြေးရသူများတွင် မွတ်စလင်နှင့် ရခိုင်တိုင်းရင်းသားများသာမကဘဲ လူနည်းစုများဖြစ်သော ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးနှင့် ဟိန္ဒူတို့လည်း ပါဝင်ပါကြောင်း၊ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ယင်းကိစ္စရပ်ကို နိုင်ငံတကာမှ ဥပေက္ခာပြုထားကြကြောင်း၊ အချို့မှာ အကြမ်းဖက်အုပ်စုကိုပင် အမွှမ်းတင်ခြင်း၊ ကာကွယ်ပြောကြားခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ အထူးအစီရင်ခံစာတင်သွင်းသူ၏ မိန့်ခွန်းတွင် ARSA ၏ တိုက်ခိုက်မှုများနှင့် ဟိန္ဒူ ၉၉ ယောက်အား သတ်ဖြတ်မှုများကို ဖော်ပြခြင်းပင် မပြုခဲ့ကြောင်း၊ ယင်းမှာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ဘက်လိုက်မှုနှင့် မမျှတမှုကို ပြသနေကြောင်း၊ တစ်ချိန်တည်းမှာပင် မြန်မာအစိုးရအနေဖြင့် မည်သည့်လူ့အခွင့်အရေး ချိုးဖောက်မှုကိုမျှ လျစ်လျူရှုနေမည်မဟုတ်ဘဲ အထောက်အထားခိုင်လုံပါက ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းကို အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ အစိုးရအနေဖြင့် ရခိုင်ဒေသ၏ အမျိုးသားပြန်လည်စည်းလုံးရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် Independent Commission of Enquiry ကို ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆက်လက်ပူးပေါင်းဆောင်ရွက်မည်**

ထို့အပြင် အမြဲတမ်းအတွင်းဝန်က မုတ်သုံကာလရောက်ရှိလာပြီဖြစ်ရာ လူသားချင်းစာနာမှု အကူအညီများ အလျင်အမြန် လိုအပ်နေပြီး ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား သဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို လျင်မြန်စွာ စတင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်လက်ခံရေး စတင်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအစိုးရနှင့် UNDP၊ UNHCR အကြားနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် ကိစ္စများ လျင်မြန်စွာဆောင်ရွက်နိုင်လိမ့်မည်ဟု ယူဆပါကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများသည် ပြန်လည်ဝင်ရောက်မှုနှင့် နေရာချထားရေးလုပ်ငန်းစဉ်များနှင့် ရခိုင်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးအစီရင်ခံစာတင်သွင်းသူအပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် အထူးအစီရင်ခံစာတင်သွင်းသူများနှင့် ဆယ်စုနှစ် နှစ်ခုကျော် ပူးပေါင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဤ Mandate နှင့် ဆက်လက်ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် လက်ရှိ အထူးအစီရင်ခံစာတင်သွင်းသူမှာ ဓမ္မဓိဋ္ဌာန်မကျမှုနှင့် ကုလသမဂ္ဂဝန်ထမ်းကျင့်ထုံးများကို လိုက်နာမှုအားနည်းခြင်းတို့ကြောင့် ဆက်လက်ပူးပေါင်းပါက အကျိုးဖြစ်ထွန်းနိုင်ခြေမရှိကြောင်းကို မြန်မာပြည်သူများက သုံးသပ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ၎င်းအစား အထူးအစီရင်ခံစာတင်သွင်းသူ အသစ်ခန့်အပ်ပေးရန် လူ့အခွင့်အရေးကောင်စီအား ယခင်ကပင် တောင်းဆိုခဲ့ပါကြောင်း၊ သို့သော်လည်း ယင်းမေတ္တာရပ်ခံချက်အပေါ် လျစ်လျူရှုနေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ ပင်မမဏ္ဍိုင်တစ်ခုဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းသွားမည်ဖြစ်ကြောင်း၊ ယင်းရပ်တည်ချက်ဖြင့် မြန်မာနိုင်ငံအနေဖြင့် ၁၂-၆-၂၀၁၈ ရက်မှ ၂၁-၆-၂၀၁၈ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ခရီးစဉ်ကို လက်ခံခဲ့ပြီး ရခိုင်ပြည်နယ်အပါအဝင် ၎င်းမှမေတ္တာရပ်ခံခဲ့သော ဒေသများသို့ သွားရောက်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ ၎င်း၏ရုံးအား နေပြည်တော်တွင် ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး မကြာမီပြုလုပ်မည့် အမျိုးသားငြိမ်းချမ်းရေး ကွန်ဖရင့်သို့လည်း တက်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

နိဂုံးချုပ်တွင် အမြဲတမ်းအတွင်းဝန်က မိမိတို့အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းတို့နှင့် အပြုသဘောပူးပေါင်းသွားမည်ဟု ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# အမေရိကန်နိုင်ငံ၏ (၂၄၂)နှစ်ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ကြီးမှူးကျင်းပသည့် အမေရိကန်နိုင်ငံ၏ (၂၄၂)နှစ်ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။



အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဦးအောင်လှထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမေရိကန် နိုင်ငံတော်သီချင်းနှင့် မြန်မာနိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီယယ်လ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမေရိကန်သံအမတ်ကြီးနှင့် တက်ရောက်လာကြသူများသည် ညစာအတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဝန်ကြီးချုပ် အတည်ပြုလက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၂၈**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့တွင် အတည်ပြုခဲ့သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၂၀၁၈)အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အတည်ပြုလက်မှတ်ရေးထိုးကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးမောင်မောင်စိုးအား လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့တော်ဝန်က ၁၈၇၄ ခုနှစ်မှစ၍ ဥပဒေပြဋ္ဌာန်းခြင်းများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ(၂၀၁၈) ရေးဆွဲခဲ့ပုံ အဆင့်ဆင့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

“ဒီဥပဒေကို ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်ဆိုတဲ့ ဒီနေ့ ၂၈ ရက်နေ့ကစပြီး ဥပဒေရဲ့ အာဏာသက်ရောက်မှုဟာ စတင်သွားတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ လက်မှတ်ရေးထိုးမှုနဲ့အတူ ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ် နယ်ပယ်အသီးသီးကို ဆောင်ရွက်ကြရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအခမ်းအနားကို စနစ်တကျ လက်မှတ်ရေးထိုးပြီး မြို့တော်ဝန်ကို ဥပဒေအပ်နှင်းလိုက်တာ ဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

ထို့အပြင် ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများအပါအဝင် ရန်ကုန်မြို့တော်သူ မြို့တော်သားအားလုံး ယခုဥပဒေနှင့်အညီ ရန်ကုန်မြို့တော်ကြီးအား တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ၊ အိမ်ခြံမြေရောင်းဝယ်ရေးကိစ္စရပ်များ၊ ဈေးဆိုင်များစသည်ဖြင့် လုပ်ငန်းလုပ်ကိုင်သူအားလုံး ယခုဥပဒေနှင့်အညီ နေထိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

“ဥပဒေဟာ အလွန်များသော ဥပဒေဖြစ်ပါတယ်။ ပုဒ်မပေါင်း ၃၃၇ ခု ပါရှိပါတယ်။ ဒါ့အပြင် အခန်း ၃၁ ခန်းနဲ့ ဖွဲ့စည်းထားတဲ့ ဥပဒေကြီး ဖြစ်ပါတယ်။ ဒီအထဲမှာ ပြစ်မှုပြစ်ဒဏ်ပိုင်းတွေနဲ့ကြည့်မယ်ဆို ၁၆၈ ခု၊ ဥပဒေအရ အရေးယူအပြစ်ပေးနိုင်မှုတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒီဥပဒေဟာ အနာဂတ် မြန်မာနိုင်ငံရဲ့ အရေးအကြီးဆုံး စီးပွားရေးမြို့တော်ကြီးကို မောင်းနှင်သွားမယ့် ဥပဒေတစ်ရပ် ဖြစ်ပါတယ်” ဟု ဝန်ကြီးချုပ်က ပြောသည်။

အဆိုပါဥပဒေအား အတည်ပြုပြဋ္ဌာန်းနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြခဲ့ရာ ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၇) ဆုံးဖြတ်ချက်အပိုဒ် ၄၉ အရ ရန်ကုန်မြို့တော်စည်ပင်သာယာ ပြင်ဆင်ရေးဆွဲရေးကော်မတီကို ခွင့်ပြုခဲ့ပြီး ယင်းကော်မတီမှတစ်ဆင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ အဖွဲ့ဝင် ၂၁ ဦးပါဝင်သည့် ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီကိုဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ရေးဆွဲရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး ပုဒ်မ ၅၀ အရ ၁၉၂၂ ခုနှစ် မြူနီစီပယ်အက်ဥပဒေကို အခြေပြုကာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍အဖွဲ့ဝင် ၂၈ ဦးပါသည့် ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆွေးနွေးညှိနှိုင်းခြင်း စသည်ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ပပညာရှင်များက အဆိုပါဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေး အကြိမ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၂၈**

ဇူလိုင် ၇ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို ဇူလိုင် ၇ ရက်မှ ၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၁၆) နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဈေးရောင်းပွဲတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်များ၊ အဝတ်အထည်အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး အများပြည်သူအနေဖြင့် လာရောက်ကြည့်ရှု၍ လွတ်လပ်စွာ ဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများနှင့်ပတ်သက်၍ အမိန့်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၈**

ဥပဒေဘာသာပြန်ကော်မရှင်က ဇွန် ၂၇ ရက်တွင် အမိန့်အမှတ် ၁/၂၀၁၈ ကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါအမိန့်တွင်-

ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ ဥပဒေဘာသာပြန်ကော်မရှင်က အတည်ပြုသည့် အောက်ပါအင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Bar Council Act
(ခ) The Limitation Act
(ဂ) The Sale of Goods Act
(ဃ) The Defile Traffic Act
(င) The Christian Marriage Act
(စ) The Special Marriage Act
(ဆ) The Registration of Kettima Adoptions Act
(ဇ) The Majority Act
(ဈ) The Partition Act

ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးမိုးကျော်အောင် ဘူတန်နိုင်ငံ ဘုရင်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၉**

ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမိုးကျော်အောင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် သင်ဖူးမြို့၌ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျင်မီခေဆာ နမ်းဂျဲလ် ဝမ်ချွတ် ထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုဆန့်ကျင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးမည်

**ရန်ကုန် ဇွန် ၂၈**

အဂတိလိုက်စားမှုကို ဆန့်ကျင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း ပူးတွဲကြေညာချက်ကို ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ကိုယ်စားပြု နိုင်ငံအဆင့် အသင်းအဖွဲ့ဖြစ်သည့် ကုန်သည်စက်မှုအသင်းချုပ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့သည် ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်အဆောက်အအုံ၌ လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်သည်စက်မှုအသင်းချုပ်၏ အသင်းဝင်ကုမ္ပဏီများအတွင်း စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း(Code of Conduct)အား လိုက်နာမှုကျယ်ပြန့်လာစေရေးနှင့် အဂတိလိုက်စားမှုဆိုင်ရာ အသိပညာပေး အစီအစဉ်များနှင့် စွမ်းရည်မြှင့်အစီအစဉ်များဆောင်ရွက်ရေး စသည့်လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရန် ပူးတွဲကြေညာချက်ရေးထိုးကြမည်ဖြစ်သည်။

အခမ်းအနားတွင် ကြေညာချက်ရေးထိုးခြင်းနှင့်အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က “အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ကျင့်ဝတ်ရေးဆွဲရေး”ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ပြီး ကုန်သည်စက်မှုအသင်းချုပ် အကြံပေးပုဂ္ဂိုလ် စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Developing Code of Conduct on Business Integrity(စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကျင့်ဝတ်များ ဖွံ့ဖြိုးလာစေခြင်း)ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားမည်ဖြစ်သည်။

ကြေညာချက်ရေးထိုးခြင်းအခမ်းအနားနှင့် ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် ပါဝင်ဆွေးနွေးနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်က ဖိတ်ခေါ်ထားသည်။

**သတင်းစဉ်**

# အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် တော်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် တော်ဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ဓနုဖြူမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှ၊ အခြေခံပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် တာဝန်ရှိသူ များက အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်း ဆောင်သစ်ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် အခမ်းအနားကို တော်ဝအခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဖွင့်လှစ်ကြသည်။

ယင်းနောက် မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ တော်ဝကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကေလာသက ဩဝါဒစကား မြွက်ကြားသည်။

**တိုးမြှင့်ဖွင့်လှစ်ပေး**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြည်သူလူထု၏ လိုအပ်ချက်၊ ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး၊ ကျေးလက်နှင့် ဝေးလံဒေသများကိုဦးစားပေး၍ ကျောင်းနေအရွယ်ကလေး ကျောင်းတက်နိုင်ရေးအတွက် ကျောင်းအဆင့်တိုးမြှင့်မှု များကို ကျောင်းသားဦးရေ ပြည့်မီခြင်း သို့မဟုတ် ပင်မ ကျောင်းနှင့် သုံးမိုင်အထက်ကွာဝေးသောဒေသ သို့မဟုတ် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများတွင် ပင်မ ကျောင်းနှင့် နှစ်မိုင်ကွာဝေးခြင်းဟု ပြင်ဆင်သတ်မှတ်ခဲ့ပါ ကြောင်း၊ ယင်းသို့ ပြင်ဆင်သတ်မှတ်ခဲ့သဖြင့် ယခု ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် ၆၃၈၆ ကျောင်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ကျောင်းများတိုးမြှင့်ဖွင့်လှစ်ခြင်းကြောင့် သင်ယူမှု အခွင့်အလမ်း ပိုမိုကောင်းမွန်လာ၍ ကျောင်းသားဦးရေ တိုးတက်များပြားလာပြီး ဆရာလိုအပ်ချက် ပိုမိုများပြားလာ သဖြင့် အနည်းဆုံးလိုအပ်သည့် အထက်တန်းပြ၊ အလယ် တန်းပြ၊ မူလတန်းပြများအတွက် အရည်အချင်းသတ်မှတ် ခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ ကလေးများ၏ကာယဉာဏ ဖွံ့ဖြိုးတိုးတက်စေရန် အားကစားဘွဲ့ရရှိသူများနှင့် ပန်းချီ၊ ဂီတ၊ အနုပညာဘွဲ့ရသူများကိုလည်း စိစစ်ရွေးချယ်ခြင်း၊ ခွင့်ပြုဘဏ္ဍာငွေရရှိမှုအပေါ်တွင်မူတည်၍ ကာလတိုဆရာ အတတ်ပညာသင်တန်းပေးပြီး နေ့စားလပေးအဖြစ် ဦးစား ပေး ခန့်အပ်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စနစ်သစ် အခြေခံပညာရေးအရည်အသွေးမြင့်မားစေရန် မူလတန်းပြ ဆရာ ဆရာမများအားလုံးကို ဒုတိယတန်း (Grade-2) သင်ကြားသင်ယူမှုနည်းလမ်းများ သင်တန်းပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ပြုလုပ်အသုံးပြုနည်းလမ်းများ သင်တန်းပေးခြင်းများကို ဧပြီလနှင့် မေလများတွင် ဆောင်ရွက်ခဲ့သဖြင့် အလွတ်ကျက်မှတ်မှုမှ စဉ်းစား တွေးခေါ်မှုကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာရေးစနစ်ဟောင်းဖြစ်သည့် စတုတ္ထတန်း (Grade-5) တက်ရောက် ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူများသည် ပညာသင်နှစ်ပြီးဆုံး၍ နောက်တစ်တန်းတက်ရမည်ဆိုပါက ၂၀၁၉-၂၀၂၀ ပညာ သင်နှစ်တွင် အခြေခံပညာရေးစနစ်သစ်ဖြစ်သည့် ဆဋ္ဌမ တန်း (Grade-6)ကို တက်ရောက်ပညာသင်ယူရမည် ဖြစ်သည်ကို အလေးအနက်ထား အသိပေးပြောကြားလိုပါ ကြောင်း ပြောကြားသည်။

ထို့နောက် ဓနုဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးတင်လှက ကျေးဇူးတင်စကားပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် သရက်တောကျောင်းတိုက်ဆရာတော်က ကျောင်းဆောင်သစ်အား လွှဲပြောင်းပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များက ကျောင်းအကျိုးဆောင် များထံ အလှူငွေများအား ပေးအပ်ကြပြီး ကျောင်းအကျိုး ဆောင်ဥက္ကဋ္ဌ ဦးကျော်ဖုန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသ ကြီး ဓနုဖြူမြို့နယ် ကျားချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားနှင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ထောက်ရှာရိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဓနုဖြူမြို့ အမှတ် ၂ အခြေခံ ပညာအထက်တန်းကျောင်း၊ ဓနုဖြူမြို့ ရေတွင်းကုန်း အခြေခံပညာမူလတန်းကျောင်း၊ အကျော်ကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)၊ ပြင်ကသာကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း၊ ကျုံတနီးကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်းနှင့် ကျုံတနော်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းများတွင် စာသင် ကြား သင်ယူမှုဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေ့ကျင့်ရေးသင်တန်းကျောင်း အကောင်အထည်ဖော်ဆောင်ရေး စီမံကိန်းများအတွက် အကူအညီပေးရေးဆိုင်ရာ စာလွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့အကြား မြန်မာနိုင်ငံရောဂါထိန်းချုပ်ရေးဗဟိုဌာန နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လေ့ကျင့်ရေး သင်တန်းကျောင်း အကောင်အထည်ဖော်ဆောင်ရေး စီမံကိန်းများ အကူအညီပေးရေးဆိုင်ရာ စာလွှာလက်မှတ် ရေးထိုးပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က အဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စာလွှာ အား လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းသည် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးကဏ္ဍ နှင့် ရောဂါနှိမ်နင်းရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် သာမက နိုင်ငံတော်အတွက် အကျိုးရှိမည့် စီမံကိန်းဖြစ်ပါ ကြောင်း၊ ယခုစီမံကိန်းပြီးစီးပါက ရောဂါကာကွယ်ထိန်းချုပ် ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ပိုမိုဆောင်ရွက် သွားနိုင်မည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ သဘောတူညီမှုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရသည့် အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ၎င်းရောဂါ ထိန်းချုပ်ရေးဗဟိုဌာန သင်တန်းကျောင်းနှင့် ဓာတ်ခွဲခန်း တို့တွင် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း များ၊ သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင် မည့်အပြင် မကူးစက်နိုင်သော ရောဂါကာကွယ်ထိန်းချုပ် ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုစီမံကိန်းသည် မြန်မာနိုင်ငံအတွက် ပြည်သူ့ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်ကြီးတစ်ခုဖြစ်လာ မည်ဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်ပေးနိုင် မည်ဖြစ်ပါကြောင်း ပြောကြားသည်။




အဆိုပါစာလွှာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောဂါထိန်းချုပ်ရေးဗဟိုဌာန အဆောက်အအုံဆောက်လုပ် ပေးခြင်း၊ နည်းပညာအကူအညီနှင့် ပစ္စည်းများ ထောက်ပံ့ ပေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများအား စွမ်းရည်မြှင့်တင် ခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

**သတင်းစဉ်**



# အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင် အားကစားသမား ၃၀ တို့အား ကိုရီးယားနိုင်ငံသား နည်းပြဆရာ Mr.Youn Byung Sun ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီလမှစတင်၍ ရန်ကုန်မြို့ ကျိုက္ကဆံ မြားပစ်အားကစားကွင်း၌ University Games၊ Asian Games နှင့် SEA Games ပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိနိုင်ရေးအတွက် လေ့ကျင့်လျက်ရှိရာ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်အထိမ်းအမှတ် ပဏာမ လက်ရည်စစ်မြားပစ်ပြိုင်ပွဲများကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့ သည်။

ဇွန် ၂၇ ရက်တွင် အမျိုးသား အမျိုးသမီး လူသစ်တန်း Recurve ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး အလွတ်တန်း (Recurve နှင့် Compound) အဆင့် သတ်မှတ်ချက်ပြိုင်ပွဲများနှင့် ရှုံး၊ ထွက် ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဇွန် ၂၈ ရက် နံနက်တွင် အဆိုပါမြားပစ်ကွင်း၌ အမျိုးသား အမျိုးသမီးလူသစ်တန်း Recurve ဗိုလ်လုပွဲ၊ Compound အလွတ်တန်းဗိုလ်လုပွဲ၊ Recurve အလွတ်တန်းဗိုလ်လုပွဲ၊ Compound Mixed Team အလွတ်တန်းနှင့် Recurve Mixed Team ဗိုလ်လုပွဲများ ကျင်းပခဲ့သည်။

ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိသူများအား Trophy နှင့် ဆုငွေများအပြင် ပြိုင်ပွဲအတွင်း ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ပစ်ခတ် သူဆုများကို မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်နှင့် အဖွဲ့ဝင် ဦးဘန်နီတင်အောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟ၊ တွဲဖက်အတွင်း ရေးမှူး ဦးတောက်ထွန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ် ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် အဖွဲ့ချုပ်အမှုဆောင် များက တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ပြည်ထောင်စုမှ**

အခြေခံသည့်ပြည်ထောင်စုတွင် တပ်မတော်တစ်ခုတည်းထားရှိရေး အဆိုပြုချက်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာ တူးဂျာက "နိုင်ငံရေးကဏ္ဍနဲ့ပတ်သက်ပြီး တိုင်းရင်းသားအရေး၊ တိုင်းရင်းသားအခွင့်အရေးနဲ့ လူနည်းစုတိုင်းရင်းသားတွေရဲ့ အကြောင်းအရာတွေကို ဆွေးနွေးခဲ့ပါတယ်။ အဲဒီအပြင် ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်ထဲမှာပါတဲ့ နိုင်ငံရေးဆိုင်ရာကိစ္စရပ်တွေ၊ ဖွဲ့စည်းပုံရေးဆွဲရာမှာ ထည့်သွင်းသင့်တဲ့အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAO)နဲ့ နိုင်ငံရေးပါတီတွေကတင်တဲ့ စာတမ်းတွေကို တစ်ချက်ချင်း ဆွေးနွေးပါတယ်။ တူတဲ့အမြင်တွေရှိသလို ကွဲလွဲတဲ့အမြင်တွေလည်းရှိပါတယ်။ ဒါတွေကို မှတ်ချက်အနေနဲ့ရေးထားပါတယ်။ သုံးပွင့်ဆိုင်ကိုယ်စားလှယ်တွေရဲ့ သဘောထားတစ်ခုတည်း ရရှိတယ်ဆိုရင်တော့ မှတ်ချက်မှာ မပါတော့ပါဘူး။ စာတမ်းတွေကို မနက်ဖြန် ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ-UPDJC ကို တင်မှာဖြစ်ပါတယ်။ UPDJC ကနေ ပြန်ချပေးလိုက်တဲ့အချက်တွေကို ဇူလိုင် ၄ ရက်ကနေ ၆ ရက်အထိ ကျင်းပမယ့် လုပ်ငန်းကော်မတီအစည်းအဝေးမှာ ပြန်ပြီးဆွေးနွေးမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူနည်းစုအခွင့်အရေးမှာ သဘောတူညီထားတာတွေ တော်တော်များများရှိပါတယ်"ဟု ပြောသည်။

**ခေါင်းစဉ် ၁၀ ခု ဆွေးနွေး**

ထို့အတူ ဦးအောင်ကြည်ညွန့်က "ဒီသုံးရက်အတွင်းမှာ ဆွေးနွေးခဲ့တာတွေကို စုစည်းပြီး UPDJC ကို တင်ပြသွားမှာပါ။ နိုင်ငံရေးပါတီက ဆွေးနွေးဖို့ကျန်ခဲ့တဲ့ ခေါင်းစဉ် ၁၀ ခုရှိပါတယ်။ အဲဒီထဲက ခေါင်းစဉ် နှစ်ခုကိုပဲ ဆွေးနွေးခဲ့ပါတယ်။ တိုင်းရင်းသား လူနည်းစုတွေရဲ့အခွင့်အရေးကို ကာကွယ်ခြင်းနဲ့ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ ကျား၊ မ တန်းတူညီမျှရေးဆိုတဲ့ အချက်တွေကို ဆွေးနွေးခဲ့ပါတယ်"ဟု ပြောသည်။

လုံခြုံရေးကဏ္ဍဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဦးမျိုးဝင်းက "လုံခြုံရေးကဏ္ဍနဲ့ပတ်သက်ပြီး အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAO)ကြားမှာ အလွတ်သဘော ဆွေးနွေးပွဲ လေးကြိမ်လုပ်ခဲ့ပါတယ်။ ဒီအလွတ်သဘောဆွေးနွေးပွဲကနေ ရရှိတဲ့အချက်တွေနဲ့ သဘောထားစုစည်းချက်တွေကို အခုဆွေးနွေးပွဲမှာ တင်ပြလာပါတယ်။ အလွတ်သဘော ဆွေးနွေးပွဲဆိုတာကလည်း တရားဝင်ဆွေးနွေးပွဲကို အထောက်အကူဖြစ်ဖို့ လုပ်ခဲ့ကြတာပါ။ လုံခြုံရေးကဏ္ဍမှာတော့ အနာဂတ်မှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုမှာ တပ်မတော်တစ်ခုတည်းထားရှိရေးကိစ္စကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAO)နဲ့ ဆွေးနွေးပါတယ်။ အနာဂတ်မှာ တည်ဆောက်မယ့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုမှာ ထားရှိမယ့်တစ်ခုတည်းသော တပ်မတော် ကိစ္စအပါအဝင် လုံခြုံရေးကဏ္ဍကို ဆွေးနွေးဖို့ အစိုးရနဲ့ EAO ကြားမှာ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်သွားပြီးတော့မှ ဆောင်ရွက်သွားမယ်ဆိုတဲ့ နှစ်ချက်ကို ဆွေးနွေးခဲ့ပါတယ်။ အလွတ်သဘောဆွေးနွေးပွဲက နှစ်ချက်ကို အပြုသဘောဆောင်တဲ့ ရလဒ်အဖြစ် ထားရှိပါတယ်။ တိုင်းပြည်တစ်ခုမှာ တပ်မတော်တစ်ခုတည်း ရှိရမယ်ဆိုတာ မူအားဖြင့်ရှိထားပြီးသားပဲ။ ဒါ Universal Truth အဖြစ်နဲ့ လက်ခံထားပြီးသားပါပဲ။ အဲဒါနဲ့ပတ်သက်ပြီး အလုပ်ရုံ ဆွေးနွေးပွဲတွေကျင်းပကာ နှစ်ဖက်လက်ခံနိုင်တဲ့ ပညာရှင်တွေခေါ်ယူပြီး အတူတကွ လေ့လာမယ်၊ သဘောထားတွေ စုစည်းမယ်။ ဒါတွေကို ရေရှည်မှာ ဆောင်ရွက်သွားဖို့ သဘောထားစုစည်းသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍလုပ်ငန်းကော်မတီဆွေးနွေးပွဲ ကျင်းပစဉ်။**

**အချက်ခြောက်ချက်ရှိ**

စီးပွားရေးကဏ္ဍဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဦးလှမောင်ရွှေက "အရင် (၁၀)ကြိမ်မြောက် UPDJC အစည်းအဝေးက ကျွန်တော်တို့ ပြန်ဆွေးနွေးဖို့ ပို့ပေးလိုက်တဲ့ အချက်ခြောက်ချက်ရှိပါတယ်။ အဲဒါတွေ ကျွန်တော်တို့ အားလုံးဆွေးနွေးပြီးပါပြီ။ နောက်တစ်ခုက တိုင်းရင်းသားလက်နက်ကိုင် ငါးဖွဲ့ပေါင်းတင်တဲ့ ၂၄ ချက်ပါတဲ့ စာတမ်းတစ်ခုရှိပါတယ်။ အဲဒီထဲက ၁၃ ချက်ဆွေးနွေးပြီးပါပြီ။ မွန်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကတင်တဲ့ အချက် ၇၁ ချက်နဲ့ နိုင်ငံရေးပါတီတွေက တင်တဲ့အချက် ရှစ်ချက်ကိုလည်း တစ်ဝက်ကျော် ဆွေးနွေးပြီးပါပြီ။ ယခုဆွေးနွေးချက်တွေအားလုံးကို တိုင်းရင်းသားတွေက သူတို့ရဲ့ တာဝန်ရှိတဲ့ သူတွေဆီ ပြန်ယူသွားမယ်။ လာမယ့် ဇူလိုင် ၄ ၊ ၅၊ ၆ ရက်မှာ ကျွန်တော်တို့ ပြန်ပြီး ဆွေးနွေးပါမယ်။ အဲဒါပြီးရင် UPDJC ကတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို တင်မှာဖြစ်ပါတယ်။ အရင်ညီလာခံမှာတုန်းက စီးပွားရေး ကဏ္ဍကနေ စုစုပေါင်းအချက် ၁၁ ချက် မူဝါဒအဖြစ်ထွက်ခဲ့ပါတယ်။ အခုတစ်ခေါက်မှာလည်း အရင်တစ်ခါကထက် မနည်းတဲ့ အချက်တွေကို မူဝါဒအဖြစ် ထွက်လာမယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးကဏ္ဍအတွက် အားရပါတယ်။ ညီလာခံကျင်းပမယ့်ရက်ကို မနက်ဖြန် UPDJC အစည်းအဝေးမှာ အတည်ပြုမှာပါ။ တတိယအကြိမ် ညီလာခံကို ဇူလိုင် ၁၁ ရက်မှာ ကျင်းပဖို့ အဆိုပြုထားပါတယ်။ ညီလာခံကိုတော့ ဇူလိုင် ၁၁ ရက်ကနေ ၁၅ ရက်အထိ ငါးရက်ကျင်းပဖို့တင်ပြမှာပါ။ တက်ရောက်မယ့် လက်နက်ကိုင်အဖွဲ့တွေကို ဖိတ်ကြားဖို့ကတော့ မနက်ဖြန်မှာ ကျင်းပမယ့် UPDJC မှာ ဆုံးဖြတ်မှာဖြစ်ပါတယ်"ဟု ပြောသည်။

**တက်ရောက်**

ယနေ့ ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျဦးနှင့် တာလှဖေ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

**❖ ကျောဖုံးမှ**

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့သည် အင်းဒင်ကျေးရွာတွင် အကြမ်းဖက်ဖြစ်စဉ်ကြုံတွေ့ခဲ့ရမှုနှင့် ကျေးရွာ၏ ပကတိအခြေအနေမှန်များကို ကျေးရွာသားများနှင့်တွေ့ဆုံ၍ သတင်းရယူကြသည်။

**သတင်းရယူ**

ထို့နောက် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့်အဖွဲ့အား တွေ့ဆုံ၍ ဒေသအတွင်း ပြန်လည်ဝင်ရောက်လာမည့်သူများအား စိစစ်လက်ခံရေး၊ နေရာချထားရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် ပြန်လည်ဝင်ရောက်လာသူများအား ယာယီလက်ခံမည့် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် စခန်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို သတင်းရယူကြသည်။

ဆက်လက်၍ စခန်းအတွင်းရှိ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံ၍ သတင်းရယူကြသည်။

**သူရဇော်**

**ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့နယ် အင်းဒင်ကျေးရွာတွင် ဒေသခံများနှင့် တွေ့ဆုံသတင်းရယူကြစဉ်။**



**✻ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ**

ယူရိုငွေ ၃၈ ဒသမ ၅၃၀ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၉၇၃ တွဲကိုလည်းကောင်း၊ ဇွန် ၂၅ ရက်တွင် ယူရိုငွေ ၇၄ ဒသမ ၁၂၂ သန်း တန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၃၃ တွဲကိုလည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ယူရိုငွေ ၈၆ ဒသမ ၈၆၆ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၁၈ တွဲကိုလည်းကောင်း၊ ဇွန် ၂၇ ရက်တွင် ယူရိုငွေ ၅၂ ဒသမ ၄၄၁ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၈၉၂ တွဲကိုလည်းကောင်း၊ ဇွန် ၂၈ ရက်တွင် ယူရိုငွေ ၁၁၈ ဒသမ ၆၉၁ တန်ဖိုးရှိ ကျောက်စိမ်းအတွဲ ၉၂၅ တွဲကိုလည်းကောင်း ရောင်းချခဲ့ရကြောင်း သိရသည်။



"ဒီနှစ်ကျောက်စိမ်းပြသရောင်းချပွဲမှာ ရောင်းချတဲ့ပုံစံအနည်းငယ်ပြောင်းသွားပါတယ်။ အရင်တုန်းက ကျောက်ကြီးကျောက်ကောင်းတွေကို ထိန်းသိမ်းမှုနဲ့ ပြပွဲပုံစံအရ တစ်နေရာ၊ နှစ်နေရာလောက်ပဲခင်းကျင်းပြသပါတယ်။ အဲဒီလိုပုံစံဆိုရင် တစ်ရက်တည်းမှာ များများရောင်းရပါတယ်။ ရောင်းချရတဲ့ငွေတွေကလည်း တစ်ရက်တည်းမှာ တော်တော်လေးရပါတယ်။ ကျောက်စိမ်းတွဲတွေ ခင်းကျင်းပြသရောင်းချရတာချင်းအတူတူ ရောင်းချတဲ့ရက်တွေက ရောင်းချရတဲ့ငွေတွေ မတူညီတာတွေ့ရပါမယ်။ ဘာလို့မတူတာလဲလို့ မေးစရာရှိပါတယ်။ အဲဒါက အရည်အသွေးကောင်းပြီး အမျိုးအစားကောင်းတဲ့ ကျောက်အတွဲတွေကို တစ်နေရာတည်းမှာ စုပုံပြီးပြသတာကနေ နေရာစုံအောင် ခင်းကျင်းပြသပါတယ်။ ရောင်းချတဲ့နေ့တိုင်း ပြပွဲအစကနေအဆုံးအထိ ကျောက်အမျိုးအစားကောင်းတွေ အရည်အသွေးကောင်းမွန်တာတွေပါရှိမှာ ဖြစ်ပါတယ်။ ဒါဟာ ကဏ္ဍစုံအဆင်ပြေချောမွေ့စေတဲ့ နည်းစနစ်တစ်ခုဖြစ်ပါတယ်" ဟု ဦးသန်းဇော်ဦးက ဆက်လက်ရှင်းပြသည်။

ယခုကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသသည့်ကာလသည် မုတ်သုံမိုးရာသီဖြစ်သည့်အားလျော်စွာ ရာသီဥတုနှင့်ပတ်သက်သည့် အခက်အခဲအချို့ရှိသော်လည်း လွတ်လပ်စွာ လေ့လာကြည့်ရှု၍ တင်ဒါများတင်သွင်းလျက်ရှိကြကြောင်း သိရသည်။

ပြည်တွင်းကျောက်မျက်ရတနာကုန်သည် ဦးသိန်းနိုင်ဝင်းက "(၅၅) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသတဲ့နည်းစနစ်ဟာ အရင်ပြပွဲတွေထက်စာရင် ပြပွဲနည်းစနစ် ပိုမိုကောင်းမွန်လာတာကို တွေ့ရပါတယ်။ လွတ်လွတ်လပ်လပ်လေ့လာကြည့်ရှုပြီး လွတ်လပ်စွာတင်ဒါတင်သွင်းဝယ်ယူလို့ရပါတယ်။ အခုပြသရောင်းချပွဲဟာ မိုးရာသီကာလဖြစ်နေတဲ့အတွက် ပြကွက်နေရာအချို့မှာ မိုးရွာရင်ရေတွေဝင်ရောက်ပါတယ်။ ကျောက်စိမ်းအတွဲကိုလေ့လာကြည့်ရှုတဲ့ ရတနာကုန်သည်တွေအနေနဲ့ ရေထဲမှာလေ့လာကြည့်ရှုရသလိုဖြစ်နေပါတယ်။ ရေထုတ်မြောင်းစနစ်ကို သေသေချာချာဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ၎င်းက ပြောသည်။

"အခုခင်းကျင်းပြသရောင်းချတဲ့ပွဲဟာ ပြီးခဲ့တဲ့နှစ်လယ်ပွဲထက် ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာကုန်သည်တွေ ပိုမိုလာရောက်ကြတယ်ဆိုတာ မြင်တွေ့ရမှာဖြစ်ပါတယ်။ လက်ရှိရောင်းချနေတဲ့ ဈေးကွက်အနေအထားအရ ခန့်မှန်းလျာထားချက်ပြည့်မီတယ်၊ အောင်မြင်တယ်လို့ပြောရမှာ ဖြစ်ပါတယ်၊ ပြည်တွင်းပြည်ပရတနာကုန်သည်တွေအတွက် အစစအရာရာ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ပြသရောင်းချတာဖြစ်တဲ့အတွက် တင်ဒါတင်သွင်းတဲ့အခါ မိမိရဲ့သဘောဆန္ဒအတိုင်း လွတ်လပ်စွာတင်သွင်းနိုင်ပါတယ်။ ပြသရောင်းချပွဲပြီးတဲ့အခါတိုင်း ပြပွဲသုံးသပ်ချက်တွေ လုပ်ဆောင်ပါတယ်၊ အဲဒီသုံးသပ်ချက်တွေအရ နောင်လာမယ့်ပြပွဲတွေကို ပြည့်စုံသည်ထက်ပြည့်စုံအောင်၊ အဆင်ပြေသည်ထက် ပိုအဆင်ပြေအောင်၊ ချောမွေ့သည်ထက်ချောမွေ့အောင် ဆောင်ရွက်ပေးနေပါတယ်။ လုပ်ငန်းကော်မတီအသီးသီးအနေနဲ့ သက်ဆိုင်တဲ့လုပ်ငန်းတွေအားလုံးကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်စိမ်းတူးဖော်မှုတွေကိုလည်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်တဲ့ တူးဖော်မှုတွေ ဖြစ်အောင်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးကဏ္ဍတိုးတက်သည်ထက် တိုးတက်လာအောင်၊ မြင့်မားသည်ထက်မြင့်မားလာအောင် ကြိုးပမ်းအားထုတ်နေပါတယ်" ဟု မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှစိုးဦးက ပြောသည်။

ယခုကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချရသည့်တန်ဖိုးများအပေါ် သတ်မှတ်ကောက်ခံမည့်အခွန်အခနှုန်းထားများမှာ အထူးကုန်စည်ခွန်အနေဖြင့် ကျောက်စိမ်းအရိုင်းများအတွက် ၁၅ ရာခိုင်နှုန်း၊ ကျောက်မျက်အရိုင်းများအတွက် ၁၀ ရာခိုင်နှုန်းနှင့် ကျောက်မျက်လက်ဝတ်ရတနာအချောထည်များအတွက် ငါးရာခိုင်နှုန်းတို့ဖြစ်ကြပြီး ဝန်ဆောင်ခအနေဖြင့် ကျောက်မျက်ရတနာအရိုင်းများအတွက် သုံးရာခိုင်နှုန်းနှင့် အချောထည်များအတွက် တစ်ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

# စီးပွားရေးကျင့်ဝတ်နှင့်အညီ ကုန်သွယ်မှုပြုခြင်း

## ■ တိုက်မောင်း

မြန်မာနိုင်ငံသားများအနေဖြင့် အခြားနိုင်ငံတစ်ခုခုနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်မှုနည်းလမ်း နှစ်မျိုးကို ဆောင်ရွက်နိုင်သည်။ ပုံမှန်ကုန်သွယ်မှုနည်းလမ်းနှင့် နယ်စပ်ကုန်သွယ်မှုနည်းလမ်းတို့ဖြစ်သည်။ ပုံမှန်ကုန်သွယ်မှုနည်းလမ်းဆိုသည်မှာ နိုင်ငံတကာအဖွဲ့အစည်းများမှ သဘောတူသတ်မှတ်ထားသည့်ကုန်သွယ်မှုစနစ်၊ ဘဏ်လုပ်ထုံးလုပ်နည်းစနစ်များနှင့်အညီ တင်ပို့ခြင်း၊ တင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။ နယ်စပ်ကုန်သွယ်မှုနည်းလမ်းမှာ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံတစ်ခုခု၏ နယ်နိမိတ်ကို ဖြတ်ကျော်၍ သတ်မှတ်ခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်းကို ဆိုလိုပါသည်။

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်

ပြည်ပနိုင်ငံတစ်ခုခုနှင့် ကုန်သွယ်မှုရရန်အတွက် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီထူထောင်ရန် ပထမဦးစွာ ဆက်သွယ်ဆောင်ရွက်ရပါမည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးဖြစ်သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်သည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၄၈/၂၀၁၈ အရ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ စတင် အာဏာသက်ရောက်တော့မည် ဖြစ်ပါသည်။

ယခင်က ကုမ္ပဏီထူထောင်လိုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရှယ်ယာရှင်နှစ်ဦးရှိမှသာ ဆောင်ရွက်နိုင်သော်လည်း ဥပဒေသစ်အရ ရှယ်ယာရှင်တစ်ဦးတည်းဖြင့် ကုမ္ပဏီထူထောင်နိုင်ပြီဖြစ်သည်။ အများနှင့် မသက်ဆိုင်သော ကုမ္ပဏီများအတွက် ဒါရိုက်တာတစ်ဦးတည်းသာ လိုအပ်တော့သည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်၌ နိုင်ငံသားကုမ္ပဏီများတွင် နိုင်ငံခြားသားပါဝင်မှု ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုပေးထားသဖြင့် ကုမ္ပဏီအတွင်း နိုင်ငံခြားသားစီးပွားရေးမိတ်ဖက်များကို တရားဝင်ဖိတ်ခေါ်ခွင့်ရရှိသွားမည်ဖြစ်သည်။

### ပြန်လည်မှတ်ပုံတင်ကြရမည်

ထို့အပြင် ဝန်ထမ်းဦးရေ ၃၀ အောက်ရှိပြီး တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ အောက်တွင်ရှိသော ကုမ္ပဏီများအတွက် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ်ဆေးရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့်၊ နှစ်စဉ် အထွေထွေအစည်းအဝေးခေါ်ယူခြင်းမှ ကင်းလွတ်ခွင့်များလည်း ပေးထားပါသည်။ ကုမ္ပဏီမှတ်ပုံတင်ရာတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ အီလက်ထရွန်နစ်စနစ် (အွန်လိုင်း)ဖြင့် စတင်ကျင့်သုံးတော့မည်ဖြစ်ရာ မိမိနေအိမ်၊ ရုံးခန်းများမှ အလွယ်တကူ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။ ငွေကြေးပေးသွင်းမှုများကိုလည်း အွန်လိုင်းမှ ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ အဂတိတရားများ လျော့နည်းလာနိုင်ပါသည်။ လက်ရှိ ကုမ္ပဏီဟောင်းများအနေဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ခြောက်လအတွင်း ကုမ္ပဏီများ ဥပဒေသစ်နှင့်အညီ ပြန်လည်မှတ်ပုံတင်ကြရမည်ဖြစ်ပါသည်။ မှတ်ပုံတင်ပြီးပါက ကုမ္ပဏီမှတ်ပုံတင်အမှတ်အသစ် ထပ်မံထုတ်ပေးမည်ဖြစ်ပြီး အဆိုပါနံပါတ်သည် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်မှတ်ပုံတင်အမှတ်နှင့် အတူတူ ဖြစ်ပါမည်။

### မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်

သတ်မှတ်ကာလအတွင်း ပြန်လည်မှတ်ပုံတင်ခြင်းမရှိသောကုမ္ပဏီများအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားတော့မည်ဖြစ်၍ သတ်မှတ်ကာလအတွင်း အချိန်မီဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ကုမ္ပဏီထူထောင်ရန်အတွက် လုပ်ထုံးလုပ်နည်းနှင့် လိုအပ်မည့်အချက်အလက်များ သိရှိလိုပါက www.dica.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ လျှောက်ထားနိုင်ပါသည်။ ကုမ္ပဏီထူထောင်ပြီးရုံဖြင့် ကုန်သွယ်မှုဆောင်ရွက်၍ မရသေးပါ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၌ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လျှောက်ထားကြရပါမည်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေတို့အရ မှတ်ပုံတင်ထားသော လီမိတက်ကုမ္ပဏီများ (နိုင်ငံခြားကုမ္ပဏီများ အပါအဝင်)၊ ဖက်စပ်ကော်ပိုရေးရှင်းများ၊ ဖက်စပ်လီမိတက်များနှင့် သမဝါယမအသင်းဥပဒေအရ တည်ထောင်ထားသော သမဝါယမအသင်းလီမိတက်များအားလုံး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကို လျှောက်ထားနိုင်ပါသည်။

### အခြေခံသင်ပုန်းကြီးဖတ်စာအုပ်

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လျှောက်ထားလိုသူများအနေဖြင့် http://www.myanmartradenet.com.mm တွင် ဖော်ပြထားသော ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လျှောက်ထားခြင်းအတွက် ပုံစံ၌ လိုအပ်သည့်အချက်အလက်များ ဖြည့်စွက်ပြီး အွန်လိုင်းမှလည်း လျှောက်ထားနိုင်ပါသည်။ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းကို ခွင့်ပြုသည့်နေ့မှ သက်တမ်း ငါးနှစ်အထိ တစ်ဆက်တည်း ကာလသတ်မှတ်ခွင့်ပြုပါသည်။

ကုမ္ပဏီထူထောင်ပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လက်ဝယ်ရှိပြီဆိုပါက ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ ပြည်ပနိုင်ငံတစ်ခုခုနှင့် ကုန်သွယ်မှုဆောင်ရွက်တော့မည်ဆိုပါက လုပ်ငန်းရှင်တစ်ဦးအနေဖြင့် မိမိတို့နိုင်ငံအတွင်းမှ ထုတ်ပြန်ထားသောတည်ဆဲဥပဒေများ၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ၏ အမိန့်နှင့် ညွှန်ကြားချက်များကို ကြိုတင် ဖတ်ရှုလေ့လာထားရန် အထူးလိုအပ်လှပါသည်။ ဥပမာ- ၂၀၁၂ ခုနှစ် စက်တင်ဘာလက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော ပို့ကုန်၊ သွင်းကုန်ဥပဒေမျိုးကို ဆိုလိုခြင်းဖြစ်သည်။ ပြည်ပနိုင်ငံတစ်ခုခုနှင့် ကုန်သွယ်မှုပြုလုပ်တော့မည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေဖြင့် ပို့ကုန်၊ သွင်းကုန်ဥပဒေသည် အခြေခံသင်ပုန်းကြီးဖတ်စာအုပ် ဖြစ်လိမ့်မည်။ ပြည်ပသို့ တင်ပို့ခွင့်၊ တင်သွင်းခွင့်အား ကန့်သတ်တားမြစ် ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို အခြေခံအားဖြင့် သိထားသင့်သည်။

### မှတ်ကျောက်တင်ခံနိုင်ကြပြီ

သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုခု၏ ထောက်ခံချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ တင်ပို့၊ တင်သွင်းခွင့်လိုင်စင်ရရှိပြီးမှသာ တင်ပို့၊ တင်သွင်းခွင့်ရှိသော ပစ္စည်းအမည်များ၊ ထောက်ခံချက်ရယူရန် မလိုသော်လည်း ပို့ကုန်၊ သွင်းကုန်လိုင်စင်ခွင့်ပြုချက်ဖြင့်သာ တင်ပို့၊ တင်သွင်းခွင့်ရှိသော ကုန်ပစ္စည်းအမည်များနှင့် ကုန်သွယ်ရေးဦးစီးဌာနမှ လိုင်စင်ခွင့်ပြုချက်မလိုဘဲ အကောက်ခွန်ဦးစီးဌာနတွင် ပို့ကုန်ကြေညာလွှာနှင့် သွင်းကုန်ကြေညာလွှာများဖွင့်လှစ်ပြီး တင်ပို့၊ တင်သွင်းခွင့်ပြုနေသော ကုန်ပစ္စည်းအမည်များဟူ၍ ခွဲခြားထားရှိပါသည်။ မည်သည့် ကုန်ပစ္စည်းအမည်များကို မည်ကဲ့သို့ ခွဲခြားသတ်မှတ်ထားသည်ကို သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သော www.moc.gov.mm တွင်လည်းကောင်း၊ မြန်မာနိုင်ငံကုန်သွယ်မှု သတင်းအချက်အလက်များ ဘဏ်တိုက်ဖြစ်သည့် www.myanmartradeportal.gov.mm တွင် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ နှစ်ဘာသာဖြင့်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မိမိရှာဖွေလိုသော ကုန်ပစ္စည်းများ၊ ဌာနဆိုင်ရာ ထုတ်ပြန်ချက်များ၊ လျှောက်ထားလိုသောပုံစံများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ကြေညာချက်များ၊ ကုန်သွယ်မှုကိန်းဂဏန်းများကို အသေးစိတ်ရှာဖွေကြည့်ရှုလေ့လာပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တတ်သိနားလည်သော လုပ်ငန်းရှင်များအဖြစ် မှတ်ကျောက်တင်ခံနိုင်ကြပြီ ဖြစ်ပါသည်။

### ဂုဏ်ယူနိုင်ကြမည်ဖြစ်

ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိနေရုံလောက်ဖြင့် ကျင့်ဝတ်နှင့် ညီညွတ်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဟု ခေါ်ဆိုနိုင်ပြီလား။ မခေါ်ဆိုနိုင်သေးပါ။ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာပြီး နိုင်ငံတော်သို့ ပေးသင့်ပေးထိုက်သည့် အခွန်အခများ အပြည့်အဝပေးသွင်းခြင်း၊ ကန့်သတ်ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများအား တရားမဝင်တင်ပို့၊ တင်သွင်းမှုမပြုခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း မှန်ကန်စွာယှဉ်ပြိုင်ခြင်း၊ အလုပ်သမားလုပ်တန်းစားအလွှာအသီးသီးအား ဥပဒေနှင့်အညီ လူမှုတာဝန်ကျေပွန်ခြင်း စသည့်အချက်များနှင့်ကိုက်ညီမှသာ ကျင့်ဝတ်နှင့်အညီ ကုန်သွယ်မှုပြုနေသော စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ဂုဏ်ယူနိုင်ကြမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ စီးပွားရေးကျင့်ဝတ်နှင့်အညီ ကုန်သွယ်မှုပြုကြမည့် လုပ်ငန်းရှင်များ ယခုထက် ပိုမိုပေါ်ထွန်းလာပြီး နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ပြည့်ပြည့်ဝဝရရှိကာ ပြည်သူ ပြည်သားတို့၏ လူနေမှုဘဝများ မြင့်မားလာကြပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ရကြောင်းပါ။ ။

> ‘ပြည်ပနိုင်ငံတစ်ခုခုနှင့် ကုန်သွယ်မှုဆောင်ရွက်တော့မည်ဆိုပါက လုပ်ငန်းရှင်တစ်ဦးအနေဖြင့် မိမိတို့နိုင်ငံအတွင်းမှ ထုတ်ပြန်ထားသော တည်ဆဲဥပဒေများ၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ၏ အမိန့်နှင့် ညွှန်ကြားချက်များကို ကြိုတင် ဖတ်ရှုလေ့လာထားရန် အထူးလိုအပ်လှပါသည်’

# ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒုတိယအကြိမ် ပြည်သူ့စကားဝိုင်း ကျင်းပ

**ပန်းတောင်း ဇွန် ၂၈**

ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက ဒန့်ဒလွန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ပြီး စိုက်ပျိုးသည့်နိုင်ငံ၊ ကုန်သွယ်သည့်နိုင်ငံများလည်း ရှိပါကြောင်း၊ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းသည့်အတွက် ခေတ်မီနည်းစနစ်များ သိရှိထားရန် လည်းကောင်း၊ ရဲမှူး ကျော်ဆန်းက ဒေသတစ်ခု ဖွံ့ဖြိုးရန်အတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ လိုအပ်ပါကြောင်း၊ လုံခြုံမှုမရှိဘဲ ဒေသဖွံ့ဖြိုးရန်မဖြစ်နိုင်ကြောင်းနှင့် ကျေးလက်ဒေသပူးပေါင်းပါဝင်ဆောင်ရွက်ရန် လည်းကောင်း၊ ဒေါက်တာ ပိုက်ထွေးက အခြေခံဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးများအကြောင်းကို လည်းကောင်း၊ စာရေးဆရာ ဦးလှကျော်(ပန်းတောင်း)က ခေတ်မီသည့် အတွေးအခေါ် ဗဟုသုတရှိရန် စာပေများကို လေ့လာဖတ်ရှုကြရန် လည်းကောင်း အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြကြောင်း သိရသည်။

**ပန်းတောင်း(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်တွင် ပြည်သူ့စကားဝိုင်း ကျင်းပ

**လယ်ဝေး ဇွန် ၂၈**

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို လယ်ဝေးမြို့နယ် အေလာကျေးရွာအုပ်စု ရန်ကင်းကျေးရွာတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦးတို့က အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရန်ကင်း၊ ထိန်အင်း၊ အင်တောသာ၊ အေလာ၊ ကြံခင်းစု၊ အေးချမ်းသာ၊ ရေလည်ကွေ့၊ ဇေယျသိမ်၊ ကွမ်းခြံ၊ ရေကာ စသည့်ကျေးရွာများမှ ဒေသခံပြည်သူများက မူလတန်းကျောင်းရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေမြောင်းများ ဖောက်လုပ်ခြင်း၊ လမ်းပြုပြင်ရေး၊ ကျေးလက်ဆေးပေးခန်းရရှိရေး၊ ပြောင်းရွှေ့ရွာ ခြောက်ရွာအတွက် ပိုင်ဆိုင်မှုဆောင်ရွက်ပေးရေး၊ KG ဆောင်နှင့် ကျောင်းခြံစည်းရိုးရရှိရေး၊ ရေခွန်ကောက်ခံခြင်း၊ ပုံစံ(၆၆)နှင့် မှတ်ပုံတင်များ ဆောင်ရွက်ပေးနိုင်ရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားကာ လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ရမည့်အချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)တွင် ICT Modern Classroom ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်း ICT Modern Classroom ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ICT နည်းပညာကို စိုက်ပျိုးရေးသိပ္ပံများ၏ သင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးခြင်းသည် ကျောင်းသား ကျောင်းသူများအတွက် ခေတ်မီနည်းပညာသစ်တစ်ခုကို ဖြည့်စွက်လေ့လာခွင့်ရရှိနိုင်ကြသဖြင့် လယ်ယာကဏ္ဍနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်လာနိုင်ကြမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများအပိုင်းကလည်း ဒေသတွင်းနှင့် နိုင်ငံတကာ၏ နည်းပညာသစ်များကို မျက်ခြည်မပြတ် လေ့လာပြီး သင်ကြားမှုအရည်အသွေး တိုးတက်သင်ကြားပေးနိုင်ရေး ဆောင်ရွက်ကြခြင်းဖြင့် ကျောင်းဆင်းမောင်မယ်များအား ကျွမ်းကျင်မှုရှိသော စွန့်ဦးတီထွင်သူ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးတိုးချဲ့ပညာပေးရေးကို စွမ်းစွမ်းတမံဆောင်ရွက်မည့်သူများအဖြစ် လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးသိပ္ပံကျောင်း(ပျဉ်းမနား)တွင် နယ်သာလန်နိုင်ငံမှ Netherland Initiative for Capacity Development in Higher Education(NICHE) ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်သော ICT Modern Classroom ကို ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ ညွှန်ကြားရေးမှူးနှင့် NICHE မှ ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ICT Modern Classroom အတွင်း လက်တွေ့သင်ကြားနေမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းသင်တန်းခန်းမများတွင် ဘာသာရပ်အလိုက် သင်ကြားပေးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နယ်ပယ်အသီးသီးမှ တာဝန်ယူဆောင်ရွက်လာကြမည့် အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များအဖြစ် အရည်အချင်း ပိုမိုပြည့်ဝစွာ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ စိုက်ပျိုးရေးသိပ္ပံများတွင် နယ်သာလန်နိုင်ငံမှ Netherland Initiative for Capacity Development in Higher Education (NICHE)၏ အထောက်အပံ့ဖြင့် Strengthening of Vocational Education and Training for Food Security Project (စိုက်ပျိုးရေးသိပ္ပံများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း)ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်အထိ စီမံကိန်းကာလ လေးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲမှ စိုက်ပျိုးရေးသိပ္ပံကျောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွင့်လှစ်၍ စိုက်ပျိုးရေးဆိုင်ရာ အတတ်ပညာများကို စာတွေ့ လက်တွေ့ကျွမ်းကျင်အောင်သင်ကြားပေးပြီး အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ်ရရှိသူ ၁၉၂၇၁ ဦးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရရှိသူ ၁၉၆၈၈ ဦးတို့ကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၆၂၉၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကိုရီးယားသံအမတ်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**
မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Sang-hwa သည် ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် အာဆီယံနှင့်ပူးပေါင်း၍ ကိုရီးယားသမ္မတနိုင်ငံမှ ပါဝင်ကူညီမှုများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်၊ UNHCR၊ UNDP အဖွဲ့တို့နှင့် မြန်မာနိုင်ငံအစိုးရမှ နားလည်မှုစာချွန်လွှာရေးထိုးနိုင်မှု၊ UEHRD စီမံကိန်းတွင် ကိုရီးယားသမ္မတနိုင်ငံမှ မြို့နယ်အချို့ရွေးချယ်၍ စိုက်ပျိုးရေးကဏ္ဍနှင့် အထည်ချုပ်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရေး၊ ကိုရီးယားနိုင်ငံမှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Manjurul Karim Khan Chowdhury နှင့် တွေ့ဆုံစဉ် UNHCR မှ ဘင်္ဂလားဒေ့ရှ်ရှိ နေရပ်စွန့်ခွာသူများအား Biometric data ရယူခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ နေရပ်ပြန်နိုင်ရေးအတွက် ပုံစံဖြည့်စွက်ရေးတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက ပြန်လည်နေရာချထားပေးခြင်းအပေါ် မြန်မာအစိုးရက ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် ပတ်သက်၍ မရှင်းလင်းသည့်အချက်များနှင့် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်တွင် မြန်မာအစိုးရဘက်မှ သတင်းအချက်အလက်များကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့စေလိုခြင်းနှင့် ၎င်းတို့မှ ပြန်လည်ဖြန့်ဝေပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**ဘားအံ ဇွန် ၂၈**
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ် ၄ ရပ်ကွက် သီရိလမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် အဆောက်အဦဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမျိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးရုံး အဆောက်အအုံဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ရုံးအဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ဓာတ်ပုံများနှင့် ရုံးခန်းအားလှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းတို့က အဖွင့်အမှာစကား အသီးသီးပြောကြားကြပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရုံးအဆောက်အအုံသစ်ဆောက်လုပ်မှုကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ် ဦးမျိုးမြင့်က အဆောက်အအုံဆောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုံးအဆောက်အအုံသစ်ဖွင့်ပွဲတွင် လာရောက်ကပြဖျော်ဖြေသော တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ် သုံးသိန်းစီကို ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အင်ဂျင်နီယာချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါရုံးအဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၈၇ ဒသမ ၁ သန်းဖြင့် ခြံစည်းရိုး၊ ဝင်/ထွက်လမ်း၊ ရေ၊ မီးပါ ပေ (၈၀×၆၀×၂၄)အာရ်စီ နှစ်ထပ်အဆောက်အအုံအမျိုးအစားကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ ၁၃ က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအဆောက်အအုံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တတိယမြောက် အဆောက်အအုံလည်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

**စစ်တွေ ဇွန် ၂၈**
အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)ဥက္ကဋ္ဌ Mr. Peter Maurer နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အစိုးရအဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မောင်တောဒေသပဋိပက္ခဖြစ်စဉ်ဖြစ်ပွားပြီး ဒေသလိုအပ်ချက်များကို ICRC အပါအဝင် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းပြီး Red Cross Movement အစီအစဉ်ဖြင့်ဆောင်ရွက်နေမှု၊ ICRC ဥက္ကဋ္ဌအနေဖြင့် ရခိုင်ပြည်နယ်အတွင်း အကူအညီများ တိုးမြှင့်လုပ်ဆောင်ရန် မောင်တောဒေသသို့ ကွင်းဆင်းပြီး ရပ်ရွာလူထု အသိုင်းအဝိုင်းအားလုံးနှင့် တွေ့ဆုံဆောင်ရွက်မှု၊ ICRC ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးမှု၊ နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ပြန်လည်လက်ခံရေး၊ စိစစ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို UEHRD အစီအစဉ်ဖြင့် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အကျဉ်းထောင်အသီးသီးကို လိုက်လံစိစစ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) ဥက္ကဋ္ဌသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်ကြသည့် ရပ်ရွာလူထုအသိုင်းအဝိုင်းများနှင့် တွေ့ဆုံကူညီဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် အစိုးရကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံ၍ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

"လူတွေရဲ့အဖြစ်အပျက်တွေကို ကြားသိလိုက်ရတာ ကျွန်တော် အတော်စိတ်မကောင်းဖြစ်မိပါတယ်။ လူပေါင်းများစွာ နေရပ်စွန့်ခွာခဲ့တဲ့ အကြမ်းဖက်မှုဖြစ်စဉ်တွေအပြီး နောက်ပိုင်း အရေးပေါ်အကူအညီတွေ လိုအပ်နေဆဲဖြစ်ပါတယ်" ဟု ICRC ဥက္ကဋ္ဌ Mr. Peter Maurer က ပြောကြားသည်။

ထို့အပြင် "အကြမ်းဖက်မှုတွေရဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ အကျိုးဆက်တွေဟာ ရပ်ရွာလူထုရဲ့ လူနေမှုဘဝနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ အဘက်ဘက်က ထိခိုက်မှုတွေရှိခဲ့တယ်ဆိုတာကို နားလည်ကြဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့သွားရောက်ခဲ့တဲ့ ငါးခူရ လိုမျိုး ကျေးရွာတစ်ရွာမှာ လူဦးရေလေးပုံတစ်ပုံသာ ကျန်ရှိတော့တဲ့အခါ စီးပွားရေးလုပ်ကိုင်ကြတဲ့ ဈေးတွေက အလုပ်မဖြစ်တော့ဘူး။ ယေဘုယျလုံခြုံရေးအခြေအနေကလည်း ခက်ခဲပါတယ်။ လူတွေက လယ်ယာလုပ်ကိုင်ဖို့ လယ်ကွင်းတွေထဲ မသွားကြတော့ပါဘူး။ ဈေးတွေကိုလည်း မသွားကြတော့ဘူး။ သူတို့ဟာ ကြံ့ကြံ့ခံနိုင်စွမ်းမရှိကြဘဲ ကူညီထောက်ပံ့မှုတွေကိုပဲ အားကိုးနေကြဆဲပါ" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ICRC ဥက္ကဋ္ဌသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဘူးသီးတောင်မြို့နယ်ရှိ ကြက်ခြေနီ ရွှေ့လျားဆေးပေးခန်းတစ်ခုနှင့် မောင်တောမြို့နယ်ရှိ အစားအစာပေးဝေသည့် နေရာတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ထို့အပြင် ICRC ဥက္ကဋ္ဌသည် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံပြီး ရပ်ရွာလူထု အသိုင်းအဝိုင်းများမှ ရပ်မိရပ်ဖများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌ Mr.Peter Maurer နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**အောင်သူရ(သတင်းစဉ်)**



# ကရင်ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဘားအံ ဇွန် ၂၈**
ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများ၏ (၂/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဇွန် ၂၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဆဋ္ဌမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းညွှန်ကြားသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းမင်းက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာများနှင့် သီးခြားမြေယာတိုင်ကြားစာများအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ပေးပို့သည့် မြေယာတိုင်ကြားစာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များက ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အဆင့်ဆင့်သော ကော်မတီဝင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြကြရန် မှာကြားပြီး ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကရင်ပြည်နယ်အတွင်း မြေယာတိုင်ကြားစာအရေအတွက် အမှုတွဲပေါင်း ၁၈၈ မှုတွင် ၇၉ မှု ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကာ အမှုတွဲပေါင်း ၁၀၉ မှု ဖြေရှင်းဆောင်ရွက်ရန်ကျန်ရှိကြောင်း၊ ဝန်ကြီးဌာနများမှ ပြန်လည်စွန့်လွှတ်မြေ အမှုတွဲ ၁၉ မှုတွင် စွန့်လွှတ်သည့် ဧရိယာ ၁၂၄၃ ဒသမ ၅၆၀ ဧက ရှိကြောင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများက မူလပိုင်ရှင်နှင့် သက်ဆိုင်သူများထံ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြဝတီဘဏ်(သန်လျင်)ဘဏ်ခွဲဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**
မြဝတီဘဏ်လီမိတက်၏ (၅၉) ဘဏ်မြောက် မြဝတီဘဏ်(သန်လျင်) ဘဏ်ခွဲဖွင့်ပွဲကို ဇွန် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မြို့မ(မြောက်)ရပ်ကွက် လမ်းမတော်လမ်းရှိ အဆိုပါဘဏ်ခွဲ၌ ကျင်းပရာ ရှေးဦးစွာ တပ်နယ်မှူး/ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ဌေးနိုင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အကြံပေး ဦးသန်းထွန်း၊ ဝန်ဆောင်မှုလုပ်ငန်းများဌာနကြီးမှူး ဦးအောင်ရဲဝင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ခေတ္တဌာနကြီးမှူး ဦးလှစိန်နှင့် မြဝတီဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်တို့က မြဝတီဘဏ်(သန်လျင်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ဘဏ်ခွဲကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

မြဝတီဘဏ်(သန်လျင်) ဘဏ်ခွဲမှ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှုအပ်ငွေများ၊ ATM ကတ်စာရင်း အပ်ငွေများလက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သော ရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သော မြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ ချေးငွေများထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန် ငွေလွှဲပေးပို့နိုင်ခြင်းများအပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြေသားလမ်း ဖောက်လုပ်ရန်အတွက် ကွင်းဆင်းကြည့်ရှု

**ဆီဆိုင် ဇွန် ၂၈** - ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာမှု အဆင်ပြေစေရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စုရှိ ကုန်းသာ(ရှေ့)-ကုန်းသာ(နောက်)-နောင်ပီ/လုံစံ မြေသားလမ်း ၃/၀ မိုင်နှင့် သံကူကွန်ကရစ်တံတား ငါးပေ နှစ်စင်းပြုလုပ်ရန်အတွက် ရွှေမိုးထက်ယံကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဦး ဦးဆောင်သောအဖွဲ့ဝင်တို့က ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# လူငယ်များပြောစကား ဦးစွာနားထောင်ပါ



ဒီနှစ်ရဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ကတော့ Listen First ဖြစ်ပါတယ်။ နိုင်ငံတိုင်း၊ မြို့ရွာတိုင်း၊ အဖွဲ့အစည်းတိုင်း၊ မိသားစုတိုင်းဟာ ကိုယ့်ဝန်းကျင်၊ ကိုယ့်အနီးအနားက ကလေးသူငယ်တွေရဲ့ ခံစားချက်တွေကို နားထောင်ကြဖို့ လိုအပ်နေတယ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာလည်း ဖြစ်ပါတယ်။

**ဘာကြောင့် ဦးစွာနားထောင်သင့်လဲ**

နိုင်ငံအတော်များများက မိဘ၊ ဆရာတွေနဲ့ ဦးဆောင်သူတွေဟာ တိုးတက်မှုအတွက်၊ မြင့်မားလာတဲ့ လူနေမှုဘဝတွေအတွက် တိုးတက်ရာတိုးတက်ကြောင်းကို ရှေးရှုနေကြပါတယ်။ အဲဒီလို ကြိုးပမ်းတာတွေကြောင့် လူမှုစီးပွားဘဝတွေ မြင့်မားလာမှာမှန်ပေမယ့် တစ်ဖက်မှာ မိမိတို့ရဲ့ ရင်သွေးတွေ၊ အနာဂတ်ကြယ်ပွင့်လေးတွေရဲ့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဖို့ အားနည်းလာကြတာမို့ အရွယ်မတိုင်မီ လမ်းမှားကို ရောက်သွားတဲ့ ကလေးတွေ တစ်စတစ်စ ပိုပြီးများလာခဲ့တာ ၂၀၁၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ မူးယစ်ဆေးသုံးတဲ့အတွက် အရွယ်မတိုင်မီမှာပဲ သေဆုံးသွားခဲ့ရသူ နှစ်သိန်းနီးပါးရှိနေတယ်လို့ သိရပါတယ်။

"သင်သည် သင့်ကလေးပြောသမျှကို အချိန်ယူ၍ နားထောင်ရန် အရေးကြီးလှပါသည်။ သင့်ကလေးက သင့်ကို စကားပြောရန် အချိန်တောင်းလာသောအခါ သင်သည် သူ့ကို သီးသန့်ပေးရန် ကြိုးစားရမည်။ မငြင်းပယ်မိပါစေနှင့်။ ခဏလေးပါ၊ ပြီးမှပြောဆိုသည့် အသုံးအနှုန်းမျိုး မပေးမိပါစေနှင့်။ သူပြောဆိုနေချိန်တွင် မေတ္တာ၊ ကရုဏာစိတ်ဖြင့် စိတ်ဝင်တစားအာရုံစိုက်ကာ အချိန်ပေး၊ ဂရုစိုက်ပေးပါ။ ကလေးများသည် သင် စိတ်ဝင်စားသလား၊ ဟန်ဆောင်နေသလားဆိုသည်ကို ကောင်းစွာရိပ်မိတတ်ကြသည်" လို့ သားသမီးများကို မူးယစ်ဆေးဝါးနှင့် ကင်းဝေးအောင်ပြုစုစောင့်ရှောက်နည်းစာအုပ်မှာ ဖော်ပြထားပါတယ်။

လူငယ်တွေအတွက် အသိပညာတွေ၊ အကြံဉာဏ်တွေ ဘယ်လိုအရာမျိုးမှမပေးခင်မှာ ကလေးတွေပြောသမျှ အချိန်ယူပြီး နားထောင်ဖို့က အရေးကြီးပါတယ်။ သူတို့က မပြောရင်တောင် စကားစပြောဖို့ အားပေးရာမှာ ကန့်သတ်မထားတဲ့ လွတ်လပ်တဲ့မေးခွန်းမျိုးတွေကနေ စသင့်ပါတယ်။ ဥပမာပြောရရင် သားဒီနေ့ကျောင်းမှာ ဘာလုပ်ခဲ့သလဲလို့ မေးသင့်သလို သားကျောင်းမှာ အဆင်ပြေလားဆိုတဲ့ အပိတ်မေးခွန်းမျိုးတွေကိုလည်း ရှောင်သင့်ပါတယ်။ ကလေးတွေဟာ အပိတ်မေးခွန်းတွေအတွက် ဟုတ်ကဲ့ဆိုတာမျိုးလောက်သာ ပြန်ဖြေကြမှာပါပဲ။ ဒါကြောင့် သူတို့ကို စကားများများ ပြောနိုင်အောင်၊ ကိုယ့်ကိုယ်ကိုယ်လည်း နားထောင်တတ်တဲ့သူတွေဖြစ်အောင် လေ့ကျင့်ကြဖို့ လိုပါတယ်။

များပြားလှတဲ့ လူ့ဘောင်ကိစ္စရပ်တွေအကြားမှာ ကလေးတွေအတွက် သီးသန့်အချိန်ပေးဖို့ဆိုတာ အတော်လေးခက်ခဲပါတယ်။ ဒါပေမယ့် သီးသန့်ပေးလိုက်တဲ့အတွက် ရလာတဲ့အကျိုးဆက်ကတော့ လိမ္မာယဉ်ကျေးတဲ့ ကလေးတွေဖြစ်လာမယ်၊ မူးယစ်ဆေးဝါးအန္တရာယ်အတွက် အသိပညာပေးနိုင်မယ်၊ ကလေးတွေရဲ့ စိတ်ဓာတ်ခွန်အား မြင့်မားလာမယ်၊ စာရိတ္တပိုင်းဆိုင်ရာ မြင့်မားလာမှာပါ။ ဒါကြောင့် ကလေးနဲ့အတူ လမ်းလျှောက်ထွက်တာ၊ မုန့်သွားဝယ်ကျွေးတာ၊ တီဗွီအတူကြည့်တာမျိုးတွေ လုပ်ရင်းနဲ့ နေ့စဉ်တိုင်း၊ ဒါမှမဟုတ် အပတ်စဉ်တိုင်း ရင်းနှီးမှုတည်ဆောက်ပြီး ကြည်နူးစရာအချိန်တွေမှာ သူတို့ပြောသမျှ အရင်ဆုံး နားထောင်ပေးလိုက်သင့်ပါတယ်။

**နားထောင်ပြီးရင် ပြန်ပြောရန်အလှည့်ကျပြီ**

နားထောင်ပြီးတဲ့အခါ ကလေးတွေကို ဘယ်လိုတုံ့ပြန်မလဲဆိုတာ အလွန်အရေးကြီးပါတယ်။ မိဘတိုင်း၊ ဆရာတိုင်း၊ အကြီးအကဲတိုင်းဟာ ဒီအချိန်မှာ သိမ်မွေ့လွန်းတဲ့ ခက်ခဲနက်နဲတဲ့ အခြေအနေလည်း ဖြစ်ပါတယ်။ "ကလေးတွေကို စာသင်ရတာလွယ်တယ်။ သူတို့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ စည်းကမ်းပိုင်းဆိုင်ရာ သင်ရတာ ပိုပြီးပညာပါတယ်။ သတိထားရတယ်။ ဒေါသစကားမျိုး၊ ခြိမ်းခြောက်တာမျိုးပြောတဲ့အခါ ကလေးတွေဟာ ပိုပြီး သွေဖည်တတ်တယ်။ ဒါကြောင့် သူတို့ကိုယ်တိုင် လိုလိုလားလား လက်ခံနိုင်မယ့်ပုံစံကို ပြောပေးရတယ်"လို့ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဂျော်ထက်ဒိုးက ဆိုထားပါတယ်။

စွဲတတ်စေသော ဆေးဝါးများသုတေသနအဖွဲ့ရဲ့ သုတေသနတွေ့ရှိချက်တွေအရ မိဘတွေဟာ ကလေးတွေကို မူးယစ်ဆေးဝါးအန္တရာယ်ကနေ ကာကွယ်မှုပေးလေ့မရှိဘူးလို့ သိရပါတယ်။ ကလေးတွေကို မူးယစ်ဆေးဝါးရဲ့ အန္တရာယ်အကြောင်း ပြောဆိုသင်ကြားတာမျိုးလည်း မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒါဟာ မိမိ မိသားစု၊ မိမိဒေသ၊ မိမိနိုင်ငံကိုပါ ဂရုမစိုက်ရာရောက်ပါတယ်။ ဒါကြောင့် မိဘတွေဟာ မူးယစ်ဆေးဝါးကို လုံးဝမသုံးရဘူးဆိုတဲ့ စည်းကမ်းချက်ကို ပြတ်ပြတ်သားသား တိတိကျကျ ပြောဆိုချမှတ်ထားဖို့ လိုအပ်တယ်လို့ သိရပါတယ်။ ဒါမှသာ ကလေးတွေဟာ သူတို့ရဲ့ သက်တူရွယ်တူ ကလေးတွေက ဖိအားပေးပြီး မူးယစ်ဆေးသုံးခိုင်းတာကို တန်ပြန်နိုင်၊ ရှောင်လွှဲနိုင်မှာ ဖြစ်ပါတယ်။

**မူးယစ်ဆေးဝါးသုံးစွဲမှုကို ကာကွယ်ပြီးဖြစ်**

"သားကိုချစ်တယ်၊ သားဘဝကို အကောင်းဆုံးတွေပဲဖြစ်စေချင်တယ်၊ ဒါကြောင့် ဆေးခြောက်၊ အရက်နဲ့ ဘယ်မူးယစ်ဆေးကိုမှ သုံးခွင့်မပြုနိုင်ဘူး" ဆိုတဲ့ စကားမျိုးတွေဟာ ကလေးတွေအတွက် မကြာခဏ နားယဉ်အောင် ပြောသင့်တဲ့ စကားမျိုးဖြစ်တယ်လို့ မူးယစ်ဆေးကာကွယ်ရေးပညာရှင်တွေက မိဘတွေကို ရည်ရွယ်အကြံပြုထားကြတယ်လို့ UNAIDS ရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။ ကျောင်းသားလူငယ်တွေကို ဘာသာရေးအသင်းအဖွဲ့တွေ၊ ယဉ်ကျေးမှုအသင်းအဖွဲ့တွေ၊ အားကစားအသင်းအဖွဲ့တွေထဲမှာ ဝင်ရောက်ပါဝင်စေတာကလည်း မူးယစ်ဆေးဝါးသုံးစွဲမှုကို ကာကွယ်ပြီးသားဖြစ်တယ်လို့ စိတ်ပညာရှင်တွေက ဆိုပါတယ်။ အဲဒီလိုအရာတွေကလည်း သူတို့ကို အန္တရာယ်ရှိတဲ့ အခြေအနေကို ရောက်မသွားအောင် ကာကွယ်ပေးပါလိမ့်မယ်။

**ကလေးအချင်းချင်းဖိအားတွေကို ရှောင်ရှားပါ**

ကလေးသူငယ်တွေကို အန္တရာယ်ရှိတဲ့ အခြေအနေကနေ ရုန်းထွက်နိုင်အောင်ကူညီပေးဖို့က အားလုံးမှာ တာဝန်ရှိပါတယ်။ ကလေးတစ်ယောက်ဟာ သူ့သူငယ်ချင်း၊ ဒါမှမဟုတ် သူအထင်ကြီးလေးစားတဲ့ တခြားသော ကလေးသူငယ်က မူးယစ်ဆေးဝါး တစ်မျိုးမျိုးကို သုံးဖို့အတွက် ဖိအားပေးလာတဲ့အခါ ကာကွယ်တတ်ဖို့အတွက် မိဘ၊ ဆရာ၊ ရပ်ရွာအကြီးအကဲ၊ အဖွဲ့အစည်းအကြီးအကဲတွေက ကြိုပြီးစဉ်းစားပေးကြဖို့ လိုပါတယ်။ ဥပမာပြောရရင် "ငါ့အဖေက ငါ့ကို သတ်လိမ့်မယ်"၊ "လာနှောက်နေတာလား၊ ငါဒီလောက် မိုက်တဲ့အလုပ် မလုပ်ဘူး"၊ "ဒါတွေ သုံးတာသိရင် ငါ့ကို အသင်းကနေ ပယ်ထုတ်လိုက်လိမ့်မယ်"နဲ့ "ကျေးဇူးပါပဲကွာ၊ ငါကတော့ အဲဒါမလုပ်ဘူး" စသည်ဖြင့် ငြင်းဆိုတတ်စေဖို့ ကြိုတင်သင်ကြားထားသင့်တယ်လို့လည်း စွဲလမ်းစေသော ဆေးဝါးများသုတေသနအဖွဲ့ SARA က အကြံပြုထားပါတယ်။

**ခင်ရတနာ**






# ကျောင်းအဆင့်တိုးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**ထီးချိုင့် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် လေသာရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်၊ ကသာခရိုင်ပညာရေးမှူး ဦးသန်းလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်သိန်းတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အလယ်တန်းကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပေးသည်။

ထို့နောက် ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ ခရိုင်ပညာရေးမှူး ဦးသန်းလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘဝင်းတို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဖြိုးဝေစိုးက ကျောင်းအခြေအနေများကို ရှင်းလင်းတင်ပြကာ မီးအိမ်ရှင်စာကြည့်တိုက်အဖွဲ့မှ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ဆက်လက်၍ ကျောင်းအဆင့်တိုးမြှင့်ခြင်းအထိမ်းအမှတ် အလံငယ်များကို ဧည့်သည်တော်များအား တာဝန်ရှိသူများက ပေးအပ်သည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်သိန်းက ကျေးဇူးတင်စကားပြောကြားကာ ကျောင်းသား ကျောင်းသူများက အဆိုအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါလေသာကျေးရွာတွင် အိမ်ထောင်စု ၃၀၄ စုရှိရာ ကျောင်းတွင် ဆရာ ဆရာမ ၁၁ ဦး၊ ကျောင်းသား ကျောင်းသူ ၁၅၀ ရှိကြောင်းနှင့် ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအပြင် ပတ်ဝန်းကျင်ကျေးရွာ ခြောက် ရွာမှ ကျောင်းသား ကျောင်းသူများပါ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် မြန်မာစာဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

**၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။**

**ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။**

**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

**---- ခုနှစ်** | **နမူနာမေးခွန်း**

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**မြန်မာစာ** | **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **တစ်ခု** အကြောင်းကိုဖော်ပြပါ။ **(၅မှတ်)**
မူရင်းအရေးအသား၊ နငယ်ပြောင်းလဲပုံ၊ နာမ်ပစ္စည်း(၅)မျိုး။

(ခ) အောက်ပါတို့မှ **ငါးခု** ကို ရွေးချယ်၍ ပုဒ်အထားအသိုမှန်ကန်အောင် ဝါကျပြန်ရေးပါ။ **(၁၀မှတ်)**
(၁) ကြောင်အိမ်ထဲက အစ်ကိုကြီးအား ငါးကြော်တစ်ကောင် ပေးလိုက်ပါ။
(၂) မလှသည် မနေ့က ပေါင်မုန့်ကို စားသည်။
(၃) မောင်မောင်သည် လှေပေါ်က ဗေဒါပင်ကို ခူးသည်။
(၄) ပေ ၂၀၀ ရှည်သော ကလေးများရေကူးရန် ကန်ကို တူးနေသည်။
(၅) မမသည် အပ်ချည်နှင့် ခရေပွင့်များကို သီသည်။
(၆) အိမ်တွင် ရန်မဖြစ်ရန် အမေက ဆုံးမသည်။
(၇) ဒိုင်လူကြီးက ကြမ်းတမ်းစွာကစားသဖြင့် ကျောနံပါတ် ၄ ကို အနီကတ်ပြလိုက်သည်။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **ငါးခု** ၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ **(၅မှတ်)**
စာဂ၊ ကျိုင်း၊ သောက၊ ရက်ချုပ်၊ သရစ်၊ ရယ်ခိုး၊ ပြောက်။

(ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ **(၅မှတ်)**
ပလုတ်ကျင်း-ပါးလုပ်ကျင်း၊ စိုပြေ-စိုပြည်၊ ပုရစ်-ပရစ်၊ သိမ်ဖြင်း-သိမ်ဖျင်း၊ ပင်ကိုယ်နာမ်-ပင်ကိုနာမ်။

(ဂ) အောက်ပါတို့အနက် **ငါးခု**ကို အလင်္ကာငါးမျိုးမှ မည်သည့်အလင်္ကာဖြစ်ကြောင်း ဖော်ပြပါ။ သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့အသုံးပြုထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။ **(၁၀မှတ်)**
ခံတွင်းမဲ့သို့၊ မြင်စိုင်းရွှေမြေ၊ ရွှေကွန်ရက်နှင့်တူ၊ ဘဝပါရဂူ၊ နောင်နောင်၊ ရတနာချဉ်ပေါင်၊ လည်ချောင်းကိုမြေလှန်။

၃။ (က) အောက်ပါတို့မှ **ငါးခု**ကို ဖြေပါ။ **(၅မှတ်)**
(၁) "တောင်လေရှူန်းရှူန်း၊ မိုးခတ်အုန်း၊ ကင်ပုန်းပွင့်ချီချယ်" ၏ ဆိုလိုရင်းကို ရေးပါ။
(၂) စစ်မှာတစ်မူသည် မည်သည့်ကဗျာအမျိုးအစား ဖြစ်သနည်း။
(၃) တပေါင်းညာကျင်ကဗျာကို မည်သည့်ကဗျာမှ ထုတ်နုတ်ထားသနည်း။
(၄) ညည်းချင်းသည် မည်သည့်ကဗျာမျိုးဖြစ်သနည်း။
(၅) ဒိုးသည် မည်သည့်အသံမှ ပြောင်းလာသနည်း။
(၆) "မုရိုးဖြူ ဆံခွေထုံးမှာကုံးပန်လို့ခြားခြား" ၏ ဆိုလိုရင်းကို ရေးပါ။
(၇) ကဗျာစာဆို နောင်၏ အမည်ရင်းကိုဖော်ပြပါ။

(ခ) နွေဦးကာလမြူထသောခါကဗျာမှ ထန်းတက်သမားမိသားစုဘဝကို ပေါ်လွင်အောင်ရေးပါ။ **(၁၀မှတ်)**

**(သို့မဟုတ်)**

ဌာနီပြည်ကြီးကဝေးသနင့်ကဗျာတွင် တစ်ကိုယ်တည်းလွမ်းဆွေးရပုံကို စာဆိုက မည်သို့ သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၄။ (က) အောက်ပါတို့မှ **ငါးခု** ကိုဖြေပါ။ **(၅မှတ်)**
(၁) သိယ်သူ့သမီးသည် မည်သူ၏မြေးဖြစ်သနည်း။
(၂) စီးချင်းတိုက်ပွဲ စကားပြေကို မည်သူ ရေးသနည်း။
(၃) "ငါမအိုသေး" ဟု မိန့်ဆိုခဲ့သူမှာ မည်သူနည်း။
(၄) မိခင်သောက စကားပြေကို မည်သည့်ဇာတ်တော်မှ ထုတ်နုတ်ထားသနည်း။
(၅) မဟာဆွေသည် ဟာသဝတ္ထုများကို မည်သည့်ကလောင်အမည်ဖြင့် ရေးသနည်း။
(၆) သူရိယကန္တိ၏ စာပေဗိမာန်ဆုရ စာအုပ်အမည်ကို ဖော်ပြပါ။
(၇) ပန်းပဲပညာရပ်သည် မည်သို့သော ပညာရပ်ဖြစ်သနည်း။

(ခ) မိဖုရားဖွားစော၏ စိတ်နေသဘောထားကို ပေါ်လွင်အောင်တင်ပြပါ။ **(၁၀မှတ်)**

**(သို့မဟုတ်)**

နေဝင်မြင်သည် ဝရွှေပြည် စကားပြေတွင် စာဆိုက မည်သို့ သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ **(၅မှတ်)**
"ပေ့ါပေ့ါတန်တန်၊ ဟင်းရွက်ကန်စွန်း၊ သရေနွမ်းအောင်၊ တလတွန်းကြံတယ်လို့၊ ဟန်ပန်ရနိုင်ပ့ါမလား။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ **တစ်ခု** ကို ဖြေဆိုပါ။ **(၁၀မှတ်)**
(၁) ဥဒယမင်းကြီးအား အိမ်ရှေ့မင်းလုပ်ကြံရန် ကြံစည်ပုံ
(၂) ရေသည်ပြဇာတ်တွင် ဇာတ်ကွက်များကို အချိတ်အဆက်မိအောင် ဖန်တီးပုံ

၆။ (က) အောက်ပါတို့အနက် **တစ်ခု**ကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ **(၁၀မှတ်)**
(၁) **ပျော်ရွှင်ဖွယ်ရာဖြစ်ရပ်တစ်ခု**
ဖြစ်ရပ်၏ အကြောင်းခံ၊ ဖြစ်ရပ်၏အချိန်၊ ဖြစ်ရပ်နေရာ၊ ဖြစ်ရပ်၏ပျော်ရွှင်ဖွယ်ကောင်းပုံ၊ ဤဖြစ်ရပ်နှင့် ဆက်စပ်သောအတွေးများ။
(၂) **အလိမ္မာစာမှာရှိ**
ဆိုလိုရင်းအဓိပ္ပာယ်၊ စာဖတ်ခြင်းကြောင့် အသိအလိမ္မာတိုးနိုင်ပုံ၊ စာဖတ်ခြင်း၏အကျိုးစာတွေ့သာဓက၊ စာဖတ်ခြင်း၏အကျိုးကိုယ်တွေ့သာဓက၊ မိမိအတွေးအမြင်။

(ခ) အောက်ပါအဆိုများအနက် **တစ်ခု**ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ **(၁၀မှတ်)**
(၁) သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည်။
(၂) အားကစားပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတွင် ပြုလုပ်သည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က "အဓိကကတော့ လူမှုကာကွယ်စောင့်ရှောက်ရေးမှာ လုပ်ငန်းကြီးရှစ်ရပ်မှာပါတဲ့ အသက် ၉၀ နဲ့အထက် ဘိုးဘွားတွေကို လူမှုရေးပင်စင် ထောက်ပံ့တာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့က ၈၅ နှစ်နဲ့အထက်ကို ထောက်ပံ့ပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ လွှတ်တော်ကနေ အတည်ပြုပေးခဲ့မယ်ဆိုရင် (၈၅)နှစ်နဲ့အထက် ဘိုးဘွားတွေကိုပါ နောက်ပိုင်းထောက်ပံ့ပေးလာနိုင်တော့မှာပါ"ဟု ပြောသည်။

ယနေ့အခမ်းအနားတွင် အသက် ၉၀ အရွယ်ရှိ စမ်းချောင်းမြို့နယ်မှ အဘိုး ကန်ရင်လျောင်(ခ) ဦးငွေလွန်းအား ယခုနှစ်ပထမအစ သုံးလပတ် (ဧပြီ၊ မေ၊ ဇွန်) အတွက် ငွေကျပ်သုံးသောင်းနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးရှိ အသက် ၉၀ နှင့်အထက် အဘိုး အဘွား ၅၅၉၈ ဦးအား ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင် ထောက်ပံ့ခြင်းကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအသက် ၉၀ နှင့် အထက် သက်ကြီးဘိုးဘွား ၂၀၇၈၁ ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ သိရသည်။ **သီသီမင်း**




## ထန်တလန်မြို့၌ ပထမဆုံးအကြိမ် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ထန်တလန် ဇွန် ၂၈**

ချင်းပြည်နယ် ထန်တလန်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး(TSDP)အစီအစဉ်ဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပထမဆုံးအကြိမ် အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက ထန်တလန်မြို့ လာလွဲလ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲအား ယနေ့နံနက် ၆ နာရီတွင် လာလွဲလ်အားကစားကွင်းရှေ့မှ စတင်တာလွှတ်ပြီး ဗိုလ်ချုပ်လမ်းတစ်လျှောက် မြို့ပြင်လိုင်းပေါင်းလုံဂိတ်အထိ၊ ထိုမှတစ်ဆင့် လာရာလမ်းအတိုင်းပြန်လှည့်ကာ လာလွဲလ်အားကစားကွင်းရှေ့အထိ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ အားကစားသမားများ ပျော်ပျော်ပါးပါး ပန်းဝင်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသား၊ အမျိုးသမီးမီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများနှင့် နှစ်သိမ့်ဆုရရှိသည့် ပြိုင်ပွဲဝင်အားကစားသမား ခုနစ်ဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရုရှားနှင့် အမေရိကန်ခေါင်းဆောင်တို့ ထိပ်သီးဆွေးနွေးပွဲကျင်းပရန် သဘောတူ

**မော်စကို ဇွန် ၂၈**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အမေရိကန်၏ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်နှင့် ဇွန် ၂၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့ရာတွင် သမ္မတ ဒေါ်နယ်ထရန့်နှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပရန် သဘောတူညီခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် တင်းမာမှုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း သမ္မတ ပူတင်က သမ္မတ ထရန့်၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

သမ္မတပူတင်သည် အမေရိကန်အထူးသံတမန် ဂျွန်ဘော်လ်တန်အား မော်စကိုတွင် လက်ခံတွေ့ဆုံခဲ့သည်။ ဘော်လ်တန်အား ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဆီးရီးယား ပြည်တွင်းစစ်၊ ခရိုင်းမီးယားဒေသကို ရုရှားက ယင်း၏ပိုင်နက်နယ်မြေအတွင်းသို့ ထည့်သွင်းခဲ့မှု၊ ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ရုရှားက စစ်ရေးအရ ပါဝင်ပတ်သက်ခဲ့မှု၊ အမေရိကန်ရွေးကောက်ပွဲတွင် ရုရှားက ပါဝင်ပတ်သက်ခဲ့သည်ဆိုသော စွပ်စွဲမှု စသည့်ရေးရာများနှင့်ပတ်သက်၍ အမေရိကန်နှင့် ရုရှားဆက်ဆံရေးမှာ တင်းမာမှုများဖြစ်ပေါ်ခဲ့ရသည်။

သမ္မတ ပူတင်နှင့် သမ္မတထရန့်တို့၏ ပထမဆုံးအကြိမ် ထိပ်သီးဆွေးနွေးပွဲကို နှစ်ဦးနှစ်ဖက်တက်ရောက်ရန် အဆင်ပြေမည့် တတိယနိုင်ငံတစ်နိုင်ငံ၌ ပြုလုပ်ရန် သဘောတူညီခဲ့ကြောင်း၊ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်မည့် နေရာနှင့် အချိန်တို့နှင့်ပတ်သက်၍ ဇွန် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သမ္မတ ပူတင်၏ နိုင်ငံခြားရေးမူဝါဒအကြံပေးပုဂ္ဂိုလ်က ပြောကြားသည်။

မိမိတက်ရောက်ရန် စီစဉ်ထားသော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကို ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းညီလာခံအပြီး သမ္မတ ပူတင်နှင့် တွေ့ဆုံဆွေးနွေးနိုင်ဖွယ်ရှိသည်ဟု ဝါရှင်တန်တွင် သမ္မတ ထရန့်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်-တရုတ် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအရေး ဆွေးနွေး

**ပေကျင်း ဇွန် ၂၈**

ပထမဆုံးအကြိမ်အဖြစ် သွားရောက်သော အာရှခရီးစဉ်အတွင်း တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။


အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးသမိုင်းသစ်တစ်ခု ထူထောင်နေချိန်ဖြစ်သည့် ယခုအချိန်သည် တရုတ်နိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် အလွန်ပင်အရေးကြီးပါကြောင်း ဝန်ကြီးမက်တစ်က ကနဦးပြောကြားခဲ့သည်။

နှစ်နိုင်ငံတပ်ဖွဲ့များအနေဖြင့် အပြန်အလှန် ယုံကြည်မှုရရှိရန် ကြိုးပမ်းရန်လိုအပ်ပါကြောင်း သမ္မတ ရှီကျင့်ဖျင်၏ ပြောကြားချက်ကို တရုတ်နိုင်ငံပိုင်မီဒီယာက ကိုးကားကာ သတင်းထုတ်ပြန်သည်။

ယခုအချိန်သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများ မြင့်တက်လျက်ရှိသည်။ အမေရိကန်က တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်အတွင်း ကာကွယ်ရေးအင်အားမြှင့်တင်မှုကို ရှုတ်ချလျက်ရှိခဲ့သည်။ သို့သော် ဝန်ကြီးမက်တစ်က တရုတ်နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် တိုက်ရိုက်ရှုတ်ချမှုများကို မည်သည့်အခါမျှ ပြောကြားလေ့မရှိပေ။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ကင်းစင်ရန် ဝိုင်းဝန်းတိုက်တွန်းကြရာတွင် တရုတ်နိုင်ငံအနေဖြင့် ပြုယမ်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဆက်လက်အကောင်အထည်ဖော်ပေးပါရန် ဝန်ကြီးမက်တစ်က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးမက်တစ်သည် တောင်ကိုရီးယားနိုင်ငံသို့ မြောက်ကိုရီးယားအရေးဆွေးနွေးရန် ဇွန် ၂၉ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**





# ဗီယက်နမ်မြောက်ပိုင်း၌ ရေလွှမ်းမိုး၍ သေဆုံးသူ ၂၂ ဦးအထိ တိုးလာ

**ဟန်နွိုင်း ဇွန် ၂၈**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ တောင်ကုန်းတောင်တန်းထူထပ်သော ပြည်နယ်များ၌ ယခုရက်သတ္တပတ်ကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၂၂ ဦးထက်မနည်း သေဆုံးခဲ့ရပြီး လူကိုးဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ်နိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဦးဆောင်ကော်မတီက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဟိုင်ချူးပြည်နယ်တွင် ၁၆ ဦး၊ ကီဟာဂန်းပြည်နယ်တွင် ငါးဦးနှင့် ကွမ်နင်းပြည်နယ်တွင် လူတစ်ဦးတို့ သေဆုံးခဲ့ကြရပြီး ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်ခြေများ ပျက်စီးခဲ့ရသည်။

ပျောက်ဆုံးနေသူငါးဦးကို ဇွန် ၂၈ ရက်နံနက်ပိုင်းအထိ ရှာဖွေနေဆဲဖြစ်ပြီး ၎င်းတို့မှာ လီချူပြည်နယ်မှ အခြားနေရာသို့ ရေစီးဖြင့် မျောပါသွားဖွယ်ရှိသည်။

အဆိုပါဒေသအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြေပြိုမှုများကြောင့် လီချူပြည်နယ်တွင် ထိခိုက်ဒဏ်ရာရသူ ၁၅ ဦးရှိပြီး ဆွန်လာပြည်နယ်တွင် တစ်ဦးရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်အချို့တွင် ယခုရက်သတ္တပတ်ကုန်ရက်ပိုင်းအတွင်း ဖြစ်ပွားသည့် ရုတ်တရက်ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးခံရမှု တန်ဖိုးမှာ ဗီယက်နမ်ဒေါင် ၄၅၇ ဒသမ ၈ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁ သန်း)ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# ရဝမ်ဒါ၌ ဗော်စဝေဂွန်ယာဉ် စတင်ထုတ်လုပ်ပြီ

**ကီဂါလီ ဇွန် ၂၈**

ရဝမ်ဒါနိုင်ငံ၏ ပထမဆုံးသော မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ၌ ပထမမြောက် ဗော်စဝေဂွန်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်နိုင်မှုအခမ်းအနားကို ဇွန် ၂၈ ရက်က မြို့တော်ကီဂါလီတွင် ကျင်းပရာ သမ္မတ ပေါလ်ကာဂါမဲနှင့် ဗော်စဝေဂွန် တောင်အာဖရိက ဌာနခွဲအကြီးအကဲ သောမတ်ရှာဖာတို့ တက်ရောက်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ရရှိခဲ့သော သဘောတူညီချက်တစ်ရပ်အရ ဗော်စဝေဂွန်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံကို ဒေါ်လာ သန်း ၂၀(ယူရို ၁၇ သန်း)မတည်ရင်းနှီးကာ ထူထောင်ဖွင့်လှစ်ခဲ့သည်။ဂျာမနီလုပ် မော်တော်ယာဉ်များကို အာဖရိကတိုက်ရှိ ရဝမ်ဒါနိုင်ငံ၌ ထုတ်လုပ်ရန် ဖြစ်နိုင်ပါမည်လောဟု လူအချို့က သံသယပွားခဲ့ကြကြောင်း၊ သို့ရာတွင် ရဝမ်ဒါနိုင်ငံ၌ ဗော်စဝေဂွန် ယာဉ်များကို ယနေ့မှစ၍ စတင်ထုတ်လုပ်ပြီဖြစ်ကြောင်း သမ္မတဂါမဲက ပြောကြားသည်။

ရဝမ်ဒါနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် အခန်းကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်မှု၏ ပြယုဂ်အဖြစ် ဗော်စဝေဂွန်ကားစက်ရုံကို တွေ့မြင်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

သမ္မတဂါမဲသည် နိုင်ငံခြားသွင်းကုန်အစားထိုးရေးအတွက် ပြည်တွင်း၌ ထုတ်လုပ်မှုလုပ်ငန်းမြှင့်တင်ရန် မူဝါဒကို ချမှတ်ခဲ့သူဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ ရဝမ်ဒါနိုင်ငံသို့ တင်ပို့နေသော တစ်ပတ်ရစ်အဝတ်အစားများ အောတိုက်ဝင်ရောက်လာနေမှုနှင့် ပတ်သက်၍ ၎င်းက ပြစ်တင်ပြောကြားခဲ့သည်။ မိမိတို့၏နိုင်ငံသည် တစ်ပတ်ရစ်ကားများ အောတိုက်ဝင်ရောက်လာမှုကိုလည်း လက်ခံနိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ **အေအက်ဖ်ပီ**



# ကမ္ဘာ့ဖလားအားကစားသတင်းများ



## ၁၆ သင်းအဆင့်မှာ ဘရာဇီးနဲ့ မက္ကဆီကိုကို ထိပ်တိုက်တွေ့မယ်

ဘရာဇီးအသင်းဟာ ပြီးခဲ့တဲ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မှာ ဆားဘီးယားအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကြောင့် နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး ၁၆ သင်းအဆင့်မှာ မက္ကဆီကိုအသင်းနဲ့ ထိပ်တိုက်တွေ့မှာဖြစ်ပါတယ်။

တိုက်စစ်မှူး နေမာ ဦးဆောင်လာတဲ့ ဘရာဇီးအသင်းဟာ ဆားဘီးယားအသင်းနဲ့ ပွဲစဉ်မှာ ဂျီးဆပ်ကိုအထောင်ထားပြီး နေမာ၊ ပေါ်လင်ဟို၊ ကော်တင်ဟို၊ ဝီလီယံတို့က ကွင်းလယ်နဲ့ တိုက်စစ်အချိတ်ဆက်မိမိ ကစားခဲ့တာကြောင့် ပွဲကစားချိန် ၃၆ မိနစ်မှာပဲ ပေါ်လင်ဟိုရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ပွဲကစားချိန် ၆၈ မိနစ်မှာ နောက်ခံလူသီယာဂိုဆေးလ်ဗားက တစ်ဂိုးထပ်မံသွင်းယူခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးကြောင့် ဘရာဇီးအသင်းက ဆားဘီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ အခုတစ်ကြိမ်ကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်ကနေ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်ကနေ ၁၆ သင်းအဆင့်ကို (၁၃)ကြိမ်ဆက်တိုက် တက်လှမ်းနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကိုလည်း စိုက်ထူနိုင်ခဲ့ပါတယ်။ ဆားဘီးယားအသင်းကတော့ လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံအဖြစ်နဲ့ ကမ္ဘာ့ဖလားကို ၂၀၀၆၊ ၂၀၁၀ နဲ့ အခု ၂၀၁၈ တို့မှာ ဝင်ခွင့်ရရှိခဲ့ပေမယ့် အဲဒီသုံးကြိမ်စလုံးမှာ အုပ်စုအဆင့်ကနေ လှည့်ပြန်ခဲ့ရတာဖြစ်ပါတယ်။

ဘရာဇီးအသင်းအနေနဲ့ အခုဆားဘီးယားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နည်းပြ ဒန်နီလိုတီတီရဲ့လက်ထက်မှာ ၂၄ ပွဲကစားအပြီးမှာ ၁၉ ပွဲအထိနိုင်ပွဲရရှိအောင်စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဘရာဇီးအသင်းနဲ့အတူ အုပ်စု(E)ကနေ အုပ်စုဒုတိယနေရာနဲ့ နောက်တစ်ဆင့်တက်လာတဲ့ ဆွစ်ဇာလန်အသင်းကတော့ အုပ်စု(F)မှ အုပ်စုပထမနဲ့ တက်လာတဲ့ ဆွီဒင်အသင်းနဲ့ ၁၆ သင်းအဆင့်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘရာဇီးနဲ့ မက္ကဆီကိုပွဲစဉ်ကို ဇူလိုင် ၂ ရက်မှာလည်းကောင်း၊ ဆွစ်ဇာလန်နဲ့ ဆွီဒင်ပွဲစဉ်ကို ဇူလိုင် ၃ ရက် မှာလည်းကောင်း ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

## ကမ္ဘာ့ဖလားချန်ပီယံအသင်းများ အုပ်စုအဆင့်ကနေထွက်ခဲ့ရမှု သုံးကြိမ်ဆက်တိုက်ဖြစ်ပေါ်ခဲ့

ဂျာမနီအသင်းဟာဆိုရင် ကမ္ဘာ့ဖလားမှာ အောင်မြင်မှုရှိထားတဲ့အသင်းတစ်သင်းပါ။ ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာလည်း ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခုရုရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပနေတဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ တောင်ကိုရီးယားကို ရှုံးနိမ့်ခဲ့ရတာကြောင့် အုပ်စုအဆင့်ကနေပဲ ကမ္ဘာ့ဖလားပြိုင်ပွဲကို နှုတ်ဆက်သွားခဲ့ရပါတယ်။



ဂျာမနီအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ လေးကြိမ်အထိ ဗိုလ်စွဲထားတဲ့အသင်းဖြစ်ပြီး လက်ရှိ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာလည်း အဆင့်(၁)နေရာကနေ ရပ်တည်နေတဲ့အသင်း တစ်သင်းဖြစ်ပါတယ်။ ဒါပေမယ့် အခု တောင်ကိုရီးယားအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ကမ္ဘာ့ဖလားကို အုပ်စုအဆင့်ကနေ နှုတ်ဆက်သွားခဲ့ရပါပြီ။ အဲဒီလို လက်ရှိချန်ပီယံအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်ကနေ ထွက်ခဲ့ရခြင်းဟာ သုံးကြိမ်ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါကတော့ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အီတလီအသင်းဟာ ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ပါရာဂွေးနဲ့ နယူးဇီလန်ကို သရေကျပြီး ဆလိုဗက်ကီးယားကို ရှုံးနိမ့်ခဲ့တာကြောင့် အီတလီအသင်း ကမ္ဘာ့ဖလားအုပ်စုအဆင့်ကနေ ထွက်ခဲ့ရတာပါ။ အဲဒီလိုပဲ ၂၀၁၀ ကမ္ဘာ့ဖလားမှာ ချန်ပီယံဖြစ်ခဲ့တဲ့ စပိန်အသင်းကလည်း ဘရာဇီးနိုင်ငံမှာ ကျင်းပတဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သြစတြေးလျအသင်းကို သုံးဂိုးပြတ်နိုင်ခဲ့ပေမယ့် နယ်သာလန်အသင်းကို ငါးဂိုး-တစ်ဂိုး၊ ချီလီအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုအဆင့်ကနေ ထွက်ခဲ့ရတာပါ။

ဒါဟာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်ကနေ ချန်ပီယံအသင်းထွက်ခဲ့ရမှု နှစ်ကြိမ်မြောက်ဖြစ်ပြီး အခုတစ်ကြိမ်မှာလည်း ဂျာမနီအသင်းက ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံအဖြစ်ကနေ ၂၀၁၈ ကမ္ဘာ့ဖလားမှာတော့ အုပ်စုအဆင့်မှာထွက်ခဲ့ရတာပါ။ ဂျာမနီအသင်းဟာ ဆွီဒင်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပေမယ့် မက္ကဆီကိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

ဂျာမနီအသင်း၊ အီတလီအသင်းနဲ့ စပိန်အသင်းတို့လို လက်ရှိချန်ပီယံအဖြစ်ကနေ အုပ်စုအဆင့်နဲ့ ပြိုင်ပွဲမှထွက်ခဲ့ရတဲ့အသင်းတစ်သင်းရှိခဲ့ပြီး အဲဒီအသင်းကတော့ ပြင်သစ်အသင်းပါ။ ပြင်သစ်အသင်းကလည်း ၁၉၉၈ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ပြီး ၂၀၀၂ ကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်ကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။



## ကိုလံဘီယာနဲ့ ဂျပန် ၁၆ သင်းအဆင့်တက်ခဲ့ပြီး ဆီနီဂေါနဲ့ ပိုလန် အုပ်စုအဆင့်ဖြင့် ထွက်ခဲ့ရ

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(H)၏ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားပြီးချိန်မှာ ကိုလံဘီယာအသင်းနဲ့ ဂျပန်အသင်းတို့ ၁၆ သင်းအဆင့် တက်ခဲ့ပြီး ဆီနီဂေါအသင်းနဲ့ ပိုလန်အသင်းတို့ကတော့ အုပ်စုအဆင့်နဲ့ပဲ ပြိုင်ပွဲကနေထွက်ခဲ့ရပါတယ်။

ကိုလံဘီယာအသင်းဟာ ဆီနီဂေါအသင်းနဲ့ နောက်ဆုံးကစားခဲ့ရပြီး ဆီနီဂေါအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ရမှတ်ခြောက်မှတ်နဲ့ နောက်တစ်ဆင့် တက်ခဲ့တာဖြစ်ပါတယ်။

ဂျပန်အသင်းကတော့ နောက်ဆုံးပွဲစဉ်အဖြစ် ပိုလန်အသင်းနဲ့ ကစားခဲ့ရတာဖြစ်ပြီး ပိုလန်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ်လေးမှတ်နဲ့ နောက်တစ်ဆင့်တက်ခဲ့တာပါ။ အုပ်စုပွဲစဉ်တွေ ကစားအပြီးမှာ ဂျပန်အသင်းနဲ့ ဆီနီဂေါအသင်းတို့ဟာ ရမှတ်လေးမှတ်စီရရှိခဲ့ပေမယ့် ဂိုးကွာခြားချက်မှာလည်း ဒီနှစ်သင်းကတူညီနေတာမို့ အဝါကတ်ပြသခံရမှုနဲ့ ဆုံးဖြတ်ခဲ့လို့ ဂျပန်အသင်းက နောက်တစ်ဆင့်တက်ခဲ့တာလည်းဖြစ်ပါတယ်။

ဂျပန်ဟာ ဆီနီဂေါနဲ့ နှိုင်းစာရင် အဝါကတ်ပြသခံရမှု နှစ်ကတ်အထိလျော့နည်းခဲ့တာကြောင့် ဂျပန်အသင်း နောက်တစ်ဆင့်အတွက် အခြေအနေကောင်းခဲ့တာလည်းဖြစ်ပါတယ်။ အုပ်စုအဆင့် နောက်ဆုံးကစားခဲ့တဲ့ ဂျပန်နဲ့ ပိုလန်ပွဲစဉ်မှာ ပိုလန်က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာဖြစ်ပြီး ပိုလန်အတွက် သွင်းဂိုးကို ပွဲကစားချိန် ၅၉ မိနစ်တွင် ဘတ်နာရက်က သွင်းယူခဲ့တာပါ။ ဆီနီဂေါနဲ့ ကိုလံဘီယာတို့ ပွဲစဉ်မှာလည်း ကိုလံဘီယာက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ကာ ကိုလံဘီယာအတွက် သွင်းဂိုးကို ယယ်ရီမီနာက ပွဲကစားချိန် ၇၄ မိနစ်မှာ သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ကိုလံဘီယာအသင်းဟာ ၁၆ သင်းအဆင့်မှာ အုပ်စု(G)ဒုတိယအသင်းနဲ့ ကစားရမှာဖြစ်ပြီး ဂျပန်အသင်းကတော့ အုပ်စု(G) ပထမအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

FIFA WORLD CUP RUSSIA 2018

## ကမ္ဘာ့ဖလားပွဲပြီးရလဒ်များ

| | | | | |
|---|---|---|---|---|
| ဆားဘီးယား | ၀ | - | ၂ | ဘရာဇီး |
| ဆွစ်ဇာလန် | ၂ | - | ၂ | ကော်စတာရီကာ |
| ဂျပန် | ၀ | - | ၁ | ပိုလန် |
| ဆီနီဂေါ | ၀ | - | ၁ | ကိုလံဘီယာ |

# ရေစကြိုမြို့နယ်ရှိ ဗလဗကျေးရွာမှ ဗောဓိညောင်ပင်ကြီး ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပြိုလဲ



**ရေစကြို ဇွန် ၂၈**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဗလဗ ကျေးရွာအုပ်စု ဗလဗကျေးရွာ ဉာတိကာရုံကျောင်းတိုက် အတွင်းရှိ ကျေးရွာသူ ကျေးရွာသားတို့ အထွတ်အမြတ် ထားရာ နှစ်ပေါင်း ၁၂၀ ကျော်ရှိ ဗောဓိညောင်ပင်ကြီးသည် ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မြစ်ရေတိုက်စားပြီး ဧရာဝတီမြစ်အတွင်းသို့ ပြိုလဲကျသွားကြောင်း ဉာတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလက မိန့်ကြားတော်မူသည်။

အဆိုပါ ဗလဗကျေးရွာရှိ ဉာတိကာရုံကျောင်းတိုက် အတွင်းရှိ ဗောဓိညောင်ပင်ကြီးသည် ရွာသူရွာသားတို့ ကဆုန်လပြည့်နေ့ရောက်တိုင်း ဘုရားရှင်အား ရေသပ္ပာယ် ကြသော ဗောဓိညောင်ပင်ကြီးဖြစ်ကြောင်း သိရသည်။

ဗလဗကျေးရွာသည် ၂၀၁၇ ခုနှစ်တွင် မြစ်ကမ်းပါး ပြိုကျမှုခံရပြီး ယခုအချိန်ထိ အိမ်ထောင်စု ၉၅ စု မြစ်ရေ တိုက်စားမှု ကင်းလွတ်ရာသို့ ရွှေ့ပြောင်းထားရကြောင်း ဗလဗရွာနေ ဦးဇော်ဝင်းက ပြောသည်။ ဉာတိကာရုံ ကျောင်းတိုက်အတွင်းရှိ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် နှစ်ပေါင်း ၈၂၃ နှစ်ရှိ ဓမ္မရုံသီ(ရွှေဘုံသာ)မြတ်စွာဘုရားကြီး(ခေါ်)မြစ်ကမ်းပါး ပြန်ဘုရားကြီးသည် ရွာထဲရှိ ရှေးလူကြီးသူမများက သုံးကြိမ်အထိ မြစ်ကမ်းပါးပြန်ခဲ့ဖူးကြောင်း ပြောကြားကြပြီး သက္ကရာဇ် ၅၅၇ ခုနှစ်က တည်ထားခဲ့ကြောင်း သိရ သည်။

ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုသည် ဓမ္မရုံသီ (ရွှေဘုံသာ)ဘုရားကြီးနှင့် ၁၀ ပေအကွာသို့ ရောက်ရှိ နေကြောင်း ဉာတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလက မိန့်ကြားတော်မူသည်။ **ကိုထိန်(ငါ့သရောက်)**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၈**
မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများ၌ ဇွန် ၂၇ ရက်က စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Sewing Machine (Used)(18U)နှင့် Refined Sugar (50Kg)(133 Bags) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၉၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်း ချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၄၃ စီး၊ သွင်းကုန် ၉၂၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊သွင်းကုန် ၁၁၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများ ကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်း တန်ဖိုးငွေကျပ် ၄ ဒသမ ၇၉၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု(ခန့်မှန်း တန်ဖိုးငွေကျပ် ၆ ဒသမ ၀၁၆ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိ ရသည်။

**သတင်းစဉ်**

# ဦးကိုနီလုပ်ကြံခံရမှု သေနတ်သမား ကြည်လင်း(ခ)ဖိုးထူးပါ လေးဦးက မူလအထူးတရားခုံရုံး၌ တရားခံပြသက်သေအမည်စာရင်း ၅၀ တင်သွင်း

**ရန်ကုန် ဇွန် ၂၈**
တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရား ခုံရုံးသို့ သေနတ်သမား ကြည်လင်း (ခ) ဖိုးထူးပါ လေးဦးတို့သည် ယနေ့နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ပြန်ပို့လာသည့် ပြင်ဆင်မှုပါရှိသော အမိန့်အကျဉ်းချုပ်ကို ရှင်းလင်းဖတ်ကြားခဲ့ ကြောင်းနှင့် တရားခံများဘက်က ပြသမည့် စုစုပေါင်းတရားခံပြသက်သေ ၅၀ စာရင်းအား ရေးမှတ်လက်ခံယူခဲ့ကြောင်း သိရသည်။

## စွဲဆိုထားမှု

ဦးကိုနီလုပ်ကြံခံရမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ တရားလို ရဲအုပ်မိုးနိုင်၊ တရားခံ ကြည်လင်း(ခ) ဖိုးထူးပါ-၄ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂/၃၄/၁၂၂ အရ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ တရားလို ရဲမှူး မြတ်ထွန်းကျော်၊ တရားခံကြည်လင်း (ခ) ဖိုးထူးပါ-၂ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ) (စ)အရ စွဲဆိုမှုဖြစ်သည်။

## စွဲချက်အမိန့်

အဆိုပါစွဲဆိုထားမှုအား တရားလိုပြသက်သေ စစ်ဆေးပြီး လူသတ်မှု၌ သေနတ်သမား ကြည်လင်း(ခ) ဖိုးထူးကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁) (ခ)/၃၄နှင့် ၃၀၂(၂)အရ လည်းကောင်း၊အမှုနှင့်ပါဝင်ပတ်သက်သူ အောင်ဝင်းဇော် နှင့် ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁) (ခ)/၃၄ အရ လည်းကောင်း၊ အချုပ်လွတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းကို ရာဇသတ် ကြီး ဥပဒေပုဒ်မ ၂၁၂အရ လည်းကောင်း၊ လက်နက်မှု၌ ကြည်လင်း (ခ) ဖိုးထူးနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်တို့အား လက်နက်များ အက်ဥပဒေ ပုဒ်မ ၁၉(ဃ)(စ)အရ လည်းကောင်း မူလမြောက်ပိုင်းခရိုင် အထူးတရားခုံရုံးက စွဲချက်အမိန့်များ အသီးသီးချမှတ်ခဲ့သည်။

## တိုင်းတရားလွှတ်တော်၏ ပြင်ဆင်မှုအမိန့်

မူလတရားခုံရုံး စွဲချက်အမိန့်အား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် သို့ ပြင်ဆင်မှုများ လျှောက်ထားရာ လူသတ်မှု၌ တရားခံ ကြည်လင်း (ခ) ဖိုးထူးကို ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၁) (ခ)/၃၄ နှင့် ပုဒ်မ ၃၀၂ (၂) အရ လည်းကောင်း၊ အမှု၌ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်အား ရာဇသတ် ကြီး ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄အရ လည်းကောင်း၊ အချုပ်လွတ်အာမခံရရှိ ထားသူ အောင်ဝင်းထွန်းအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁၂အရ လည်း ကောင်း၊ ဇေယျာဖြိုးအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ အရ လည်းကောင်း၊ လက်နက်မှု၌ တရားခံ ကြည်လင်း (ခ) ဖိုးထူးအား လက်နက် များ အက်ဥပဒေအရ ၁၉(ဃ) (စ)အရ လည်းကောင်း၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်အား လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ) (စ) အရ မူလတရားရုံးစွဲချက်အမိန့်အား ပယ်ဖျက်ပြီး တရားရှင် လွှတ်လိုက်ကြောင်း တိုင်းတရားလွှတ်တော်မှ ပြင်ဆင်မိန့်ချမှတ်ခဲ့သည်။

## တရားခံပြသက်သေများတင်သွင်းခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ အရာရှိ ဒုတိယခရိုင် တရားသူကြီး ဦးရဲလွင်က “တိုင်းဒေသကြီး တရား လွှတ်တော်က အမှုတွဲတွေပြန်ပို့လာတာဖြစ်တဲ့အတွက် ဒီကနေ့မှာ အထူးခုံရုံး ကနေ တရားခံများ၊ အမှုသည်များ၊ ရှေ့နေများကို တိုင်းတရားလွှတ်တော်က ချမှတ်တဲ့ ပြင်ဆင်မှုတွေပါတဲ့ အမိန့်အကျဉ်းချုပ်တွေကို ရှင်းလင်းပြောကြားပါ တယ်။ အဲဒီနောက် တရားခံတွေနဲ့ပတ်သက်ပြီး စွဲချက်တင်ထားတာတွေကို အပြစ်ရှိ၊ မရှိ မေးပြီး ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စမှာ ဘာကြောင့် အပြစ်မရှိပါဘူးဆိုတဲ့အကြောင်းကို အကျဉ်းချုပ် စွဲချက်ပုံစံမှာ မှတ်တမ်းယူပါ တယ် ပြီးတဲ့အခါမှာတော့ တရားခံများဘက်က ပြသတဲ့ တရားခံပြသက်သေ စာရင်းတွေကို ရေးမှတ်ယူပါတယ်။ နောက်တစ်ပတ်ရုံးချိန်းမှာ တရားခံ ကြည်လင်း (ခ) ဖိုးထူးကို စစ်ဆေးမှာဖြစ်တဲ့အတွက် ဇူလိုင် ၅ ရက် (ကြာသပတေး) နေ့ကို ချိန်းဆိုထားပါတယ်။ ရာကြီး ၄၅/၂၀၁၇ လူသတ်မှုအတွက်က တရားခံ ပြမယ့် တရားခံပြ သက်သေအမည်စာရင်းသွင်းတာဟာ ကြည်လင်း (ခ) ဖိုးထူး က ၁၀ ဦး၊ အောင်ဝင်းဇော်က ၁၂ ဦး၊ အောင်ဝင်းထွန်းက ၁၆ ဦး၊ ဇေယျာဖြိုး က ၁၂ ဦး၊ အားလုံးစုစုပေါင်း တရားခံပြသက်သေ ၅၀ အမည်စာရင်းတင်သွင်း ထားပါတယ်၊ ရာကြီး ၄၆/၂၀၁၇ လက်နက်များ အက်ဥပဒေပုဒ်မအရကတော့ ကြည်လင်း (ခ) ဖိုးထူးကသာ လူသတ်မှုမှ ပြသထားတဲ့ တရားခံပြ ၁၀ ဦးကိုပဲ တင်သွင်းထားပါတယ်၊ ဒီအတွက် ဒီအမှုမှာ စုစုပေါင်းခံပြသက်သေဟာ ၅၀ ပဲ ဖြစ်ပါတယ်” ဟု ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# သဃ်န်းညီနောင် စစ်ဆေးရေးဂိတ်တွင် ကျောက်စိမ်းလက်ကောက် ၄၀၅ ကွင်း သိမ်းဆည်းရမိ

**သဃ်န်းညီနောင် ဇွန် ၂၈**
ကရင်ပြည်နယ် မြဝတီမြို့နယ် သဃ်န်းညီနောင်စစ်ဆေးရေးဂိတ်တွင် ဇွန် ၂၇ ရက် နံနက်ပိုင်းက ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေစစ်ဆေးစဉ် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်မှ အထောက်အထားတစ်စုံတစ်ရာ မပါရှိဘဲ တင်ဆောင် လာသည့် ကျောက်စိမ်းလက်ကောက် ၄၀၅ ကွင်းကို ရှာဖွေတွေ့ရှိ သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးမှမြဝတီဘက်သို့ သွားရောက်မည့် 6F/-----၊ မန်းရွှေမြို့တော်ခရီးသည်တင် မှန်လုံယာဉ်၏ အောက်ဘောက် ယာဘက်အခြမ်း ခရီးသည်ပစ္စည်းများထားသည့်အခန်း အတွင်း ပီနံအိတ်ဖြင့်ထည့်ထားသော စက္ကူဖာတစ်လုံးအတွင်းတိပ်အကြည်ဖြင့် ပတ်ကာ ထပ်မံထုပ်ပိုးထားသော အထုပ် ၂၀ ကို တွေ့ရှိ၍ဖွင့်ဖောက်စစ်ဆေးရာ ကျောက်စိမ်းလက်ကောက် ၄၀၅ ကွင်း အလေးချိန် ၁၂ ကီလိုခန့်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်နောက်လိုက် ကျော်ရဲနိုင် ၂၆ နှစ် စဉ့်ကိုင်မြို့နယ် ရှမ်းရွာလေးနေသူကို စစ်ဆေးရာ အဆိုပါကျောက်စိမ်းလက် ကောက်များပါရှိသော စက္ကူဖာအား မန္တလေးမြို့ ကျွဲဆည်ကန်ကားဂိတ်မှ သယ်ဆောင်လာခြင်းဖြစ်ကာ မြဝတီမြို့အထိ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ပစ္စည်းပိုင်ရှင်မှာ ကျွဲခြံကုန်းရပ်ကွက် မော်လမြိုင်မြို့တွင် နေထိုင်သည့် ဦးမူတီရာမာန်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဖုန်းဖြင့်ဆက်သွယ် ခေါ်ယူစေ ခဲ့ပြီး မေးမြန်းစစ်ဆေးရာ အခင်းမဖြစ်မီ သုံးရက်ခန့်က ကျောက်စိမ်းလက်ကောက်



ကွင်းများကို မန္တလေးကျောက်ဝိုင်းက ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မြဝတီသို့ ပို့ဆောင် ပေးရန် ကျွဲဆည်ကန် ကားဂိတ်၌ အပ်နှံထားခဲ့ပြီး ၎င်းမှာ မြဝတီမြို့သို့ အခြားခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာခဲ့ပြီး မြဝတီမြို့၌ ကြိုတင်ရောက် ရှိစောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း သိရပြီး အထောက်အထားမပါရှိသဖြင့် ကျောက်စိမ်းလက်ကောက်ပိုင်ရှင် ဦးမူတီရာမာန်နှင့် သယ်ဆောင်ပေးသူ ကျော်ရဲနိုင်တို့နှစ်ဦးအား သဃ်န်းညီနောင် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြည့်စုံမှန်ကန်သောမဲစာရင်းပြုစုခြင်းနှင့်ဥပဒေ



မောင်စာဂ

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်စွဲဖြင့် မဲစာရင်းများကို ၉-၇-၂၀၁၈ ရက်နေ့မှ ၂၂-၇-၂၀၁၈ ရက်နေ့ထိ ၁၄ ရက်တိုင်တိုင် ကပ်ထားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာချက်အရ မဲစာရင်းများကို သက်ဆိုင်ရာ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ယင်းကျေးရွာအုပ်စုအတွင်းရှိ ရွာအားလုံးတွင် ကပ်ထားကြေညာမည်ဖြစ်သည်။ ရပ်ကွက်များတွင် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားမည်ဖြစ်သည်။ မဲဆန္ဒရှင်များက လာရောက်ကြည့်ရှု၍ မိမိအမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုရန်၊ မပါသင့်သူများပါရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ရန်၊ အချက်အလက်များ မမှန်မကန်ဖော်ပြထားပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်ပေးဖို့ တင်ပြရန်ဖြစ်သည်။ ဤတွင် ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုဖို့ ဥပဒေက မည်သို့ပြဋ္ဌာန်းထားသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။

### မဲစာရင်းကိုမည်သို့ပြုစုပါသနည်း

မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာကော်မရှင်အဖွဲ့ခွဲများက ရေးဦးပြုစုရသည်။ ထိုသို့ ပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကလည်းကောင်း ပြုစုထားသည့် လူဦးရေစာရင်းကို ရယူအခြေခံပြီး ပြုစုရသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကပါဝင်ကြီးကြပ် ဆောင်ရွက်ရသည်။

လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကြားဖြတ်ရွေးကောက်ပွဲရှိလျှင် မူလမဲစာရင်းကိုအခြေခံ၍ ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းနှင့်ပြင်ဆင်ခြင်းတို့ကို ပြုလုပ်ရသည်။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကို အခြေခံ၍ ပြုစုရသည်။

### မဲစာရင်းကိုမည်သည့်ပုံစံဖြင့်ပြုစုပါသနည်း

မဲစာရင်းကို ပုံစံ (၁) ဖြင့်ပြုစုရသည်။ ပုံစံ (၁) တွင် ကော်လံ ကိုးခုပါသည်။ အမှတ်စဉ်၊ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူအမည်၊ ကျား၊ မ၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ အဘအမည်၊ အမိအမည်၊ နေရပ်လိပ်စာနှင့် ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေတို့ဖြစ်သည်။ တိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ရန်ရှိပါက ယင်းတိုင်းရင်းသားလူမျိုးများ၏ မဲစာရင်းကို ပုံစံ (၁-က) ဖြင့် ပြုစုရသည်။ ပုံစံ (၁) တွင် ဖော်ပြချက်များနှင့် အတူတူပင်ဖြစ်သည်။ မဲစာရင်းပြုစုပြီးလျှင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဉက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးရသည်။

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမကျန်ရအောင်ဖြည့်စွက်ပါ

ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်လျှင် မဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။

နိုင်ငံပြင်ပတွင်ရောက်ရှိနေသော မြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များ၊ သံရုံးအဖွဲ့ဝင်များ၊ ပညာတော်သင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံ့ပြင်ပတွင် ရောက်ရှိနေသူများနှင့် ယင်းတို့၏ အိမ်ထောင်စုဝင်များကို မဲစာရင်းတွင်ထည့်သွင်းရမည်။

မိမိနှင့်သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်းတပ်ဖွဲ့၊ တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏အိမ်ထောင်စုဝင်များ၊ တပ်တွင်း၌မနေဘဲ တပ်၏ပြင်ပတွင် နေထိုင်ကြသော တပ်မတော် ကြည်း၊ရေ၊လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏အိမ်ထောင်စုဝင်များကိုပါ မဲစာရင်းတွင်ထည့်သွင်းရမည်။

### ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ မပါဝင်ရအောင်သတိပြုပါ

သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသည်ဟု ဥပဒေအရ သတ်မှတ်ထားခြင်းခံရသူများ၊ လူမွဲအဖြစ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခံထားရသူများ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများသည် ဆန္ဒမဲပေးခွင့်မရှိပါ။

> မဲစာရင်းရေးသွင်းသည့်အခါ မဲဆန္ဒရှင်အမည်၊ မိဘ အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ နေရပ် လိပ်စာ တို့ကို မှန်ကန်တိကျစွာ ရေးသားဖော်ပြရန် … မသန်စွမ်းသူများကိုလည်း မကျန်ရအောင် ရေးသွင်းပြုစုရမည်။ အမည်များကိုမြန်မာအက္ခရာဖြင့် ရေးသွင်းရမည်။ ယင်းသို့ရေးသွင်းရာတွင် တိကျမှုမရှိလျှင် အင်္ဂလိပ်အက္ခရာဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ရေးသွင်းဖော်ပြနိုင် …

### မဲစာရင်းတွင်မှန်ကန်တိကျစွာဖော်ပြပါ

မဲစာရင်းရေးသွင်းသည့်အခါ မဲဆန္ဒရှင်အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာတို့ကို မှန်ကန်တိကျစွာ ရေးသားဖော်ပြရန်လိုသည်။ မသန်စွမ်းသူများကိုလည်း မကျန်ရအောင် ရေးသွင်းပြုစုရမည်။ အမည်များကိုမြန်မာအက္ခရာဖြင့်ရေးသွင်းရမည်။ ယင်းသို့ရေးသွင်းရာတွင် တိကျမှုမရှိလျှင် အင်္ဂလိပ်အက္ခရာဖြင့်လည်း ကွင်းစကွင်းပိတ်အတွင်း၌ ရေးသွင်းဖော်ပြနိုင်သည်။

### မဲစာရင်းများကိုထုတ်ပြန်ကြေညာမည်

၂၀၁၈ ခုနှစ် အတွင်းကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၉-၇-၂၀၁၈ ရက်နေ့ကစတင်၍ ၁၄ ရက်တိုင်တိုင် ကြေညာတော့မည်ဖြစ်သည်။ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာမည်။ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင်လည်း ကပ်ထားကြေညာမည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကိုကြေညာပြီးနောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည် ပါဝင်ခြင်းရှိ၊ မရှိကို လာရောက်ကြည့်ရှုရန် တာဝန်ရှိသည်ဟူ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများ၏ နည်းဥပဒေ ၉ တွင် ပြဋ္ဌာန်းထားသည်။ မဲဆန္ဒရှင်များက မဲစာရင်းများကို လာရောက်ကြည့်ရှုကြတော့မည်ဖြစ်သည်။

### မိမိအမည်မဲစာရင်းတွင်မပါလျှင် မည်သို့ဆောင်ရွက်ပါမည်နည်း

မိမိ၏အမည် မဲစာရင်းတွင် မပါဘဲဖြစ်နေလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးမှပုံစံ (၃) ကို တောင်းယူ၍ အချက်အလက်များ မှန်ကန်အောင်ဖြည့်သွင်းပါ။ မိမိအမည် ထည့်သွင်းပေးရေးတောင်းဆိုပါ။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စိစစ်၍ မှန်ကန်လျှင် ဖြည့်သွင်းပေးသွားပါမည်။

### မဲစာရင်းတွင်မပါသင့်သူတွေပါဝင်နေလျှင် မည်သို့ဆောင်ရွက်ပါမည်နည်း

မဲစာရင်းတွင် မပါသင့်သူတွေ ပါဝင်နေကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ ပုံစံ (၄) ကို တောင်းယူ၍ အချက်အလက်များမှန်ကန်အောင်ဖော်ပြပါ။ အထောက်အထားတင်ပြ၍ ကန့်ကွက်ပါ။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စိစစ်၍ မှန်ကန်လျှင် မဲစာရင်းမှ ပယ်ဖျက်သွားပါမည်။

### မဲစာရင်း၌ဖော်ပြချက်များမှန်ကန်မှုမရှိလျှင် မည်သို့ ဆောင်ရွက်ပါမည်နည်း

မဲစာရင်းတွင်ဖော်ပြထားသော မဲဆန္ဒရှင်၏အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာများ မှန်ကန်မှုမရှိ၊ လွဲမှားနေလျှင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲမှ ပုံစံ (၄-ဂ) ကို တောင်းယူပါ။ အချက်အလက်များ မှန်ကန်စွာ ရေးသွင်းဖော်ပြပါ။ ပြင်ဆင်ရသောအကြောင်းအရင်းကို ဖော်ပြပါ။ အသိသက်သေ အထောက်အထားများတင်ပြ၍ ပြင်ဆင်ပေးဖို့တောင်းဆိုပါ။ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက စိစစ်၍ မှန်ကန်လျှင် ပြင်ဆင်ပေးသွားပါမည်။

### သတ်မှတ်ထားချက်များသတိမူရမည်

အထက်တွင်ဖော်ပြခဲ့သည် ပုံစံ (၃)၊ ပုံစံ (၄)၊ ပုံစံ (၄-ဂ) တို့ကို အသုံးပြုရန် ပေါ်ပေါက်လာလျှင် သတ်မှတ်ထားချက်များရှိသည်။ သတိမူကြဖို့လိုသည်။ ယင်းတို့မှာ မဲစာရင်းစတင်ကြေညာသည့် နေ့မှစ၍ ၁၄ ရက်အတွင်း ဆောင်ရွက်ကြရမည်။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ယင်းပုံစံများ ရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးကြရမည်။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ အဆုံးအဖြတ်ကို မကျေနပ်သူသည် ၃ ရက်အတွင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံတင်သွင်းလျှောက်ထားနိုင်သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အယူခံမှုကို ဆောလျင်စွာဆုံးဖြတ်ရမည်။ ယင်း၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

### သီးခြားအခွင့်အရေးရရှိသူများ

အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်၏ ပြင်ပသို့ရောက်ရှိနေသူများသည် အမှန်အားဖြင့် မိမိတို့၏ အမြဲတမ်းနေရပ်ရှိ မဲစာရင်းတွင်ပါဝင်ကြသည်။ မဲပေးသည့်အခါ ယင်းအမြဲတမ်းနေရပ်သို့ပင် သွားရောက်ပြီး ဆန္ဒမဲပေးကြရမည်ဖြစ်သည်။ သို့သော် ထိုသို့သောမဲဆန္ဒရှင်များအတွက် မိမိတို့၏ အမြဲတမ်းနေရပ်သို့သွားရောက်ပြီး ဆန္ဒမဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးလိုကပေးနိုင်ကြောင်း သီးခြားအခွင့်အရေးတစ်ရပ်ပေးအပ်ထားသည်။

ယင်းအခွင့်အရေးရယူလိုပါက ထိုသူသည် ဝန်ထမ်းဖြစ်လျှင် လုပ်ငန်းတာဝန်ခံ၏ထောက်ခံချက်၊ အလုပ်သမားဖြစ်လျှင် လုပ်ငန်းရှင်၏ထောက်ခံချက်၊ အခြားပုဂ္ဂိုလ်ဖြစ်လျှင် မိမိကိုယ်တိုင်ဝန်ခံချက် တို့ကိုဖော်ပြရမည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ကိုလည်း ရယူရမည်။ ထိုသို့ဆောင်ရွက်ပြီး မိမိရောက်ရှိနေသည့် မဲဆန္ဒနယ်၏မဲစာရင်း၌ မိမိတို့၏ အမည်ကိုထည့်သွင်းပေးရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃-က)ဖြင့် လျှောက်ထားရမည်ဖြစ်သည်။ ရွေးကောက်ပွဲ ကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ လျှောက်ထားရန်လည်း လိုအပ်သည်။

ထိုသို့ လျှောက်ထားမှုအပေါ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီး မှန်ကန်လျှင် မဲစာရင်း၌ အမည်ထည့်သွင်းပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်သည်။ တစ်ဆက်တည်းပင် ထိုသူ၏ အမြဲတမ်းနေရပ်ရှိ မဲစာရင်းတွင် ထိုသူ၏အမည်ကို ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

**စာမျက်နှာ ၂၂ သို့**



# အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ တိုက်ခန်းပေါင်း ၂၆၀ တွင် မကြာမီ နေရာချထားပေးမည်

**မန္တလေး ဇွန် ၂၈**

တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပြီးစီးသွားသည့် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာတိုက်ခန်းပေါင်း ၂၆၀ တွင် မကြာမီ နေရာချထားပေးတော့မည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ အခန်းတွေအားလုံးပြီးစီးသွားပါပြီ၊ မီတာဘောက်မရသေးလို့ မီးမရသေးတာပါ။ မကြာမီရက်ပိုင်းမှာ မီတာဘောက်တပ်ပြီးရင် နေထိုင်လို့ရနေပါပြီ၊ ကျွန်တော်တို့ကလည်း နေရေးအခက်အခဲရှိတဲ့ ဝန်ထမ်းတွေအတွက် နှစ်စဉ် အိမ်ရာတွေ ဆောက်လုပ်ပေးနေသလို ဆောက်လုပ်ပြီးတဲ့အိမ်ရာတွေမှာလည်း အမြန်ဆုံးနေထိုင်ခွင့်ရကြပြီး သူတို့ပျော်ရွှင်မှုရအောင်ကြိုးစားနေပါတယ်"ဟု တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ခွင့်ရရှိရန် လျှောက်ထားသူဦးရေမှာ တစ်ထောင်ကျော်ရှိသော်လည်း လျှောက်ထားဆဲကာလမှာပင် ပြောင်းရွှေ့သွားသူများ၊ နုတ်ထွက်သွားသူများနှင့် အငြိမ်းစားယူသွားကြသူများ၏ စာရင်းကို ပြန်လည်စိစစ်ပယ်ဖျက်သွားပါက လျှောက်ထားသူဦးရေလျော့ကျသွားမည်ဖြစ်ကြောင်း သိရသည်။

"ယခင်လက်ကျန်လျှောက်လွှာက ၄၈၀ ရှိပြီး ၂၀၁၇ ခုနှစ် အတွင်းမှာ လာရောက်လျှောက်ထားတဲ့ လျှောက်လွှာပေါင်း ၅၂၉ စောင်ရှိပါတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးရုံးက လာရောက်လျှောက်ထားတဲ့ လျှောက်လွှာတွေကို ဝန်ကြီးဌာနအလိုက်၊ လျှောက်ထားတဲ့ နေ့စွဲအလိုက်စုစည်းပြုစုပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊စွမ်းအင်နဲ့ ဆောက်လုပ်ရေး ဝန်ကြီးထံတင်ပြထားပါတယ်၊ ဒီလျှောက်လွှာတွေကို ရုံးအဖွဲ့တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေပါတဲ့ ရွေးချယ်ရေးအဖွဲ့နဲ့ ချမှတ်ထားတဲ့မူဝါဒအတိုင်း စိစစ်ရွေးချယ်နေပါပြီ၊ မကြာမီနေထိုင်ခွင့်ရတဲ့ ဝန်ထမ်းစာရင်းကို ကြေညာပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် မန္တလေးခရိုင်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနက် ဝင်ငွေနည်းဝန်ထမ်းများနှင့် ဆရာ ဆရာမများကို ဦးစားပေးရွေးချယ်၍ နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ နိုင်ငံ့ဝန်ထမ်း ၅၆၁၆၂ ဦးရှိရာ ၎င်းတို့အတွက် ဆောက်လုပ်ပြီးစီးသည့် အိမ်ရာတိုက်ခန်းမှာ ၃၀၃၀ သာရှိသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည့် ရာခိုင်နှုန်းမှာ ၅ ဒသမ ၃၉ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမှိုက်စနစ်တကျစွန့်ပစ်ရေး ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြော

**မင်းဘူး ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်နှင့် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များကြောင့် ပြည်သူများ ကျန်းမာရေးဆိုးကျိုးများ မဖြစ်စေရန်အတွက် ရည်ရွယ်၍ ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက မင်းဘူး(စကု)မြို့ (မြို့မ)အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်ပြီး ပြည်သူများ စနစ်တကျအမှိုက်စွန့်ပစ်ရေး ပညာပေးဟောပြောခဲ့သည်။

ထိုသို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပလာစေရန် စနစ်တကျအမှိုက်စွန့်ပစ်ရေး အသိပညာပေး ဟောပြောရာတွင် မင်းဘူး(စကု)မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က မင်းဘူး(စကု)မြို့ (မြို့မ) အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြဖွံ့ဖြိုးရေးနှင့် သန့်ရှင်းသာယာလှပစေရေး အကောင်အထည် ဖော်ဆောင်ရွက်နေမှု လုပ်ငန်းများနှင့် ပြည်သူများ၏ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များကြောင့် မြို့အင်္ဂါရပ်သန့်ရှင်းသာယာလှပရေးအတွက် ထိခိုက်စေသည့်အပြင် ပြည်သူများ စွန့်ပစ်အမှိုက်ကြောင့် မလိုလားအပ်သော ကျန်းမာရေးဆိုးကျိုးပြဿနာများ၊ သဘာဝဘေးအန္တရာယ်ပိုမိုကျရောက်နိုင်မှု အခြေအနေများကို အသေးစိတ်ပညာပေးရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက စွန့်ပစ်အမှိုက်များနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မင်းဘူး(စကု)မြို့ (မြို့မ)အခြေခံပညာအထက်တန်းကျောင်းခွဲမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ စနစ်တကျ အမှိုက်များစွန့်ပစ်ရေး အသိပညာပေး ဟောပြောခြင်းကို ဇွန် ၂၅ ရက်ကလည်း မင်းဘူး(စကု)မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

ပြည်သူများ အမှိုက်စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ပြုလုပ်လာစေရေးအတွက် မြို့ပေါ်ရှိ ကျောင်းများ၊ ရပ်ကွက်များနှင့် စားသောက်ဆိုင်များသို့ သွားရောက်ပြီး အသိပညာပေး ဟောပြောပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မုန်းချောင်းကို လှေဖြင့် ကူး၍စာသင်သွားကြသည့် ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းစေရန် အသက်ကယ်အင်္ကျီများ လှူဒါန်း

**ပွင့်ဖြူ ဇွန် ၂၈**

မုန်းချောင်းကို လှေဖြင့် ဖြတ်ကူး၍ ပွင့်ဖြူမြို့အခြေခံပညာအထက်တန်းကျောင်းသို့ စာသင်သွားကြသည့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းဝေးစေရေးအတွက် ပွင့်ဖြူမြို့နယ်ဖွံ့ဖြိုးရေးကွန်ရက်မှ အသက်ကယ်အင်္ကျီလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိသည်။

"မနေ့က အသက်ကယ်အင်္ကျီ ၁၄ ထည်လှူပြီးပြီ။ နောက်ထပ် ခြောက်ထည်နဲ့အားလုံးပေါင်း အထည် ၂၀ လှူဖို့ရှိပါတယ်။ ပွင့်ဖြူမြို့နယ် NLD ဥက္ကဋ္ဌ ဦးကျော်မင်းနိုင်ဆီကို ကလေးတွေ သွားလာရေးခက်ခဲတဲ့အကြောင်း ဒေသခံတွေက သွားပြောကြတယ်။ သူက တစ်ဆင့် အကူအညီပေးဖို့ မေတ္တာရပ်ခံခဲ့တာကြောင့် ကွန်ရက်အစီအစဉ်နဲ့ လှူဒါန်းဖြစ်တာပါ"ဟု ပွင့်ဖြူမြို့နယ် ဖွံ့ဖြိုးရေးကွန်ရက်အတွင်းရေးမှူး ဦးဘုန်းမြင့်က ပြောသည်။

မုန်းချောင်းအနောက်ဘက်ကမ်းရှိ သမန်းရင်း၊ သရက်ကုန်း၊ သမုန်းကုန်း ကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၆၀ ကျော်မှာ မုန်းချောင်းကိုဖြတ်၍ ပညာသင်ကြားမှုများ ရှိခဲ့ကြောင်း၊ မိဘများက မုန်းချောင်းကို ဖြတ်ကူးကာ ပွင့်ဖြူမြို့နယ်ဘက်သို့ ဈေးရောင်းချ အသက်မွေးမှုများရှိနေသည့်အပြင် ချောင်းကိုကူး၍ ကျောင်းသွားတက်လျှင် နေထိုင်ရာကျေးရွာများနှင့် ခရီးလမ်းဆက်သွယ်ရေး ပိုနီးသွားကြောင်း ဒေသခံအချို့ထံမှ သိရသည်။

"ရှောက်တောရွာကို ကျောင်းသွားတက်ရင်တော့ အဆင်ပြေပါတယ်။ ဒါပေမယ့် မိသားစုအခြေအနေတွေအရ မုန်းချောင်းဖြတ်ပြီး စီးပွားရှာတာ၊ ပညာသင်တာတွေ လုပ်ရပါတယ်။ ဒါ့အပြင် ရေကြီးတဲ့အခါ ပွင့်ဖြူမြို့ကို ရှောက်တောကျေးရွာ ဘက်က ပတ်သွားတော့ အသွားအပြန် သုံးဘီးခငါးရာကုန်ပါတယ်။ လှေစီးချောင်းဖြတ်ပြီး ကျောင်းသွားတက်တဲ့ ကလေးတွေနဲ့ ပြည်သူတွေ အဆင်ပြေဖို့အတွက် အသက်ကယ်အင်္ကျီ လှူပေးတာပါ"ဟု ဦးဘုန်းမြင့်က ဆိုသည်။



အသက်ကယ်အင်္ကျီများကို စက်လှေပိုင်ရှင်က ထိန်းသိမ်းပေးပြီး ကျောင်းသားများနှင့် ပြည်သူများ အလှည့်ကျဖြတ်ကူးစဉ် ဝတ်ဆင်ကြကြောင်း၊ အစစအရာရာ အဆင်ပြေချောမွေ့စေရန် သမ္မာဆန္ဒအသင်းမှလည်း အကူအညီပေးခဲ့ကြောင်း၊ ကျေးလက်ဒေသနေပြည်သူများ၏ ချောင်းကူးခရီးစဉ်များ အန္တရာယ်ကင်းစေရေးအတွက် လူမှုကွန်ရက်များမှတစ်ဆင့် အသက်ကယ်အင်္ကျီ အကူအညီတောင်းခံမှုများ ရှိနေကြောင်း ပွင့်ဖြူမြို့နယ် ဖွံ့ဖြိုးရေးကွန်ရက်မှ သိရသည်။

**ဧယျတု(မကွေး)**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက ဝဏ္ဏသိဒ္ဓိ TC-1 ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် နှစ်ယောက်တွဲ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် အောင်ပြည့်ထွန်း၊ ဇင်မင်းဦး (အတွဲ)က ပထမ၊ အောင်မျိုးနိုင်၊ ဇင်ကို(အတွဲ)က ဒုတိယနှင့် နေလင်းအောင်၊ ထက်မြတ်သူ၊ အောင်နိုင်ဦး(အတွဲ)က တတိယဆုများရရှိခဲ့ပြီး ဆုများအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ သုံးယောက်တွဲ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ဆုမွန်အောင်၊ ဖြူဖြူသန်း၊ခင်နှင်းဝေ(အတွဲ)က ပထမ၊ နန့်ယဉ်ယဉ်မြင့်၊ နန်းဆုမြတ်စံ၊ အေးအေးသန်း(အတွဲ)က ဒုတိယနှင့် ကြူကြူသင်း၊ ဆုရည်လတ်၊ ယမုံဇင်(အတွဲ)က တတိယဆုများရရှိခဲ့ပြီး ဆုများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက လည်းကောင်း၊ လူသစ်တန်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ထူးအောင်ကျော်၊ နေခြည်ကိုကို၊ ရန်နိုင်ထွေး(အတွဲ)က ပထမ၊ အောင်ပြည့်ဖြိုး၊ အောင်သက်ဖြိုး၊ ဝေယံဖြိုး(အတွဲ)က ဒုတိယနှင့် ဖြိုးဝေဦး၊ စိုင်းကိုထွေး၊ ဉာဏ်လင်းနိုင်(အတွဲ)က တတိယဆုများရရှိခဲ့ပြီး ဆုများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းထိုက်က လည်းကောင်း ဆုများအသီးသီးပေးအပ်ခဲ့ကြောင်းသိရသည်။

**မောင်မောင်ဇော်**

# ဆေးပညာသင်ကြားရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ချမ်းအေးသာစံ ဇွန် ၂၈**

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ဆေးတက္ကသိုလ်(မန္တလေး)နှင့် ဂျပန်နိုင်ငံ Niigata University တို့အကြား ဆေးပညာသင်ကြားရေးနှင့် ခေတ်မီဆေးပညာ ကုထုံးများ ဖလှယ်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေး တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဒေါက်တာ ခင်မောင်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယပါမောက္ခချုပ်က ဆေးတက္ကသိုလ်တွင် သင်ကြားပို့ချလျက်ရှိသည့် ဘွဲ့လွန်ဆေးပညာသင်တန်းများနှင့် အထူးပြုဘာသာရပ်များ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးလက်တွေ့ပညာရပ်များ သင်ကြားပေးနေမှုနှင့် သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂျပန် Niigata University မှ Prof.TskSuo Ushki က ဂျပန်ပါမောက္ခများနှင့် မိတ်ဆက်ပေးပြီး Niigata University ၏သင်ကြားမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက်ဆေးတက္ကသိုလ်(မန္တလေး)နှင့် ဂျပန်နိုင်ငံ Niigata Universityတို့အကြား ဆေးပညာသင်ကြားရေးနှင့်ခေတ်မီဆေးပညာကုထုံးများဖလှယ်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အခွန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသောလုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

**ရေတာရှည် ဇွန် ၂၈**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော လုပ်ငန်းရှင်များအား ဒုတိယအကြိမ်မြောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခွန်ကျေပွန်စွာထမ်းဆောင်ကြခြင်းမှာ အဓိကကျကြောင်း၊ အခွန်ဝင်ငွေများရရှိနိုင်မှသာ နိုင်ငံအတွက် လိုအပ်သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲနိုင်မှာဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မိုးက အာဆီယံနိုင်ငံများတွင် အခွန်ကောက်ခံသည့်ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် အခွန်ကောက်ခံမှုများကို နှိုင်းယှဉ်တွက်ချက် ကြည့်ခြင်းအားဖြင့် အာဆီယံ ၁၀ နိုင်ငံထဲတွင် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အခွန်စည်း ကြပ်ကောက်ခံခြင်းနှင့်ရရှိသောအခွန်ငွေများအား ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘတ်ဂျက်များသို့ ကဏ္ဍအလိုက်ဖြည့်သွင်းနေမှုများနှင့် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ဘဏ္ဍာရေးနှစ်အလိုက် အရ၊ အသုံးဆိုင်ရာကိစ္စရပ်များရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝင်ငွေခွန်ကျေပွန်စွာထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်နှင့်ကုန်သွယ်ခွန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသောလုပ်ငန်းရှင် ၁၅၉ ဦးတို့အား တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**



မြန်မာ့ဂီတနေ့ဂုဏ်ပြုအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၈**
ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်းရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၌ ဇွန် ၂၇ရက်က မြန်မာ့ဂီတနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) နာယကကြီး ဒေါက်တာစည်သူ ဗိုလ်ကလေးတင့်အောင်က သြဝါဒမေတ္တာစကားပြောကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးတင်ဦးလေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်က မြန်မာ့ဂီတနေ့ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြန်မာ့ဂီတနေ့ အခမ်းအနားကျင်းပရေးတွင် မေတ္တာဖြင့်ပါဝင်ကူညီခဲ့ကြသူများအား ဒုတိယဥက္ကဋ္ဌဦးစိုးမိုးက ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်အသီးသီးမှ ဂီတအစည်းအရုံးဥက္ကဋ္ဌများနှင့် ဂီတလောကသားများ၊ အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

မြန်မာ့ဂီတနေ့ ဂုဏ်ပြုပွဲအခမ်းအနားသို့ နာယကကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဂီတအစည်းအရုံးအဖွဲ့ဝင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၉၇**

# ဇီးကုန်းမြို့နယ် ဥပဒေရုံးနှင့်ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ် ဖွင့်လှစ်

**ဇီးကုန်း ဇွန် ၂၈**
သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ဇီးကုန်းမြို့ အမှတ် (၃) ရပ်ကွက် မြို့ပတ်လမ်း (တောင်ပိုင်း)တွင် မြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဇီးကုန်းမြို့နယ် ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအုန်းသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်နှင့် သာယာဝတီခရိုင်ဥပဒေအရာရှိ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ဇီးကုန်းမြို့နယ်ဥပဒေအရာရှိ ဦးဥက္ကာကျော်က အဆောက်အအုံသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ယူတည်ဆောက်သည့် ကုမ္ပဏီမှ တာဝန်ရှိသူက တိုင်းဒေသကြီးဥပဒေအရာရှိထံ အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဥပဒေရုံးသည် ဇီးကုန်းမြို့ အမှတ် ၃ ရပ်ကွက်၊ မြို့ပတ်လမ်း (တောင်ပိုင်း)၊ ဦးပိုင်အမှတ် ၆ တွင် တည်ရှိသော မြို့နယ်ဥပဒေရုံးပိုင် မြေဧက သုည ဒသမ ၂၂ ဧက အနက်မှယာဘက်ခြမ်း သုည ဒသမ ၁၂ ဧက ပေါ်တွင် (၃၀×၃၀×၁၀)ပေ တစ်ထပ်အာရ်စီအမျိုးအစား အဆောက်အအုံအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အစိုးရ ခွင့်ပြုငွေကျပ်သန်း ၂၀ ဖြင့် သာထက်သာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ကာ ၂၀၁၆ ခုနှစ် မတ် ၁၆ ရက်တွင် လုပ်ငန်းပြီးစီးခဲ့ပြီး ဝဲဘက်ခြမ်းရှိ ကျန်သုည ဒသမ ၁၀ ဧကပေါ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ်သန်း ၄၈ ဒသမ ၂၉၆ သန်းဖြင့် GOLDEN PEAK Co.Ltd မှ တာဝန်ယူကာ (၉၀×၃၀×၁၀) ပေ တစ်ထပ်အုတ်ညှပ်လေးခန်းတွဲ ဝန်ထမ်းအိမ်ရာအဆောက်အအုံအဖြစ် ဆောက်လုပ်ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် မတ် ၂ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကျိုက်လတ်မြို့ ဓာတ်အားခွဲရုံမှ ဇွန် ၃၀ ရက်တွင် လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးမည်

**ကျိုက်လတ် ဇွန် ၂၈**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့ရှိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံမှ ဇွန် ၃၀ ရက် မွန်းတည့် ၁၂ နာရီမှ စတင်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ဇွန် ၂၈ ရက် မွန်းတည့် ၁၂နာရီက ကျိုက်လတ်ဓာတ်အားခွဲရုံရှိ ၁၀၀ အမ်ဗွီအေ မိန်းထရန်စဖော်မာထဲကို လျှပ်စစ်ဓာတ်အား စမ်းသပ်ပို့လွှတ်ထားပါတယ်၊ ဇွန် ၂၉ ရက်မှာ ဖျာပုံခရိုင်အတွင်းကို ဖြန့်ဖြူးမယ့် ၆၆/၃၃ ကေဗွီ ၃၀ အမ်ဗွီအေ ထရန်စဖော်မာကို ဓာတ်အားပို့လွှတ်မှာ ဖြစ်ပါတယ်၊ ဇွန် ၃၀ ရက် မွန်းတည့် ၁၂ နာရီမှာ ဖျာပုံခရိုင်အတွင်း လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးမှာဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်ညီက ပြောသည်။

ယခု ကျိုက်လတ်မြို့တွင် တည်ဆောက်ထားသည့် ၂၃၀ ကေဗွီဓာတ်အားခွဲရုံသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာဓာတ်အားခွဲရုံမှ ၂၃၀ ကေဗွီဓာတ်အားလိုင်းဖြင့် တိုက်ရိုက်သွယ်တန်းထားပြီး လတ်တလောတွင် ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း၊ မအူပင်မြို့များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံခရိုင်တွင် လက်ရှိအသုံးပြုနေသော ဓာတ်အားလိုင်းသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ကော့မှူး-ကွမ်းခြံကုန်းမှ ဘိုကလေးအထိ မိုင် ၉၀ ကျော် သွယ်တန်းအသုံးပြုနေရခြင်းဖြစ်ရာ မိုင်များစွာဆွဲယူထားရသည့်အတွက် မီးအားမပြည့်မီခြင်း၊ မီးအတက်အကျ မကြာခဏဖြစ်ခြင်းစသည့် အခက်အခဲများရင်ဆိုင်နေရကြောင်း သိရသည်။

ကျိုက်လတ်မြို့ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးမည့် ဇွန် ၃၀ ရက်မှစတင်၍ ကွမ်းခြံကုန်းဓာတ်အားလိုင်းမှ ရယူထားသော လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ထားပြီး ဓာတ်အားလိုင်းသစ်ရယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျိုက်လတ်ဓာတ်အားခွဲရုံမှရရှိမည့် ဓာတ်အားလိုင်းသည် ၃၃ ကေဗွီအပြည့် အဝရရှိမည်ဖြစ်၍ ပြည်သူများအနေဖြင့် မိမိတို့အိမ်ရှိ ဗို့အားမြှင့်စက်များကို တင်မထားကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ထန်းတပင် ဇွန် ၂၈**
ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ် ၁ ရပ်ကွက်အတွင်းရှိ ရပ်ကွက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ကွင်းဆင်းအသိပညာပေးခြင်းလုပ်ငန်းများကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါရပ်ကွက်သို့ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဌာနမှ ဆရာမဒေါ်ဝင်းဝင်းမော်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ အမှတ် ၁ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့်အဖွဲ့တို့ ပူးပေါင်းကာ ရပ်ကွက်နေပြည်သူများ၏ နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်ကာ ခြင်ခိုအောင်းနိုင်သည့် ရေအိုးများ၊ ရေစည်များ၊ ရေလှောင်ကန်များနှင့် ပန်းအိုးများကို ပိုးလောက်လမ်းရှိ မရှိ ကြည့်ရှုစစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောခြင်းတို့ကိုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**



# ညောင်လေးပင်မြို့၌ နယ်လှည့်ခြေတုပြုပြင်ဆောင်ရွက်ပေး

**ညောင်လေးပင် ဇွန် ၂၈**
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနက ဒေသအနှံ့ ခြေတုရရှိရေးအစီအစဉ်ဖြင့် နယ်လှည့်ခြေတုပြုပြင်ပေးခြင်းကို ဇွန် ၂၇ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံ၌ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ခြေတုပြုပြင်ပေးရာတွင် ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ ကွင်းဆင်းအရာရှိ ဦးထွန်းထွန်းအောင် ဦးဆောင်သောအဖွဲ့မှ မြို့နယ်ကြက်ခြေနီအသင်း၊ သက်ဆိုင်ရာဒေသခံအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဌာနမှတာဝန်ရှိသူများနှင့်ဆက်သွယ်ပြီး ခြေမသန်စွမ်းသူ ၄၅ ဦးအား နေ့ချင်းပြီးပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ယခင်က ခြေတုပြုလုပ်ထားသူများကို ပြန်လည် ပြုပြင်ပေးခြင်းဖြစ်ပြီး ခြေတုအသစ် ပြုလုပ်လိုသူများကို ဘားအံသို့ခေါ်ယူ၍ အသစ်ပြုလုပ်ပေးမည်ဖြစ်ကာ ဌာနအနေဖြင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း ၁၁ မြို့နယ်နှင့် မွန်ပြည်နယ်တို့၌ နယ်လှည့်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

# ကျုံပျော်တွင် သက်ငယ်မုဒိမ်းမှု လျှော့နည်းရေး အသိပညာပေးဟောပြော

**ကျုံပျော် ဇွန် ၂၈**
ကျေးလက်နေပြည်သူများ ဥပဒေအကြောင်းအရာများသိရှိပြီး မှုခင်းဖြစ်ပွားမှုနှုန်း လျှော့နည်းကျဆင်းစေရန်နှင့် ဗဟုသုတရရှိစေရန် ရည်ရွယ်၍ သက်ငယ်မုဒိမ်းမှုလျှော့နည်းရေး အသိပညာပေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပျဉ်ချဆိပ်ကျေးရွာ၌ ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျုံပျော်မြို့ မြို့မစခန်းမှူး ဒုရဲမှူး ခိုင်ကျော်ဦးက မြို့နယ်အတွင်းဖြစ်ပွားခဲ့သော သက်ငယ်မုဒိမ်းမှုဖြစ်စဉ်များ၊ အခြားမှုခင်းဖြစ်ပွားမှု အခြေအနေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ မှုခင်းမဖြစ်ပွားအောင် ဆောင်ရန်၊ ရှောင်ရန်တို့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့် အမှုကြီးများ အများဆုံးဖြစ်ပွားရာ အခြေခံဖြစ်သည့် မူးယစ်ရမ်းကားမှုများကို အထူးဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေးအတွက် မိမိတို့နှင့်အတူ ပူးပေါင်းပါဝင်ပေးပါရန် အသိပေးပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အမေ့မေတ္တာ ပရဟိတအသင်းမှ တာဝန်ရှိသူများ၊ ပျဉ်ချဆိပ်ကျေးရွာအုပ်စုအတွင်းမှ ပြည်သူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# တစ်ဦးက စေတနာ၊ တစ်ဦးက မေတ္တာ

အရှင်စန္ဒဇောတိ(ဇေယျမင်္ဂလာ)

"ရောဂါထဲမှာ ဘယ်ရောဂါ ရောဂါသာ၍ ဆိုးသနည်း၊ လျှာအရသာ ဆာရောဂါ ရောဂါသာ၍ ဆိုးသတည်း"

ငယ်ငယ်ကကြားဖူးတဲ့ ဆောင်ပုဒ်လေးပါ။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူထားတဲ့ "ဇိဃစ္ဆာ ပရမာ ရောဂါ- ဆာလောင်မှုဟာ အဆိုးဆုံးရောဂါ" ဆိုတဲ့စကားကို လင်္ကာစီထားတာဖြစ်ပါတယ်၊ ဆာလောင်တယ်ဆိုတာ "အကြောင်း အမျိုးမျိုးကြောင့်"လုံးဝမစားနိုင်လို့ မစားရလို့ ဖြစ်ပေါ်လာနိုင်သလို လုံလောက်စွာနှင့် ဝဝလင်လင် မစားရလို့လည်း ဖြစ်ပေါ်လာနိုင်တာပါပဲ၊ စားချင်လျက်နှင့် ဝလင်အောင်မစားရတာကလည်း ဆင်းရဲလို့ပါပဲ၊ ဆင်းရဲလာရင် အစားအသောက်ကိုလည်း ဝလင်အောင် မစားသောက်နိုင်၊ အဝတ်အစားကိုလည်း လုံခြုံအောင် မဝတ်ဆင်နိုင်၊ နေထိုင်ရတာကလည်း တဲကုပ်တွေလို နေရာမျိုးမှာ မပြည့်မစုံနေရပါတယ်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးကအစ အားလုံးကောင်းတယ်ဆိုတဲ့ အရာမှန်သမျှ အများနှင့်တန်းတူမှ မလိုက်နိုင်အောင် အရာရာ အောက်တန်း နောက်တန်းကို ရောက်ရတာပါပဲ၊ လူတိုင်းလူတိုင်း မိမိတို့ကိုယ်တိုင် အငတ်ခံနိုင်တယ်ထားဦး၊ မိမိတို့ရဲ့ သားသမီးတွေကိုတော့ ဝဝလင်လင် စားစေချင်ကြတာချည်းပါ၊ မိမိတို့ကိုယ်တိုင် ဖြစ်သလို ဝတ်နိုင်ပေမယ့် သားသမီးတွေကိုတော့ အများတန်းတူ လှလှပပ ဝတ်စေချင်ကြပါတယ်၊ မိမိတို့ကိုယ်တိုင် ဆင်းရဲကျပ်တည်းစွာနှင့် ဘယ်လိုပင် နေရနေရ သားသမီးများကိုတော့ မိုးလုံ လေလုံနေရာမျိုးမှာ စိတ်အေးချမ်းသာစွာနှင့် ပညာသင်ကြားနေစေချင်ကြတာ မိဘတိုင်းရဲ့ အသေးငယ်ဆုံးသော မျှော်လင့်ချက်ဖြစ်မယ်ထင်ပါတယ်။

**ဆင်းရဲမှုဟာ ဒုစရိုက်မှုအားလုံးရဲ့ အခြေခံ**

အဲဒီမျှော်လင့်ချက်တွေပြည့်ဖို့အတွက် နေပူမရှောင် မိုးရွာမရှောင် အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရပါတယ်၊ ကြိုးစားလုပ်ကိုင်နေတဲ့ကြားက အလုပ်က အဆင်မပြေ၊ လုပ်အားခကပြည့်ဝအောင်မရ၊ ရလာတဲ့ လုပ်အားခကလည်း ဒီနေ့ခေတ်ကုန်ဈေးနှုန်းနှင့် ဘယ်လိုမှ သုံးစားလို့မရအောင် နည်းနေမယ်ဆိုရင် ဆာလောင်မှုတွေ၊ ငတ်မွတ်မှုတွေ၊ မလုံခြုံမှုတွေဆိုတာ ဖြစ်ပေါ်လာမှာ မလွဲပါ။ ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်တဲ့အဆုံးမှာ ငွေရလွယ်တဲ့ လမ်းကို ရှာရင်းရှာရင်းနဲ့ ဒုစရိုက်မှုတွေ၊ မတော်မတရားမှုတွေကို လွန်ကျူးလာကြတာလည်း ဓမ္မတာပါ၊ ဒါကြောင့် ဆင်းရဲမှုဟာ ဒုစရိုက်မှုအားလုံးရဲ့ အခြေခံလို့ ပြောနေကြတာဖြစ်ပါတယ်၊ လူနည်းစုကသာ ကြွယ်ဝချမ်းသာပြီး လူများစုက ဆင်းရဲနေတဲ့ရပ်ကွက်၊ မြို့၊ ရွာ၊ နိုင်ငံမှာ ဘယ်တော့မှ တည်ငြိမ်ခြင်း၊ အေးချမ်းခြင်းဆိုတာ မရှိနိုင်ပါ၊ ဒါကြောင့် တိုင်းပြည်မှာရော ကမ္ဘာမှာပါ ဒုစရိုက်မှုတွေနည်းပါးအောင် ဆင်းရဲမှုကို "လုံးဝ ပပျောက်အောင် မလုပ်နိုင်ခဲ့ရင်တောင်" လျှော့ချနိုင်ဖို့ရာ အရေးတကြီးလိုအပ်နေပါတယ်။ ဆင်းရဲ ချမ်းသာမှုကို လျှော့ချရာမှာ ဗုဒ္ဓမြတ်စွာ သိင်္ဂါလောဝါဒသုတ်မှာ ဟောကြားတော်မူထားတဲ့ အလုပ်ရှင်ကျင့်ဝတ်၊ အလုပ်သမားကျင့်ဝတ်များဟာ စံထားဖွယ်ရာ အလွန်ပဲ မှတ်သားလိုက်နာဖွယ်ရာ ကောင်းလှပါတယ်။ အဲဒီ ကျင့်ဝတ်များကိုပဲ ရတနာပုံခေတ်က သင်္ဃာဆရာတော်ကြီးက လင်္ကာများစီထားပါတယ်။ အလုပ်ရှင်များရဲ့ ကျင့်ဝတ်များကို ဗုဒ္ဓမြတ်စွာက "ဝစွာကျွေးမွေး ပြုရေးစီရင် နာလျှင်ကုစေ ငှဝေရသာ အခါကိုလွှတ် အရှင်ဝတ် မချွတ်ငါးခုသာ"လို့ ဟောထားတော်မူပါတယ်။ အလုပ်ရှင်များဟာ မိမိရဲ့အလုပ်သမားများအပေါ်-

၁။ လစာရိက္ခာ လုံလောက်စွာပေးရပါမယ်၊

၂။ အလုပ်သမားများမှာ သာရေး၊ နာရေး ကိစ္စများပေါ်လာရင် ငွေအား၊ လူအား တတ်နိုင်ရာဖြင့် ကူညီပေးရပါမယ်၊

၃။ အလုပ်သမားများ ကျန်းမာရေးမကောင်းရင် ဆေးဝါးကုသပေးရပါမယ်၊

၄။ အလုပ်သမားများအား အခါအားလျော်စွာ စားကောင်း သောက်ဖွယ်များကို ကျွေးမွေးရပါမယ်၊

၅။ နှစ်သစ်ကူးလို့ ရုံးပိတ်ရက်တွေလိုအခါမျိုးတွေမှာ အလုပ်ကနေ အနားယူခွင့်ပေးရပါမယ်။

**စာနာ နားလည်သင့်**

အလုပ်သမားရဲ့ ကျင့်ဝတ်များကိုလည်း ဗုဒ္ဓမြတ်စွာက "အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက် ကျေးဇူးဆပ်ပါ ငါးချက်မှာကျင့်ရာ အလုပ်သမား"လို့ ဟောကြားတော်မူပါတယ်။

၁။ အလုပ်သမားများဟာ အလုပ်ရှင်များရဲ့ နောက်မှ အိပ်ကြရပါမယ်။

၂။ အလုပ်သမားများဟာ အလုပ်ရှင်များရဲ့ အရင် အိပ်ရာထရပါမယ်၊ ဒီကျင့်ဝတ်နှစ်ခုက လုပ်ငန်းခွင်မှာ အလုပ်ရှင်ထက် အရင်ရောက်နေဖို့နှင့်လုံခြုံရေးကအစ စိတ်ချရအောင် ပြုလုပ်ပြီး အလုပ်ရှင်ရဲ့နောက်မှ ပြန်ဖို့ဆိုလိုတာဖြစ်ပါတယ်။

၃။ အလုပ်ရှင်ကပေးမှသာ ယူရပါ့မယ်၊ "မသိအောင် ယူတာမျိုး ဘယ်တော့မှမလုပ်ရပါ။"

၄။ အလုပ်ကို စေ့စပ်သေချာစွာ ဆောင်ရွက်လုပ်ကိုင်ရပါ့မယ်။

၅။ အခါအခွင့်သင့်ရင် သင့်သလို အလုပ်ရှင်အပေါ်မှာ ကျေးဇူးသိရ ကျေးဇူးဆပ်ရပါ့မယ်။

> "ကိုယ့်ထက်သာလျှင် မုဒိတာဝင် ဆိုတာလို ဩော် သူတို့အတိတ်ကံကောင်းခဲ့လို့ ကြွယ်ဝချမ်းသာကြပေတယ်၊ ငါတို့လည်း စိတ်ကောင်းမွေးပြီး စည်းကမ်းတကျ လုပ်ကြကိုင်ကြ သုံးကြစွဲကြရင်း သူတို့လောက် မဟုတ်တောင် ကိုယ့်အတိုင်းအတာနှင့် ကိုယ် အဆင်ပြေပြေ နေနိုင်ကြလိမ့်မယ်..."

သဗ္ဗေသတ္တာ ကမ္မဿကာ - သတ္တဝါအားလုံးမှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်။ သဗ္ဗေသတ္တာ ကမ္မဒါယာဒါ - သတ္တဝါအားလုံးဟာ ကံတရားရဲ့ အမွေစား အမွေခံတွေချည်းသာဖြစ်ကြတယ်ဆိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်အတိုင်း အတိတ်ဘဝက ဒါနကံကောင်းသူတွေက ဒီဘဝမှာ စီးပွားဥစ္စာကြွယ်ဝချမ်းသာစွာဖြင့် အလုပ်ရှင်ဆိုပြီး လာဖြစ်ကြပါတယ်။ ဒါနကံ နည်းပါးသူများကတော့ စီးပွားဥစ္စာနည်းပါးစွာနှင့်အလုပ်သမား လူတန်းစားရယ်လို့ ဖြစ်လာကြရတာ ဖြစ်ပါတယ်။ သံသရာခရီးဆိုတာ တစ်ဘဝတည်းမဟုတ်ပါဘူး၊ နိဗ္ဗာန်မရသေးသမျှ လျှောက်လှမ်းကြရဦးမှာမို့ အရှည်ကြီးကျန်ပါသေးတယ်။ သံသရာမှာ ကျင်လည်နေကြရတဲ့ ပုထုဇဉ်မှန်သမျှ "သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ၊ ဗုံလုံ တစ်လှည့် ငါးပုံ့တစ်လှည့်" ဆိုတာလို အမြဲတမ်းမြင့်နေတာ မရှိသလို အမြဲတမ်းလည်း နိမ့်ကျနေတယ်ဆိုတာမရှိပါဘူး။ ဒါကြောင့် ကိုယ်လည်းတစ်နေ့ နိမ့်ကျနိုင်တာမို့ အလုပ်ရှင်များက အလုပ်သမားများအပေါ်မှာ စာနာ နားလည်သင့်ပါတယ်၊ စာနာနားလည်တယ်ဆိုတာကိုက မေတ္တာ ကရုဏာဖြစ်လို့ မိမိတို့မှာ ကုသိုလ်တောင်ရပါသေးတယ်၊ ကိုယ့်သန္တာန်မှာ ကုသိုလ်တွေတိုးလာရင်လည်း "ရှေးကကောင်းလို့ ခုကောင်းပါတယ်၊ အခုကောင်းနောင်လည်း ကောင်းလိမ့်မယ်" ဆိုတဲ့စကားလို ဘဝအဆက်ဆက်မှာ မြင့်သထက်မြင့်ဖို့သာရှိပါတယ်။ စာနာ နားလည်မှု မရှိဘဲ "ပေဖြစ်ရင်တော့ခံရမှာပဲ၊ တူဖြစ်ရင်လည်းနှံ့ရမှာပဲ" ဆိုတဲ့ စိတ်ထားမျိုးထားရင်တော့လည်း ကိုယ့်ကျင်းကိုယ်တူးပြီး ယက်ဆင်းသလို ဒီဘဝမှာပဲ မြင့်ရာကနိမ့်၊ နိမ့်ရာကနစ်သွားနိုင်တယ်ဆိုတာကို သတိမူသင့်ပါတယ်။

**ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ**

အလုပ်သမားများအနေနဲ့လည်း "ကိုယ့်ထက်သာလျှင် မုဒိတာဝင်" ဆိုတာလို ဩော် သူတို့အတိတ်ကံကောင်းခဲ့လို့ ကြွယ်ဝချမ်းသာကြပေတယ်၊ ငါတို့လည်း စိတ်ကောင်းမွေးပြီး စည်းကမ်းတကျ လုပ်ကြကိုင်ကြ သုံးကြစွဲကြရင်း သူတို့လောက်မဟုတ်တောင် ကိုယ့်အတိုင်းအတာနှင့်ကိုယ် အဆင်ပြေပြေ နေနိုင်ကြလိမ့်မယ်လို့ တွေးပြီး ကိုယ်ကျရာ လုပ်ငန်းတာဝန်ကို မလစ်ဟင်းအောင် စေ့စပ်သေချာစွာ ဆောင်ရွက်သင့်ပါတယ်။ အဲဒီလို ဆောင်ရွက်မယ်ဆိုရင် ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပြီး လုပ်ငန်းရှင်များက သတိထားမိလာကာ လစာဝင်ငွေတိုးလို့ နေ့စဉ်လူမှုဘဝတွေလည်း တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက် မြင့်လာပါလိမ့်မယ်၊ အဲဒီလိုမှ မဟုတ်ဘဲ "မစားရတဲ့အမဲ သဲနှင့်ပက်မယ်"ဆိုတဲ့ စိတ်ထားမျိုးသာ ထားမိရင် ဒီဘဝမှာလည်း မွဲသထက်မွဲ မှောင်သထက် မှောင်ကာ နောင်သံသရာမှာလည်း ပါယ်လေးဝ သောင်အငူမှာ ခေါင်းမပြူစတမ်း ခံရတတ်တယ်ဆိုတာကို သတိထားသင့်လှပါတယ်။

တကယ်တော့ အလုပ်ရှင်နှင့် အလုပ်သမားဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီနေကြတဲ့ ဆွေမျိုးရင်းချာတွေပါ။ ဗုဒ္ဓမြတ်စွာကလည်း "ခြေလှမ်း ခုနစ်လှမ်း အတူလှမ်းဖူးရင်မိတ်ဆွေ၊ ၁၂ ရက် အတူတူနေဖူးရင်း သူငယ်ချင်း၊ ၁၅ ရက် သို့မဟုတ် တစ်လ အတူတူနေဖူးရင်ဆွေမျိုး၊ အဲဒီထက်ပိုပြီး ကြာကြာနေဖူးရင် မိမိနှင့် ထပ်တူသူလို့ဟောထားပါတယ်" ဒါကြောင့် အလုပ်ရှင်၊ အလုပ်သမားရယ်လို့ ခွဲခြားပြီး မမြင်ဘဲ လုပ်ဖော်ကိုင်ဖက် စီးပွားဖော်စီးပွားဖက် ဆွေမျိုးရင်းချာ စိတ်ထားမျိုး တစ်ဦးပေါ် တစ်ဦးထားနိုင်ရင် အကောင်းဆုံးပါပဲ၊ အဲဒီလို စိတ်ထားမျိုးသာ ထားနိုင်ရင် လုပ်ခလစာ နည်းတယ်များတယ် ဆိုတဲ့ ပြဿနာမျိုးလည်း ပေါ်လာစရာကိုမလိုတော့ပါ။ သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး အားလုံးပဲနှလုံးစိတ်ဝမ်း အေးချမ်းကြရမှာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက အနာထပိဏ် သူဌေးကြီးမှာ ကာဠကဏ္ဏိအမည်ရှိတဲ့ ငယ်သူငယ်ချင်း တစ်ယောက်ရှိပါတယ်။ နောင်အချိန်ကြာလာတဲ့အခါမှာ ကာဠကဏ္ဏိဟာ စီးပွားပျက်လို့ သူဌေးကြီးထံမှာ မှီခိုကပ်ရပ်ပြီး နေရပါတယ်၊ သူဌေးကြီးကလည်း လစာရိက္ခာပေးပြီးတော့ အားပေးစောင့်ရှောက်ထားပါတယ်။ ကာဠကဏ္ဏိဆိုတဲ့ အမည်ကလည်း မြန်မာလိုဆိုရင် လူယုတ်မာလို့ အဓိပ္ပာယ်ရပြီး ကြားရတာကိုက ကျက်သရေမရှိလှတဲ့ နာမည်မျိုးဖြစ်ပါတယ်။ ဒါကြောင့် အခြားမိတ်ဆွေတွေက ကာဠကဏ္ဏိကို လက်ခံမထားဖို့ သူဌေးကြီးအား ပြောကြပါတယ်။ ဘယ်သူတွေ ဘယ်လိုပင်ပြောကြပြောကြ သူဌေးကြီးကတော့ ဆွေမျိုးရင်းချာပမာ ကာဠကဏ္ဏိကို ကြည်ဖြူစွာနဲ့ လက်ခံထားတာပါပဲ၊ တစ်နေ့မှာတော့ အရေးကြီးကိစ္စတစ်ခုနှင့် သူဌေးကြီးမှာ ခရီးထွက်စရာကြုံပါတယ်။ ကာဠကဏ္ဏိနှင့် အိမ်စောင့် အနည်းငယ်ကိုသာထားခဲ့ပြီး အခြွေအရံများစွာနှင့် ခရီးထွက်သွားတယ်။ ဒီသတင်းကိုကြားတဲ့ ခိုးသားဓားပြတွေက ညအခါမှာ သူဌေးအိမ်ကို လုယက်ဖို့လာကြတယ်။ ကာဠကဏ္ဏိခေါင်းဆောင် ပြီးတော့ သူဌေးအိမ်မှာ လူတွေ အများကြီးရှိတယ်ထင်ရအောင် တီးကြ၊ မှုတ်ကြနှင့် အသံပြုပြီးနေကြလို့ သူခိုးဓားပြတွေ လက်လျှော့ပြီး ပြန်သွားကြရတယ်၊ နောက်တစ်နေ့ရောက်မှ အိမ်ပတ်ဝန်းကျင်မှာ သူခိုးဓားပြတို့ရဲ့ ခြေရာလက်ရာတွေကို တွေ့ကြရလို့ ကာဠကဏ္ဏိရဲ့ အစွမ်းအစနှင့် စိတ်နေစိတ်ထားကို သိရှိကြရတယ်။

**ဆွေမျိုးရင်းချာပမာ**

ဒီဝတ္ထုကို ဖတ်ရတဲ့အခါမှာ တကယ်လို့သာ သူဌေးကြီးက ကာဠကဏ္ဏိကို မကောင်းတတ်လို့ ဝတ္တာရားအရသာ လက်ခံရတယ်၊ နှိမ့်ချဆက်ဆံမယ်၊ စိတ်ထားမမှန်ခဲ့ဘူးဆိုရင် အရေးကြုံလာတဲ့အခါမှာ ကာဠကဏ္ဏိဟာ သူဌေးအိမ်ကို အခုလို ကာကွယ်စောင့်ရှောက်ပါ့မလားလို့ စဉ်းစားစရာကောင်းပါတယ်။ ဒီအဖြစ်မျိုးက စာအုပ်ထဲမှာပဲ ရှိနိုင်ပါတယ်လို့ ထင်ကြသူတွေကလည်း မိမိတို့နိုင်ငံမှာကိုပဲ အလုပ်ရှင်ရဲ့အိမ် မီးလောင်တဲ့အခါမျိုး စတာတွေမှာ သက်စွန့်ဆံဖျား မီးကိုဝိုင်းငြိမ်းကြတဲ့ အလုပ်သမား စသူတွေကို ဟိုမြို့ ဒီရွာတွေမှာ မြင်နေရ၊ ကြားနေရတာတွေကို သတိမူသင့်ပါတယ်။ အဲဒီလို တစ်ဦးမှာ အရေးကိစ္စကြုံလာလို့ တစ်ဦးက ကိုယ်ကျိုးစွန့်ပြီး ကူညီကြတယ်ဆိုတာ သူက စေတနာထားလို့ ကိုယ်ကပြန်ပြီး မေတ္တာထားတယ်ဆိုတာ အသေအချာဖြစ်ပါလိမ့်မယ်။ ဒါကြောင့်ပဲ အလုပ်ရှင်၊ အလုပ်သမားရယ်လို့ မခွဲခြားဘဲ ဆွေမျိုးရင်းချာပမာ တစ်ယောက်ရဲ့ အခက်အခဲကို တစ်ယောက်က ဖြေရှင်းပေးသလို တစ်ယောက်ရဲ့ လိုအပ်ချက်ကိုလည်း တစ်ယောက်က ဖြည့်ဆည်းပေးတဲ့ စေတနာထား မေတ္တာပွားတဲ့ စိတ်ထားမျိုးတွေ လူတိုင်းမှာ ထားနိုင်ကြပါစေလို့ ဆန္ဒမေတ္တာပြုလိုက်ရပါတယ်။ ။

**အကိုး- သာမဏေကျော်ဆရာတော်၏ လူငယ်တို့ ဖတ်ဖွယ် ဇာတ်အသွယ်သွယ်။**

---

## ရုပပေဒဘာသာရပ်ဆိုင်ရာ လက်တွေ့သင်ကြားမှု အရည်အသွေးတိုးတက်ရေး လာရောက်ပို့ချ

**မိတ္ထီလာ ဇွန် ၂၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် ဂျပန်နိုင်ငံအစိုးရ၏ 2017-EDU-Port Supported Project အထောက်အပံ့ အစီအစဉ်ဖြင့် မိတ္ထီလာတက္ကသိုလ်တွင် ရူပဗေဒဘာသာရပ်ဆိုင်ရာ လက်တွေ့သင်ကြားမှု အရည်အသွေးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ ဂီဖုတက္ကသိုလ်မှ Senior Professor Dr. Kazuma NAKAZAWA မှ ဇွန် ၂၅ ရက်နံနက် ၁၀ နာရီက မိတ္ထီလာတက္ကသိုလ် ရူပဗေဒဌာနလက်တွေ့ခန်း၌ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ဂီဖုတက္ကသိုလ်က Senior Professor Dr. Kazuma NAKAZAWA အနေနဲ့ ရူပဗေဒဘာသာရပ်ဆိုင်ရာလက်တွေ့ သင်ကြားမှုအရည်အသွေး တိုးတက်စေရေးအတွက် အခုလို သင်ခန်းစာများလာရောက်ပို့ချတာဖြစ်ပါတယ်။ မိတ္ထီလာတက္ကသိုလ်မှာရှိတဲ့ ရူပဗေဒဌာနက ဆရာဆရာမတွေ၊ ဘွဲ့လွန်ကျောင်းသူ ကျောင်းသားတွေကို ရူပဗေဒဘာသာရပ်ဆိုင်ရာ လက်တွေ့သင်ကြားမှု အရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် လာရောက် ဆွေးနွေးပို့ချပေးတာ ဖြစ်ပါတယ်ဟု မိတ္ထီလာတက္ကသိုလ် ရူပဗေဒဌာနမှ ပါမောက္ခ ဒေါက်တာကျော်ကျော်ဝင်းက ပြောသည်။

ဂျပန်နိုင်ငံရှိ ဂီဖုတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ်မှ ဆရာ၊ ကျောင်းသား ဖလှယ်ပညာ သင်ကြားရေးအစီအစဉ်များ ပါဝင်သည့် နားလည်မှု စာချွန်လွှာကို ၂၀၁၅ ခုနှစ်အတွင်းက လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ ရူပဗေဒဘာသာရပ်ဆိုင်ရာ လက်တွေ့ပို့ချမှု အရည်အသွေးတိုးတက်ရေး သင်ကြားပို့ချခြင်းကို ဇွန် ၂၅ ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# မိုက်ကယ်ဂျက်ဆင်၏ဖခင် ဂျိုးဂျက်ဆင် (၈၉) နှစ်အရွယ်တွင် ကွယ်လွန်



ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ ဖခင်ဖြစ်သူ ဂျိုးဂျက်ဆင်ဟာ လတ်တလောမှာ ပန်ခရိယက်ကင်ဆာနဲ့ ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ ကွယ်လွန်ချိန်မှာတော့ အသက် (၈၉) နှစ်အရွယ်ရှိပြီဖြစ်ကာ မိသားစုဝင်တွေလည်း အနားမှာရှိနေခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၂၇ ရက်မှာ ဂျိုးဂျက်ဆင် ကွယ်လွန်ခဲ့တာဖြစ်ပြီး ဆေးရုံမှာ တက်ရောက်ကုသမှု ခံယူနေရတဲ့ ဂျိုးဂျက်ဆင်ကို ဆရာဝန်တွေက ဇွန် ၂၂ ရက်မှာ လက်လျှော့လိုက်တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျိုးဂျက်ဆင် ကွယ်လွန်ချိန်မှာ အချို့သော မိသားစုဝင်တွေက သူ့အနားမှာ ရှိခွင့်မရတဲ့အပြင် သူရှိနေတဲ့ နေရာကိုပါ မသိရကြောင်း မီဒီယာကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ကတော့ သူနဲ့အတူ ရှိနေခဲ့တဲ့ အဘိုးဖြစ်သူရဲ့ နောက်ဆုံးအချိန်တွေကို မှတ်တမ်းတင်ထားတဲ့ ဗီဒီယိုဖိုင်ကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာကို တွေ့ရပါတယ်။

ဂျိုးဂျက်ဆင်ဟာ သားသမီး ၁၁ ဦး ရှိခဲ့ပြီး နောက်ပိုင်းနှစ်တွေမှာ ကျန်းမာရေးမကောင်းမွန်ခဲ့ပါဘူး။ သူဟာ ၂၀၁၃ ခုနှစ်အတွင်း လေဖြတ်ခဲ့ပြီး ကုသမှုခံယူခဲ့ကာ ၂၀၁၅ ခုနှစ်အတွင်း နောက်တစ်ကြိမ် လေဖြတ်ခဲ့ပါတယ်။ ဒါ့အပြင် သူဟာ နှလုံးခေတ္တရပ်သွားတာကိုလည်း သုံးကြိမ်ခံစားခဲ့ရပါတယ်။ ယခုနှစ်နှစ်စပိုင်းမှာလည်း ယာဉ်တိုက်မှုဖြစ်ခဲ့တာကြောင့် ဆေးရုံတက်ရောက်ခဲ့ကြောင်းလည်း သိရပါတယ်။

# အသက် နှစ်နှစ်ဆယ်ခန့်ငယ်တဲ့မင်းသမီးနဲ့ အချစ်ဇာတ်လမ်း တွဲဖက်ရိုက်ကူးသွားမယ့် လီပြောင်ဟွန်း



တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသား တစ်ဦးဖြစ်တဲ့ လီပြောင်ဟွန်းဟာ သူ့ရဲ့ ဇာတ်လမ်းတွဲသစ်မှာတော့ အသက် နှစ်နှစ်ဆယ်ခန့်ငယ်တဲ့ ဂျူနီယာနဲ့ တွဲဖက်ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဒီလို အသက်အရွယ်အားဖြင့် အလွန်ကိုကွာခြားတဲ့ မင်းသမီးနဲ့ အချစ်ဇာတ်လမ်း တွဲဖက်ရိုက်ကူးသွားရမယ့် သူ့ရဲ့ခံစားချက်တွေကို လီပြောင်ဟွန်းက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီပြောင်ဟွန်းဟာ tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲ "Mr. Sunshine"မှာ ပါဝင်သွားမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ လီပြောင်ဟွန်းနဲ့ တွဲဖက်သရုပ်ဆောင်မယ့် ခေါင်းဆောင်မင်းသမီးကတော့ ကမ်တေးရီဖြစ်ပြီး သူဟာ လီပြောင်ဟွန်းထက် အသက်နှစ်နှစ်ဆယ်လောက်ငယ်သူဖြစ်ပါတယ်။ လီပြောင်ဟွန်းဟာ မကြာမီ အသက် (၄၈) နှစ်ပြည့်တော့မှာဖြစ်ပြီး ကမ်တေးရီကတော့ (၂၈) နှစ်အရွယ်သာရှိသေးတာ ဖြစ်ပါတယ်။ ဒီလိုအသက်အရွယ်ကွာခြားလွန်းသူနှစ်ဦးအကြားက အချစ်ဇာတ်လမ်းကို ပုံဖော်သွားရမယ့် ဒီရုပ်ရှင်မှာပါဝင်ရတဲ့ သူ့ရဲ့ခံစားချက်တွေကို လီပြောင်ဟွန်းက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဇွန် ၂၆ ရက်က ပြုလုပ်ခဲ့တဲ့ "Mr. Sunshine" ဇာတ်လမ်းတွဲအတွက် သတင်းစာရှင်းလင်းပွဲမှာတော့ လီပြောင်ဟွန်းက "ဇီဝဗေဒအရ ကျွန်တော်တို့နှစ်ဦး အသက်အရွယ် အလွန်ကွာခြားတာမှန်ပေမယ့် သရုပ်ဆောင်နေတဲ့အချိန်မှာ ကျွန်တော် ဒါကို ခံစားမိမှာ မဟုတ်ပါဘူး"လို့ ဆိုခဲ့ပါတယ်။ မင်းသမီး ကမ်တေးရီကလည်း သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် စီနီယာမင်းသားများစွာနဲ့ တွဲဖက်ရိုက်ကူးခဲ့ရကြောင်း၊ ဒီရုပ်ရှင်မှာတော့ လီပြောင်ဟွန်းနဲ့ တွဲဖက်သရုပ်ဆောင်ရာမှာ မင်းသားကို လိုက်မမီမှာ စိုးရိမ်မိကြောင်း၊ ဒါပေမယ့် သူ့အနေနဲ့ အကောင်းဆုံးကြိုးစားသွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒီဇာတ်လမ်းတွဲကို အလွန်အောင်မြင်ခဲ့တဲ့ ကိုရီးယားဇာတ်လမ်းတွဲ "Descendants of the Sun(DOTS)" နဲ့ "Goblin" တို့အတွက် ဇာတ်ညွှန်းရေးသားခဲ့သူ ကမ်အွန်ဆွတ်ကပင် ဇာတ်ညွှန်းရေးပေးမှာဖြစ်ပါတယ်။ ဒီလိုအောင်မြင်တဲ့ ဇာတ်ညွှန်းရေးဆရာက ရေးသားပေးမယ့် ဇာတ်လမ်းဖြစ်တဲ့အပြင် အဓိကဇာတ်ဆောင်နှစ်ဦးအကြား အလွန်ကို ကွာခြားလွန်းတဲ့ အသက်အရွယ်ကြောင့် ပရိသတ်တွေကို အထူးဆွဲဆောင်ထားနိုင်တဲ့ ဇာတ်လမ်းတွဲတစ်ခု ဖြစ်ပါတယ်။

"Mr. Sunshine" ကိုတော့ လာမယ့် ဇူလိုင် ၇ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်း သိရပါတယ်။



# လီယိုနာဒိုဒီကာပရီယိုနဲ့ ဘရက်ပစ်တို့ရဲ့ ရုပ်ရှင်သစ်အတွက် ဓာတ်ပုံထုတ်ဖော်ပြသ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားတွေဖြစ်ကြတဲ့ လီယိုနာဒိုဒီကာပရီယိုနဲ့ ဘရက်ပစ်တို့ဟာ "Once Upon A Time In Hollywood" လို့အမည်ရတဲ့ ရုပ်ရှင်မှာ အတူတွဲဖက်ပါဝင်ထားတာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာ ပါဝင်ထားတဲ့ သူတို့ရဲ့ ဇာတ်ကောင်တွေအရ ပြင်ဆင်ဝတ်စားပြီး ရိုက်ကူးထားတဲ့ ဓာတ်ပုံကို လီယိုနာဒိုဒီကာပရီယိုက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့် ဖော်ပြခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးက တာဝန်ယူထုတ်လုပ်သွားမယ့် ဒီရုပ်ရှင်မှာတော့ လီယိုနာဒိုဒီကာပရီယိုဟာ အနောက်တိုင်းကြယ်ပွင့် ရစ်ခ်ဒယ်လ်တန်အဖြစ် ပါဝင်ထားတာဖြစ်ပြီး ဘရက်ပစ်ကတော့ သူနဲ့ နှစ်အတော်ကြာ တွဲဖက်သရုပ်ဆောင်ခဲ့သူ စတန့်သရုပ်ဆောင် ကလစ်ဖ်ဘုသ်အဖြစ် ပုံဖော်ထားတာဖြစ်တယ်လို့ သိရပါတယ်။

ဒီရုပ်ရှင်နဲ့ပတ်သက်ပြီး ပထမဆုံးထုတ်ဖော်ပြသခဲ့တဲ့ ယင်းဓာတ်ပုံမှာတော့ လီယိုနာဒိုဒီကာပရီယိုဟာ ၁၉၆၀ ပြည့်နှစ်တွေအတွင်း ခေတ်စားခဲ့တဲ့ အမျိုးသားတွေရဲ့ ဝတ်ဆင်ပုံမျိုးဝတ်ဆင်ထားတာ တွေ့ရပါတယ်။ ကောင်းဘွိုင်ဖိနပ်ရှည်ကို အညိုရောင်ဘောင်းဘီနဲ့ တွဲဖက်ဝတ်ဆင်ထားပြီး သားရေကုတ်အင်္ကျီရဲ့အောက်မှာတော့ လည်ပင်းလုံတဲ့ ဆွယ်တာမျိုး တွဲဖက်ဝတ်ဆင်ထားတာ ဖြစ်ပါတယ်။ ဘရက်ပစ်ကတော့ အနက်ရောင်တီရှပ်နဲ့ ဂျင်းဂျာကင်၊ ဂျင်းဘောင်းဘီနဲ့အတူ နေကာမျက်မှန်ကိုပါ တပ်ဆင်ထားတာ တွေ့ရပါတယ်။

"Once Upon A Time In Hollywood" မှာ ပါဝင်သရုပ်ဆောင်ကြမယ့် အနုပညာရှင်တွေအနက် ပထမဆုံး အတည်ပြုခဲ့သူက လီယိုနာဒိုဒီကာပရီယိုဖြစ်ပါတယ်။ အဲဒီနောက် ဘရက်ပစ်၊ မာဂေါ့ရော်ဘီ၊ တင်မိုးသီအိုလီဖန့်၊ လုခ်ပါရီ၊ ဘာ့ထ်ရေးနော့ဒ် စတဲ့ အနုပညာရှင်တွေလည်း ပါဝင်သွားမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဟာ ၁၉၆၉ ခုနှစ်အတွင်း လော့စ်အိန်ဂျလိစ်မှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်မှန်ကို အခြေပြုပုံဖော်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီရုပ်ရှင်ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ၂၀၁၉ ခုနှစ်အတွင်း ထုတ်လွှင့်ပြသသွားနိုင်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

# TEEN TOP ရဲ့ ဂီတသက်တမ်း ရှစ်နှစ်ပြည့်အထိမ်းအမှတ် တေးအယ်လ်ဘမ် ထုတ်လွှင့်မည်

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "TEEN TOP" ဟာ မကြာမီမှာ ဂီတသက်တမ်း ရှစ်နှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။ ဒီလို အဖွဲ့ရဲ့ ဂီတခရီးမှတ်တိုင်သစ်တစ်ခုအတွက် အမှတ်တရဖြစ်စေဖို့ ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့မှာတော့ ထွက်ရှိပြီးသမျှသော တေးသီချင်းတွေအနက် ကြိုက်နှစ်သက်တဲ့ တေးသီချင်းတွေကို ပြန်လည်စုစည်းကာ တေးအယ်လ်ဘမ်သစ်အဖြစ် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို ပြန်လည်စုစည်းထားတဲ့ တေးအယ်လ်ဘမ်ကိုတော့ လာမယ့် ဇူလိုင် ၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး အမည်ကိုတော့ "Teen Top Story: 8pisode" လို့ ပေးထားတာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ အဖွဲ့ကို အစဉ်တစိုက်အားပေးလာခဲ့ကြတဲ့ ပရိသတ်တွေအတွက် ရည်ရွယ်ထုတ်လွှင့်ပေးတဲ့ တေးအယ်လ်ဘမ်ပါ။ ဒါ့အပြင် ဒီအယ်လ်ဘမ်ဟာ ပရိသတ်တွေအတွက် အဖွဲ့ရဲ့ ရှစ်နှစ်မြောက်နှစ်ပတ်လည် ကျင်းပနိုင်ဖို့ရာ ရည်ရွယ်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတွေကနေတစ်ဆင့် အဖွဲ့ဝင်တွေက ပရိသတ်တွေဆီကို အမှတ်တရ သတင်းစကားတွေလည်း ပါးထားကြောင်း သိရပါတယ်။

ဒါ့အပြင် အယ်လ်ဘမ်အတွင်းမှာ ပါဝင်တဲ့ စာအုပ်ငယ်လေးမှာလည်း အဖွဲ့ဝင်တွေရဲ့အကြောင်းကို ထည့်သွင်းဖော်ပြထားကြောင်းလည်း သိရပါတယ်။ "TEEN TOP" ဟာ ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်း ဂီတနယ်ပယ်ကို စတင်ဝင်ရောက်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ မေလအတွင်းမှာတော့ "Seoul Night" တေးသီချင်းကို ထုတ်လွှင့်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။



# တိုတိုထွာထွာ ဖတ်စရာ

## မူးယစ်ဆေးဝါးစွဲသူများ ပြန်လည်ထူထောင်ရေး ဆွေးနွေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၇ ရက် နေ့လယ်ပိုင်းက လားရှိုးမြို့ မန်နားရွာသစ်ရှိ ဘဝသစ်လူငယ်ဖွံ့ဖြိုးရေး ပရဟိတအသင်းသို့ သွားရောက်ကာအသင်း ဥက္ကဋ္ဌ ဦးအာကြူ၊ စခန်းတာဝန်ခံ ဦးရန်လီရွှေ၊ လောက်ကိုင်မြို့အခြေစိုက် ဘဝပြုစုပျိုးထောင်ရေးအသင်း တာဝန်ခံဦးထွန်းထွန်းခိုင်နှင့်တွေ့ဆုံပြီး မူးယစ်ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးအတွက် စခန်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် လားရှိုးမြို့ ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်ကာ စခန်းတာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ယခင်သင်တန်းအတွေ့အကြုံများ ပြန်လည် သုံးသပ်ကာ နောင်ဖွင့်လှစ်မည့်သင်တန်းများတွင်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## မျိုးစေ့နှင့် နှစ်ရှည်ပျိုးပင် ပေးအပ်ပွဲကျင်းပ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ၂၀၁၈-၂၀၁၉ ခုနှစ် အစားထိုးသီးနှံ (မျိုးစေ့၊ နှစ်ရှည်ပျိုးပင်) ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇွန်၂၇ ရက် နံနက် ၉ နာရီ ခွဲကကျင်းပသည်။

ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းချစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး လင်းခေးခရိုင် မောက်မယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုးက အစားထိုးသီးနှံပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မျိုးစပါး GW-1၊ အစေ့ထုတ်ပြောင်း၊ ထောပတ်၊ ရှောက်ချို၊ သံပရာ၊ လျှော်ဖြူပျိုးပင်များနှင့် ဓာတ်မြေသြဇာများအား တောင်သူများထံသို့ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## အောင်လံမြို့မရဲစခန်း အချုပ်ခန်းများစစ်ဆေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းသည် ခရိုင်တရားသူကြီး ဒေါ်ခင်သန့်ဇင်၊ ခရိုင်ဥပဒေအရာရှိ ဦးကြည်ခင်နှင့် မြို့နယ်တရားသူကြီး ဒေါ်ယင်းမာတို့နှင့်အတူ ဇွန် ၂၇ ရက် နံနက် ၉ နာရီက အောင်လံမြို့မရဲစခန်းသို့ ရောက်ရှိလာပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်စိန်၊ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးစိုးညွှန့်ဦးတို့နှင့် တွေ့ဆုံကာ မြို့မရဲစခန်းရှိ အချုပ်ခန်းသုံးခုအားစစ်ဆေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ယင်းအချုပ်ခန်းများမှအချုပ်သား ကျား ၅၀ နှင့် မ သုံးဦးတို့အား တွေ့ဆုံ၍ အချုပ်ခန်းများသန့်ရှင်းမှု၊ ကျန်းမာရေးနှင့် အာဟာရမျှတမှု ရှိ၊ မရှိ စစ်ဆေးမေးမြန်းခဲ့ပြီး အချုပ်သား ၅၃ ဦးတို့၏ အမှုအလိုက်ကြန့်ကြာမှု ရှိ၊ မရှိ အခြေအနေများအား တစ်ဦးချင်းမေးမြန်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**သိန်းလွင်(အောင်လံ)**

## စားသုံးရန်မသင့်သည့် အစားအစာများ ရောင်းချမှု မရှိစေရေး စစ်ဆေး

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ပတ္တမြားဈေး၌ ဒေသခံပြည်သူအများ စားသုံးရန်မသင့်သည့် အစားအစာများ ရောင်းချခြင်းမရှိစေရန် ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းကို ဇွန် ၂၆ ရက်က ဆောင်ရွက်သည်။

စားသုံးသူရေးရာဦးစီးဌာန ပခုက္ကူခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဦးဇော်နေလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးအတွင်း အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သည့် အစားအစာများ၊ သက်တမ်းလွန်အစားအစာများရောင်းချခြင်း ရှိ-မရှိကို စစ်ဆေးခဲ့ပြီး သက်တမ်းလွန်မုန့်များ၊ အချိုရည်များနှင့် အစားအစာများကို ရောင်းချမှုမရှိရန် သိမ်းဆည်းခြင်း၊ ပညာပေးဆွေးနွေးခြင်းများဆောင်ရွက်ခဲ့သည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

## တာချီလိတ်တွင် ဖက်ဒရယ်စနစ်၏ အခြေခံသဘောတရားများ ရှင်းလင်းဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရန်ကုန်မြို့အခြေစိုက် Federal Training Team(FTT)နှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ANDP)တို့ ပူးပေါင်းစီစဉ်သည့် ဖယ်ဒရယ်စနစ်၏ အခြေခံသဘောတရားများဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၂၈ ရက်က ဝမ်ကောင်းရပ်ကွက်ရှိ သွယ်ဟော့ပေါ့ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဖက်ဒရယ်စနစ်အကြောင်းအရာများ၊ ဖက်ဒရယ်စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖက်ဒရယ်စနစ်များတွင် မတူကွဲပြားမှုကို စီမံခန့်ခွဲခြင်း၊ ဖက်ဒရယ်စနစ်တွင် လုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်း၊ ဖက်ဒရယ်စနစ်နှင့် ဒေသန္တရအစိုးရများ၊ ဖက်ဒရယ်စနစ်တွင် ဘဏ္ဍာငွေကြေးခွဲဝေသုံးစွဲခြင်းအစီအမံများ စသည့်အကြောင်းအရာများကို ဆွေးနွေးကြသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ဟားခါးမြို့သာသနာ့ရောင်ခြည်စေတီတော် ရွှေထီးတော်တင်လှူ



**ဟားခါး ဇွန် ၂၈**

ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်သည့် 'သာသနာ့ ရောင်ခြည်စေတီတော်' ရွှေထီးတော်တင် အလှူတော်မင်္ဂလာ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက စေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်များနှင့် အရံစေတီ ရွှေထီးတော်များကို ပင့်ဆောင်၍ 'သာသနာ့ရောင်ခြည်စေတီတော်' အား လက်ယာရစ်လှည့်လည်ပူဇော်ကာ စေတီတော်အထွတ်ငြိမ်းအထက်သို့ မင်္ဂလာရထားပုံဖြင့် ပင့်ဆောင်ပူဇော်ကြသည်။

ချင်း ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် တာချီလိတ်မြို့မရဲစခန်းအချုပ်ခန်းအား ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇွန် ၂၈**

ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် တာချီလိတ်ခရိုင်တရားသူကြီး ဦးဝင်းအောင်နှင့်အတူ ဇွန် ၂၆ ရက် နံနက်က တာချီလိတ်မြို့မရဲစခန်းအချုပ်ခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ စစ်ဆေးရာတွင် ရဲစခန်းရှိ အချုပ်သားများအား တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိ-မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိ၊ ကျန်းမာရေး စောင့်ရှောက်မှုအခွင့်အလမ်းရရှိမှုနှင့် စားသောက်ရမှု အခြေအနေများကို မေးမြန်း ကြည့်ရှုစစ်ဆေးပြီး ကြန့်ကြာနေသော အမှုများတွင် သက်သေဆင့်ခေါ်ပေးရန် မြို့မရဲစခန်းမှူးအား လမ်းညွှန်မှာကြားကာ ယင်းအမှုများအား အမြန်စစ်ဆေးကြရန် တရားသူကြီးများကိုမှာကြားသည်။

အလားတူ ပြည်နယ်တရားသူကြီးချုပ်သည် ဇွန် ၂၅ ရက်ကလည်း ကျိုင်းတုံအကျဉ်းထောင်နှင့် မိုင်းဖြတ်မြို့မရဲစခန်းအချုပ်ခန်းကိုလည်းကောင်း၊ ဇွန် ၂၆ ရက်တွင် တာချီလိတ်မြို့နယ် ဝမ်ပုံနယ်မြေ ရဲစခန်းအချုပ်ခန်းကိုလည်းကောင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**



## မုံရွာမြို့ရှိ ဂျပန်စစ်သင်္ချိုင်းကို ခရီးသွားများလေ့လာသည့်နေရာဖြစ်စေရန် ဖန်တီးသင့်

**မုံရွာ ဇွန် ၂၈**

မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ ဂျပန်စစ်သင်္ချိုင်းကို ခရီးသွားများ လာရောက်လေ့လာသည့် နေရာတစ်ခုဖြစ်လာစေရန် ဖန်တီးဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးမှူး ဦးအောင်သူဦးက ပြောကြားသည်။

"ဂျပန်ဘက်က ခရီးသွားတွေကိုလည်း မျှော်လင့်တယ်။ ဂျပန်ခရီးသွားအများစုက ဘိုးဘွားစဉ်ဆက် သမိုင်းကြောင်းကို စိတ်ဝင်စားတာများတယ်။ အဲဒါကြောင့် ဂျပန်နဲ့ဆိုင်တဲ့အရာတွေ လုပ်ထားတာ သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိသွားရင် သူတို့ဒီဘက်ကို လာနိုင်တယ်လို့ ယူဆတယ်။ ဂျပန်ခရီးသွားတွေ မုံရွာဘက်လာတာတွေရှိပါတယ်။ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် သိသွားရင် အဆက်အစပ်နဲ့လာကြမှာပါ။ ဒေါနခြံက ဂျပန်သင်္ချိုင်းကို သပ်သပ်ရပ်ရပ်နဲ့ မြက်ခင်းစိမ်းစိမ်းလန်းလန်းနဲ့ လုပ်လိုက်ရင် ဂျပန်တွေအပြင် ပြည်ပခရီးသွားတွေ လာရောက်လေ့လာကြမှာသေချာပါတယ်" ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားဦးစီးမှူး ဦးအောင်သူဦးက ရှင်းပြသည်။

လက်ရှိတွင် ချုံနွယ်ပိတ်ပေါင်းများနှင့်အတူ များပြားလှသော အမှိုက်များရှိနေသောကြောင့် လာရောက်လေ့လာလိုသူများ သွားလာရန်အဆင်မပြေသည့်အခြေအနေတွင်ရှိနေသည်ကို တွေ့ရသည်။

"ဂျပန်သင်္ချိုင်းကို ဂျပန်လူမျိုးတွေ အုပ်စုလိုက်လာတာရှိသလို တစ်ဦး၊ နှစ်ဦး လာတာတွေရှိပါတယ်။ အင်ဖာစစ်လမ်းကြောင်းတစ်လျှောက် ကျဆုံးတဲ့ ဂျပန်စစ်သည်တွေရဲ့စာရင်းကို ပြုစုပြီး အုတ်မှတ်တိုင်ခြေရင်းမှာထည့်ကာ နှစ်စဉ်လာရောက်ပြီး စားဖွယ်သောက်ဖွယ်တွေနဲ့ပူဇော်ပသကြတာတွေ လုပ်ခဲ့တယ်" ဟု မုံရွာမြို့သစ်ရပ်ကွက်နေ ဂျပန်ဘာသာပြန်ဆောင်ရွက်နေသော ဆရာ ဦးခင်မောင်ဆန်းက ပြောသည်။

ဂျပန်စစ်သင်္ချိုင်းတွင်ရှိသည့် သူရဲကောင်းများ ကျောက်တိုင်အောက်ခြေတွင် မုံရွာနှင့် အင်ဖာစစ်လမ်းကြောင်းတစ်လျှောက် သေဆုံးခဲ့သည့် ဂျပန်စစ်သည်များ၏ အမည်နှင့် ရာထူးများ မှတ်တမ်းတင်ထားသည့် ထင်းရှူးပြား ၉၀ ကျော် ၁၀၀ နီးပါးမြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်သင်္ချိုင်းတည်စဉ်က မိဘများနှင့်ဆောင်ရွက်ခဲ့သူ မုံရွာမြို့ ဘုရားကြီးရပ်နေ ဦးနေဝင်းထံမှ သိရသည်။

"စစ်အတွင်းက ကျဆုံးသွားတဲ့ ဂျပန်စစ်သည်တွေရဲ့နာမည်တွေကို ထင်းရှူးသားနဲ့ မှတ်တမ်းတင်ပြီး အလယ်ကျောက်တိုင်ခြေရင်းမှာ ထည့်ပိတ်ထားတာပါ။ ဒီထဲမှာထည့်ထားတာ ဦးရေအတော်များတယ်။ ကျောက်တိုင်က လေးခုရှိတယ်။ အလယ်က ကျောက်တိုင်အရှည်ပါ။ ကျဆုံးသွားတဲ့ ရဲဘော်တွေစာရင်းကို အလယ်တိုင်မှာ ထည့်ထားတာပါ။ ဟိုတုန်းက ဒီဇင်ဘာလရောက်ရင် နှစ်တိုင်း ဂျပန်ကအမျိုးတွေလာကြတယ်။ လက်ရှိ ဂျပန်သင်္ချိုင်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ချင်ပါတယ်"ဟု ဦးနေဝင်းက ရှင်းပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## လေးလက်မစက်ရေတွင်း၌ ဆိုလာပန့်ပြောင်းလဲတပ်ဆင်ခြင်း လုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ချောင်းဦး ဇွန် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျောက်စစ်ကန်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး လေးလက်မစက်ရေတွင်း၌ ဆိုလာပန့် လဲလှယ်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ကျောက်စစ်ကန်ကျေးရွာတွင် ကျေးရွာသုံး လေးလက်မစက်ရေတွင်းတွင် ဆိုလာပန့် လဲလှယ်တပ်ဆင်ခြင်းကို မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဗိုလ်ဆန်းနှင့် အင်ဂျင်နီယာများ ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျောက်စစ်ပုံကျေးရွာရှိ စက်ရေတွင်းကို ၂၀၁၂ ခုနှစ်တွင် ယူနီဆက်မှ ကျေးရွာရေရရှိရေးအတွက် လေးလက်မစက်ရေတွင်းအဖြစ်တူးဖော်ပေးခဲ့ပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများနှင့် ဆိုလာပန့်ကို တပ်ဆင်ပေး၍ အိမ်အရောက်ရေဖြန့်ဝေပေးခြင်းကို လုပ်ဆောင်ပေးရာ အသုံးပြုသည့်နှစ် ကြာမြင့်လာသဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် မွမ်းမံရန်ပုံငွေဖြင့် ပြန်လည်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# နိုင်ငံခြားသားခရီးသွားများ ရွှေဆံတော်စေတီရင်ပြင်ပေါ်မှ မှတ်တမ်းဓာတ်ပုံရိုက်ကူးသူများပြား



**ညောင်ဦး ဇွန် ၂၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း၌ နိုင်ငံခြားသား ခရီးသွားများ စဉ်ဆက်မပြတ်ဝင်ရောက်လေ့လာလျက်ရှိသလို ပြည်တွင်းဘုရားဖူးဧည့်သည်များလည်း လာရောက်လျက်ရှိကြောင်းသိရသည်။

ပုဂံဒေသရောက် နိုင်ငံခြားသားခရီးသွားများနှင့် ဘုရားဖူးပြည်သူများသည် ရှေးဟောင်းဘုရားစေတီပုထိုးများ၊ ရှေးဟောင်းအမွေအနှစ်လက်ရာစသည့် ယဉ်ကျေးမှုလက်ရာများကို လေ့လာကြပြီး နံနက် ၆ နာရီနှင့် ညနေ ၆ နာရီတွင် ပုဂံမြို့ဟောင်းရှိ အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော ရွှေဆံတော်စေတီတော်ရင်ပြင်တော်ပေါ်မှ ပုဂံယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းဘုရားစေတီပုထိုးများကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးသူများ ယခင်နှစ်များထက် ပိုမိုများပြားလာလျက်ရှိကြောင်း စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သည့် ရွှေဆံတော်စေတီတော်၏ ပစ္စယံအထက်ငါးဆင့် ရင်ပြင်တော်ပေါ်သို့ ခရီးသွားနိုင်ငံခြားသားများ၊ ဘုရားဖူးပြည်သူများ တက်ရောက်၍ ပုဂံဒေသ၏ အလှအပရှုခင်းကိုအမိအရ ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။

"သူတို့က အမေရိကန်နိုင်ငံကပါ။ မြန်မာနိုင်ငံကို ဒီအခေါက်နဲ့ဆို ၁၀ ခေါက်ရှိပါပြီတဲ့။ မြန်မာပြည်ရောက်တာနဲ့ ရှေးဟောင်းယဉ်ကျေးမှုလက်ရာပေါများတဲ့ ပုဂံမြေကို ပထမဆုံးလာရောက်လေ့လာပြီး ကျန်ဒေသများကို ခရီးဆက်မှာပါ။ ပုဂံရောက်တာနဲ့တစ်နေ့လုံး လေ့လာကြပြီး နံနက်အစောပိုင်းနေထွက်ချိန်နဲ့ ညနေ နေဝင်ချိန်တွေကို ဒီဘုရားပေါ်မှာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပါတယ်။ ဒီဘုရားရဲ့ ရင်ပြင်တော်ပေါ်ကနေ ပုဂံဒေသရှိ ဘုရားပုထိုးစေတီများ၊ ရှုခင်းအလှအပများကို ရှင်းလင်းပြတ်သားစွာ မှတ်တမ်းတင်ရိုက်ကူးလို့ ရပါတယ်။ ဟိုနိုင်ငံရောက်တဲ့အခါ ဆွေမျိုးတွေက မြန်မာနိုင်ငံမှာရှိတဲ့ ပုဂံဒေသဘုရားပုထိုးတွေကို ကြည့်ချင်ကြနဲ့ အမှတ်တရအဖြစ် ရိုက်ကူးတာ ဖြစ်ပါတယ်"ဟု အမေရိကန်နိုင်ငံခြားသားတစ်ဦးက ပြောသည်။

**ကျော်ကျော်(မလှိုင်)**

## ကျောင်းမုန့်ဈေးတန်းနှင့် ဆေးဆိုင်များစ



**အုတ်ဖို ဇွန် ၂၈**
ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများသာ ရောင်းချနိုင်စေရန် ရည်ရွယ်၍ အုတ်ဖိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ မုန့်ဈေးတန်းအား ဇွန် ၂၇ ရက် နံနက်ပိုင်းက မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လင်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ပြီး အလားတူ မြို့မ ၃ လမ်းရှိ မူလွန်ကျောင်း၌ ရောင်းချလျက်ရှိသော ကျောင်းမုန့်ဈေးဆိုင်များအား စစ်ဆေးခဲ့ရာ ယင်နားမှုမရှိစေရန် ဖုံးအုပ်ရောင်းချရန်နှင့် အမှိုက်ပုံးများထားရှိရန် အသိပညာပေးခဲ့သည်။

အဆိုပါအဖွဲ့သည် နေ့လယ်ပိုင်းတွင် အုတ်ဖိုမြို့အတွင်းရှိဆေးဆိုင်များအား စစ်ဆေးခဲ့ပြီး စပ်ဆေးများရောင်းချခြင်းမပြုရန်၊ ဆေးရောင်းချသူများက ဆေးကိုင်တွယ်ရာ၌ လက်အိတ်ဖြင့် ကိုင်တွယ်ရန်လိုကြောင်း၊ ဆေးဆိုင်သန့်ရှင်းမှုရှိရန်နှင့် ဆေးများအား ကြမ်းပြင်ပေါ်၌ချထား ရောင်းချခြင်းမပြုရန် အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူဆွေ (ပြန်/ဆက်)**

## တိုတိုထွာထွာ ဖတ်စရာ

**ရန်ကုန်**
မြို့နယ်လုံးကျွတ် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစဉ်နှင့်ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ၁၂ ရပ်ကွက် ကံဘဲ့ဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဒေါ်သီသီလတ်က ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းများအပြင် မိမိတို့အိမ်ခြံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်ရှိ အိုးခြမ်းပဲ့များ၊ ကားတာယာအစုတ်များအား မြေမြှုပ်ခြင်း၊ ချုံနွယ် သစ်ပင်များ၊ ကိုင်းများရှင်းခြင်းနှင့် ခြင်ဆေးများမှုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ကျန်းမာရေး ဌာန) မှ ခရိုင်ဦးစီးမှူး ဒေါက်တာ ဦးအောင်ကိုဦးက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးနှင့်ပတ်သက်၍ အသိပညာပေးပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

**မြင့်ထွန်း (ပြန်/ဆက်)**

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗောဓိကုန်းရပ်ကွက် မြို့မ အထက ၌ ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက တိုက်ကြီးမြို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ် ၆၂ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး စုမှူးဒုရဲမှူးဝင်းစိုးက ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၇၄၂ ဦး တက်ရောက်ကြောင်းသိရသည်။

**ထွန်းလှိုင် (မြိုင်)**

**ပြည်**
မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံကိန်းကို ပြည်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော မှော်ဇာ(ရွာမ) ကျေးရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၉၉ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူကိုးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူရှစ်ဦး စုစုပေါင်း ၁၂၉ ဦးအတွက် စီမံကိန်းချေးငွေကျပ် ၃၆၇ သိန်းအား ပြည်မြို့နယ် မြစိမ်းရောင်စီမံကိန်း တာဝန်ခံနှင့်အဖွဲ့က စီမံကိန်းလက်စွဲပါ စည်းကမ်းချက်၊ ညွှန်ကြားချက်များနှင့်အညီ နေ့ချင်းပြီး လက်ဝယ်အရောက် ထုတ်ပေးခြင်းကို ဇွန် ၂၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## သုံးခွမြို့နယ်၌ ကိုယ်လက်လှုပ်ရှားအားကစားဇွန်ဘာအကဖြင့် သရုပ်ပြ

**သုံးခွ ဇွန် ၂၈**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် Mega Life Science Co.,ltd. တို့ ပူးပေါင်းကျင်းပသော အမျိုးသမီးများကျန်းမာကြံ့ခိုင်စေရေးအတွက် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အစီအစဉ်ကို ဇွန် ၂၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အားကစားခန်းမဆောင်၌ ပြုလုပ်ရာ အထက(၁)၊ အထက(၂)နှင့် ဌာနဆိုင်ရာမှ အမျိုးသမီး ၂၀၀ ခန့်က Zunba (ဇွန်ဘာ) အကဖြင့် ပါဝင်ဆင်နွှဲသရုပ်ပြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



## ကျိုက်ထိုမြို့နယ်အတွင်း အသက် ၉၀ နှစ်နှင့်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**ကျိုက်ထို ဇွန် ၂၈**
ကျိုက်ထိုမြို့နယ်အတွင်းရှိ အသက် ၉၀ နှစ်နှင့်အထက် အဘိုးအဘွားများအား ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကို ဇွန်၂၈ ရက် နံနက်ပိုင်းက စတင်၍ရပ်ကွက် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများက အိမ်တိုင်ရာရောက်လိုက်လံ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါထောက်ပံ့ရာတွင် မြို့ပေါ် ၆ ရပ်ကွက်၌ ဘိုးဘွား ၄၀ နှင့်အတူ ကျေးရွာ ၂၇ ရွာမှ ဘိုးဘွား ၉၂ ဦး စုစုပေါင်း ၁၃၂ ဦးကို တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ စီ ထောက်ပံ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှလည်း ဆေးဝါးပစ္စည်းများထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

ဥတုရာသီ တောကိုမှီ၏

ကြေးမုံ
ဇွန် ၂၉၊ ၂၀၁၈

# တာချီလိတ်မြို့နယ်ရှိ လွယ်ယွန်းခမ်းရွှေဟောင်းစေတီတော်ကြီး ထီးတော်တင်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



**တာချီလိတ် ဇွန် ၂၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် မိုင်းဖုန်းဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏသံဝရ၏ ဩဝါဒနှင့်အညီ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့ ပါဝင်လှူဒါန်းမှုဖြင့် ပြန်လည်မွမ်းမံတည်ထားခဲ့သည့် လွယ်ယွန်းခမ်းရွှေဟောင်း စေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ဇွန် ၂၇ ရက် နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နံနက် ၆ နာရီ က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ နဝမမြောက် ဗန်းမော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတွင် အနေကဇာတင်လှူခဲ့ပြီး မိုင်းဖုန်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် အလှူရှင်များက စေတီတော်ကြီးအား ထီးတော်တင်လှူပူဇော်သည်။

စေတီတော်ကြီး ထီးတော်တင်လှူပူဇော်ပွဲသို့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှန်တစ်လုံ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် တိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွယ်ယွန်းခမ်းစေတီတော်ကြီးမှာ ၂၀၁၁ ခုနှစ် မတ် ၂၄ ရက် ညပိုင်းက လှုပ်ခတ်ခဲ့သည့် တာလေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရာ မိုင်းဖုန်းဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့်အညီ တပည့်ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်အလှူရှင်များ ပါဝင်လှူဒါန်းမှုဖြင့် ၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် စေတီအဟောင်းအား ငုံ၍ အသစ်ပြန်လည် တည်ထားခဲ့ခြင်းဖြစ်ကာ ယခုအခါ ဉာဏ်တော် ၁၁၈ ပေ၊ အောက်ခြေပလ္လင်ခုံ ထုထည်မှာ ၂၄၆ ပေ ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# မောက်မယ်မြို့နယ်၌ နမ့်အွန် ကွန်ကရစ်ဆည် တည်ဆောက်

**မောက်မယ် ဇွန် ၂၈**
ကျေးလက်နေ ပြည်သူများ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် နားသဲကျေးရွာ နမ့်အွန်ရေထွက်အောက်အနီးတွင် ပေ ၆၀ x ပေ ၁၃၀ ကွန်ကရစ်ဆည်ကို ဇွန် ၂၈ ရက်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

နမ့်အွန်ရေထွက်သည် ရေလုံလောက်မှု မရှိသဖြင့် တောင်သူများ၏ ဆန္ဒအရ ကွန်ကရစ်ဆည်တည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေမှ ကျပ်သန်း ၁၃၀ ချမှတ်ဆောင်ရွက်ခွင့်ပေးပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရပြီး နမ့်အွန်ဆည်ပြီးမြောက်သွားပါက လယ်မြေဧက ၂၅၀ ခန့် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးအရာရှိ ဦးခွန်မြင့်ဇော် ထံမှသိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# သွေးလှူရှင်များအားဂုဏ်ပြုပွဲကျင်းပ

**မြစ်ကြီးနား ဇွန် ၂၈**
ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် သွေးလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉နာရီခွဲက မြစ်ကြီးနားမြို့ ခုတင် ၅၀၀ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုးက လူ၏ခန္ဓာကိုယ်တွင် သွေးလည်ပတ်မှုနှင့် လူသားတို့အသက်ရှင် ရပ်တည်မှုအတွက် သွေးသည်အလွန်ပင်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ သွေးသည်အသက်၊ အသက်သည်သွေး ဆိုရိုးစကားနှင့်အညီ အရေးကြီးလိုအပ်လျက်ရှိသည့် သွေးလှူရှင်များကို ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းမှုအကြိမ်ရေ (၈၃) ကြိမ်လှူဒါန်းထားသည့် ဦးကျော်မင်းအပါအဝင် အကြိမ်(၂၀)အထက် သွေးလှူရှင် ၅၇ ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

**စာမျက်နှာ ၁၅ မှ**

**မဲစာရင်းတွင်အမည်ပါရှိရေးသည်အဓိကဖြစ်သည်**

ဒီမိုကရေစီစနစ်သည် ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ဒီမိုကရေစီအစိုးရသည် ပြည်သူ့အစိုးရ ဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ပြည်သူတို့၏လက်တွင်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူတို့ကရွေးကောက်တင်မြှောက်ကြရသည်။ ပြည်သူတို့ကိုယ်တိုင် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့်လည်းရှိကြသည်။ ရွေးကောက်တင်မြှောက်ဖို့ဆိုလျှင် ရွေးကောက်ပွဲများ ကျင်းပပေးရသည်။ ပြည်သူတွေ ဆန္ဒမဲပေးနိုင်အောင် စီမံဆောင်ရွက်ကြရသည်။ ဆန္ဒမဲပေးနိုင်ရန် မဲစာရင်းတွင် မိမိအမည်ပါရန်လိုအပ်သည်။ ထိုနည်းတူ ရွေးကောက်တင်မြှောက်ခံနိုင်ရန် မဲစာရင်းတွင် မိမိ၏အမည်ပါရန်လိုအပ်သည်။ ဤတွင် မဲစာရင်းတွင် အမည်ပါရှိရေးသည် အဓိကဖြစ်သည်။ မဲစာရင်းတွင် မိမိအမည်ပါဝင်ရေး မဲစာရင်းကို မလွဲမသွေကြည့်ရှုကြရန်လိုအပ်သည်။

**ပြည့်စုံသော၊မှန်ကန်သောမဲစာရင်းဖြစ်ဖို့ဆိုလျှင်**

ပြည့်စုံမှန်ကန်သော မဲစာရင်းတစ်ခုဖြစ်မြောက်အောင် ပြုစုပုံနည်းလမ်းများကို ဥပဒေက ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းပေးထားသည်။ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအားလုံး မဲပေးပိုင်ခွင့် ရရှိဖို့နှင့် တာဝန်ရှိသူများက ဥပဒေနှင့်အညီ ပြည့်စုံမှန်ကန်သော မဲစာရင်းတစ်ခုပြုစုနိုင်ဖို့ဆိုလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့က ပြုစုထားသည့် လူဦးရေစာရင်း မှန်ကန်ဖို့လိုသည်။ အသက် (၁၈) နှစ် ပြည့်သော်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ၊ ပုံစံ ၁၀ မရှိသောအိမ်ထောင်စုများနှင့် ရွှေ့ပြောင်းနေထိုင်သူတို့အတွက် ဆိုင်ရာတာဝန်ရှိဌာန၊ အဖွဲ့အစည်းများက အချိန်မီ ကူညီဆောင်ရွက်ပေးရန်လိုအပ်သည်။

ဤသို့သောအခြေအနေတွင် မဲဆန္ဒရှင်များက မဲစာရင်းများကို ကြည့်ဖို့လိုသည်။ မိသားစု တစ်စုလျှင် အနည်းဆုံး တစ်ဦးက လာရောက်ကြည့်ရှုသင့်သည်။ ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများကလည်း မဖြစ်မနေ ကြည့်ရှုသင့်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကလည်း လာရောက်ကြည့်ရှုသင့်ကြသည်။ မဲစာရင်းတွင် အမည်ပါသင့်သူများ မပါခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေခြင်း၊ အချက်အလက်ဖော်ပြချက်များ မှားယွင်းနေခြင်း တွေ့ရှိလျှင် ဥပဒေတွင်သတ်မှတ်ထားသည့် ပုံစံများဖြင့် တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ပြုလုပ်ကြခြင်း၊ ပြုလုပ်ကြစေခြင်းဖြင့် ပြည့်စုံမှန်ကန်သော မဲစာရင်းတစ်ခု ဖြစ်ပေါ်လာမည်ဟု ယုံကြည်မိကြောင်းပါ။ ။

**ပြည့်စုံမှန်ကန်သော မဲစာရင်းတစ်ခုဖြစ်ပါစေ၊ စုပေါင်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။**

***ကိုးကားချက်။*** *။ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့်နည်းဥပဒေများ။*

## တိုတိုထွာထွာဖတ်စရာ

### မြစ်သားမြို့မဈေး၌ စားသုံးရန်မသင့်သော အစားအသောက်များ စစ်ဆေး

**မြစ်သား**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီအဖွဲ့မှ စားသုံးရန် မသင့်သော အစားအသောက်များကို မြို့မဈေးအတွင်း၌ ဇွန် ၂၈ နံနက် ၉နာရီက စစ်ဆေးကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ခွင့်မပြုဓာတုဆိုးဆေး ပါဝင်သည့် Miki-ko အမှတ်တံဆိပ်ချယ်ရီသီးများ၊ ဆေးလိပ်ပုံ ချိုချဉ် smoke Candy များနှင့် အခြားစားသုံးရန် မသင့်သော အစားအသောက်များကို ဈေးဆိုင်များတွင် စစ်ဆေးခဲ့ကြောင်းနှင့် အမှတ်တံဆိပ် မပါရှိသော အစားအသောက်များကို မရောင်းချကြရန် စားသုံးသူရေးရာဦးစီးဌာနနှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြောကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

### အလင်းရောင်စီမံချက်ဖြင့် အင်ဒိုင်းကြီးကျေးရွာ၌ အိမ်သုံးမီတာများနေ့ချင်းပြီးတပ်ဆင်

**ကလေး**
စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၏ စီစဉ်ညွှန်ကြားချက်အရ ကလေးခရိုင် ကလေးမြို့နယ် အင်ဒိုင်းကြီးကျေးရွာတွင် အလင်းရောင်စီမံချက် One Stop Service(OSS)စနစ်ဖြင့် ကျေးရွာသုံးမီတာအလုံး ၁၀၀၊ မြို့ငယ်သုံးမီတာ တစ်လုံးနှင့် မြို့ကြီးသုံးမီတာ သုံးလုံး စုစုပေါင်း ၁၀၄ လုံးတို့ကို ဇွန် ၂၇ ရက်က ခရိုင်နှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်ကျေးရွာမီးလင်းရေး ကော်မတီအဖွဲ့ဝင်များ ပူးပေါင်း၍နေ့ချင်းပြီးတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

### ခရမ်းမြို့၌ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်

**ရန်ကုန်**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ခြောက်လပတ် ဘဏ္ဍာရေးနှစ်တွင် ကျိုက်နီချောင်ကျေးရွာ၊ ကွင်းလျားရှည်ကျေးရွာ၊ ဝန်လေးဝကျေးရွာတို့ရှိ ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။

**သက်မှူး**

### မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ငါန်းဇွန်**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် လက်ပံပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇွန် ၂၇ ရက် နံနက် ၁၀နာရီက မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတားဆီးရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ငါန်းဇွန်မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းဇော်မြင့်က မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတားဆီးရေးအတွက် အသိပညာပေး ဆွေးနွေးဟောပြောပြီး ကျောင်းအုပ်ဆရာကြီးဦးလှပိုနှင့် လက်ပံသာကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းတို့က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

### ယာဉ်မတော်တဆမှု ကင်းဝေးစေရေး အသိပညာပေး

**မိတ္ထီလာ**
မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု နွားစားငုတ်ကျေးရွာတွင် ၂၀၁၅ ခုနှစ် အမြန်လမ်းမကြီးဥပဒေသိရှိစေရန်နှင့်ယာဉ်မတော်တဆမှု ကင်းဝေးစေရေးရည်ရွယ်ချက်ဖြင့် အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၇ ရက် ည ၇ နာရီက အဆိုပါ ကျေးရွာမူလတန်းကျောင်းတွင် ကျင်းပသည်။

၂၀၁၅ ခုနှစ် အမြန်လမ်းမကြီးဥပဒေအကြောင်းကို သီးကုန်းအမြန်လမ်းမကြီးရဲစခန်း စခန်းမှူး ဒုရဲမှူး မိုးညွန့်ဦးက ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များကို သီးကုန်း အမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၉ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၆-၂၀၁၈ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၆-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀ိ + အရည်အချင်းလစာ ၄၀၀ိ + M.H.R.A - ၁၀၀၀ိ - ၂၁၈၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ိ/- နှုန်းဖြင့် ၁၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# မော်လမြိုင်မြို့၊ သမိုင်းဝင် ကျိုက်သလွံစေတီတော် ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း



မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်း ၁၇-၆-၂၀၁၈ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းထန်စွာ တိုက်ခတ်မှုများကြောင့် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ တောင်ရိုးတန်းရှိ အထင်ကရသမိုင်းဝင်စေတီတစ်ဆူဖြစ်သော ကျိုက်သလွံစေတီတော်အရှေ့ဘက်နှင့် အနောက်ဘက်မုခ် တောင်စောင်းများအနီး မြေပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ သမိုင်းဝင်ကျိုက်သလွံစေတီတော်ကြီး၏ ပျက်စီးမှုများအား ဘက်စုံပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင် လှူဒါန်းလိုပါက အောက်ဖော်ပြပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ကျိုက်သလွံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၇-၂၀၂၁၃၃၄
(ခ) မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး ဖုန်း-၀၅၇-၂၀၂၇၃၀၃
(ဂ) မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၅၇-၂၀၂၇၀၇၃

ရပ်နီး၊ ရပ်ဝေးမှ အလှူရှင်များအနေဖြင့် အလှူငွေများကို ဦးမြင့်သန်းဝင်း ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၁၈၆၅၃၆၊ ဦးစိုးမြင့် ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၃၁၂၅၈၉၊ ဦးမြင့်အောင် ညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၃၂၂၅၈၂တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း၊ (Account No-02230202202309302 KBZ Bank သို့လည်း ပေးသွင်းလှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။)






















## မကွေးမြို့၊ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ တင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါကြော်ငြာ

မကွေးမြို့၊ မြသလွန်စေတီကုန်းတော်ပေါ်တွင် သန့်စင်ခန်းနှင့် ရေချိုးခန်း(၂)ထပ် အဆောက်အဦအား မြသလွန်စေတီတော်ဘဏ္ဍာတော်ငွေ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုပါ၍ စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ ၂-၇-၂၀၁၈ရက်မှ ၁၆-၇-၂၀၁၈ရက်ထိ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကပအဖွဲ့ရုံးသို့ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ နေ့စဉ် ၉း၀၀နာရီမှ ၁၆း၀၀နာရီအတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး၊ မကွေးမြို့။**

**ဖုန်း ၀၉-၂၅၆၁၄၄၄၆၃၊ ၀၉-၂၅၆၁၄၄၄၆၄၊ ၀၉-၂၅၆၁၄၄၄၆၅**

---

စာပေရွှေခေတ် ၀၉ ၄၂၁၀၂၅၇၃၈ ၊ ၀၉ ၉၇၁၃၁၀ ၆၉၈

## သမ္မတကြီး ဦးဘဦး ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ

(ကျွန်တော်၏ဗမာပြည်)

မောင်မြတ်မိုး (မြန်မာပြန်)

MY BURMA BY U BA U

The autobiography of a President

" ဒီမိုကရေစီကို ကောင်းစွာလည်ပတ်နိုင်စေတာ တရားရေးစနစ်ဖြစ်တယ် "

---

London Pearson LCCI (UK)မှအသိအမှတ်ပြုထားရှိသင်တန်းကျောင်း

## ဒေါ်သူဇာဝင်း

Approved Centre

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc(UK)

# LCCI 1,2,3

MYOB , AutoCount /Job Training for Accountant

December 2018 Series တန်းခွဲသစ်များကျောင်းအပ်လက်ခံပြီး (15/7/2018)အထိအပ်နှံသူများ(20%)Discount ပေးအပ်နေပါသည်

အမှတ်(၃၀)ပုလဲလမ်း၊ကျိုက္ကဆံရပ်ကွက်၊တာမွေမြို့နယ်၊(မြလမ်းမှတ်တိုင်)

Ph:09-5029621,09-5402724,09-250371045

---

## အောင်ကမ္ဘာ အိမ်ခြံမြေရောင်းဝယ်ရေး

ဒဂုံမြို့သစ် တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ မြေကွက်များဝယ်လိုသည်။ ပွဲခပေးရန်မလိုပါ။ အိမ်အရောက် ငွေချေပေးသည်။

Ph:09-43118200, 09-450096144, 09-450096155

---

### ဖခင်အမည်မှန်

တွံတေးမြို့ အထက(၂) ဒသမတန်း (G)မှ မခင်လပြည့်ဝန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးနိုင် [၁၂/တတန(နိုင်)၀၀၃၇၇၂] ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးနိုင်**

---

### ဖခင်အမည်မှန်

တွံတေးမြို့ အထက(၂) ဒသမတန်း (A)မှ မောင်ရဲရင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းမင်းဌေး [၁၂/တတန(နိုင်)၀၀၅၈၈၁]ဖြစ်ပါကြောင်း။

**ဦးသိန်းမင်းဌေး**

---

### ကိုရီးယားဘာသာ အခမဲ့သင်တန်း

တစ်လတည်းနဲ့ ကိုရီးယားစာ ရေးနိုင်၊ ဖတ်နိုင်ရမည်။ Level(1), (2) အတန်းများလည်းရှိပါသည်။ လူဦးရေကန့်သတ်ထားပါသဖြင့် ၁-၇-၂၀၁၈ရက် နောက်ဆုံးထား စာရင်းပေးသွင်းကြပါရန်။

**တိုက်(C)၊ အခန်း(၈)၊ သယ်န်းကျွန်း ဘဏ်ရိပ်သာ၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၅၀၀၃၉၆၈၈**

---

### ကလေးနာမည်ပေး ဆရာကြီးရာစာဇော်ဝင်း

(LL.B)(WIPO,DL-101Switzerland)

နှင့်ဆက်သွယ်ပါလူကြီးများလိုရာမေး

01-399136 ,09-73009994,09-253997740 09-5152521

---



## မဏိစန္ဒာ

### အမျိုးသမီးအပ်ချုပ်သင်တန်း

ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ အတတ်သင်ပေးသည်။

၁။ အိမ်အရောက်သင်တန်း ၊ ညနေသင်တန်း ၊ တနင်္ဂနွေသင်တန်း

၂။ Handmade

ဖုန်း – ၃၈၈၂၃၃၊ ၅၂၄၈၃၅ ၊ ၀၉၄၅၀၂၀၆၉၈၆ ၀၉၅၀၀၇၆၅၀၊ ၃၇၅၀၀၄

---

ဦးသန်းလွင်+ဒေါ်သန်းသန်းမြင့်

မူလပထမ **တိဗ္ဗ (1)** ကြိုတင်စာရင်းသွင်းပါရန်။

## ကားမောင်း၊ စက်ပြင်သင်တန်း

* မ/ဒဂုံယာဉ်မောင်းသင်ကွင်း။
  ☎:01-706862,09-73047755,09-73322177,09-73235757,
* သိမ်ဖြူကားကက်ဆက်တန်း။
  ☎:01-201188, 09-73047744, 09-73047766
* (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်။
  ☎:01-549764, 01-545155
* အမှတ်(3-F) ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ မေအိမ်ရာရှေ့၊သယ်န်းကျွန်း။ ☎:01-573986, 01-573988

---

## ဝိန်ငါးလုံး လိမ်းဆေးရည်

အမှတ်တံဆိပ်

ကြက်နို ၊ ငါးမျက်စိ၊ နှင်းခူ၊ အကျိတ်၊ မှဲ့ခြောက်၊ မှဲ့ကြီး၊ အသားပို သီးများနှင့် ခြေသည်းလက်သည်း ညိုမည်းခြင်း၊ အပူလောင်ခြင်း၊ အဆိပ်တက်ခြင်း၊ အနာအမျိုးမျိုးဖြစ်ခြင်း တို့အတွက် " ဝိန်ငါးလုံး " လိမ်းဆေးရည်ကို လိမ်းပါ။

မင်ရင်း – ဆ / ၁၀၁၊ မေဟာသီ (၄)လမ်း၊ ရတနာ့အသိဂီရေးပတ်လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။ – ၀၉၄၂၁၀၄၀၀၈၅

အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

---

## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း 10',14',15' ကားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။

Ph:09-450454771
09-450454772
09-450454773

---




ရတနာသစ်တော ပြည့်သွေး ကြောသစ်တော ရတနာ ထိန်းသိမ်းပါ





























ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်စသည့် ကဏ္ဍကြီး ငါးရပ်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲများကို ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများ ကာကွယ်ခြင်း၊ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး၊ ကျား၊ မ တန်းတူညီမျှရေး၊ ဖက်ဒရယ်စနစ်တွင် စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံရမည့်မူများ၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်ရေး၊ တိုင်းရင်းသားစာပေသင်ကြားရေး၊ တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာ၊ ဝတ်စားဆင်ယင်မှု၊ သမိုင်းအမွေအနှစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ကာကွယ်ထိန်းသိမ်းရေး၊ လူတိုင်းအကျိုးဝင်သော ပညာရေးစနစ်၊ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သည့် ကျန်းမာရေးစနစ် ဖော်ဆောင်ရေး၊ အနာဂတ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် လူမှုရေးကဏ္ဍလုပ်ငန်းကော်မတီ ဆွေးနွေးပွဲ ကျင်းပစဉ်။

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောဒေသ၌ ကွင်းဆင်းသတင်းရယူ

စစ်တွေ ဇွန် ၂၈

**ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းသတင်းရယူရန် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့နယ် အင်းဒင်ကျေးရွာသို့ ရောက်ရှိကြသည်။**

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ ငါးခူရလက်ခံရေးစခန်းတွင် ပြန်လည်ဝင်ရောက်လာသူများကို တွေ့ဆုံမေးမြန်းကြစဉ်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၉၀ ရာခိုင်နှုန်းနီးပါး ရောင်းချရ

**နေပြည်တော် ဇွန် ၂၈**

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ ပရဝဏ်အတွင်း ဆက်လက်ကျင်းပလျက်ရှိရာ ပြသရောင်းချရမှုရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက "အခုကျင်းပနေတဲ့ (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲရဲ့ ရောင်းချရမှုတွေကို ထုတ်ပြန်ကြေညာပေးလျက်ရှိပါတယ်၊ စတင် ပြသရောင်းချရတဲ့ရက်ကနေ ဇွန် ၂၈ ရက်အထိ ၈၀ ရာခိုင်နှုန်းကျော် ၉၀ ရာခိုင်နှုန်းနီးပါး ရောင်းချရတယ်လို့ဆိုရမှာ ဖြစ်ပါတယ်၊ မန္တလေးကျောက်မျက်ဈေးကွက်မှာ ဈေးနှုန်းတွေအေးနေတယ်ဆိုပေမယ့် ဒီနေပြည်တော်မှာကတော့ ဈေးနှုန်းတွေ ကောင်းနေတယ်လို့ ပြောရမှာဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြည်ပကျောက်မျက်ရတနာကုန်သည်တွေဟာ အရင်နှစ်ပြပွဲတွေထက် ဒီနှစ်မှာ ပိုမိုလာရောက်ဝယ်ယူနေကြလို့ပဲဖြစ်ပါတယ်၊ ကျောက်အမျိုးအစားကောင်းတယ်၊ အရည်အသွေးကောင်းတယ်ဆိုရင် ဈေးကောင်းရမှာဖြစ်ပါတယ်"ဟု ပြောသည်။

**တင်ဒါစနစ် ရောင်းချ**

ဇွန် ၂၀ ရက်မှ ၂၁ ရက်အတွင်း ပုလဲအတွဲ ၃၆၀ ကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ယူရိုငွေ ၂ ဒသမ ၅၉၈ သန်း တန်ဖိုးရှိ ပုလဲအတွဲ ၃၄၁ တွဲကို လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် ကျောက်မျက်အတွဲ ၃၃၆ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ယူရိုငွေ ၁ ဒသမ ၃၇၈ သန်းတန်ဖိုးရှိ ကျောက်မျက်အတွဲ ၆၉ တွဲကို လည်းကောင်း ရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲ ၆၇၉၅ တွဲကို ဇွန် ၂၄ ရက်မှ ၂၉ ရက်အထိ ပြသရောင်းချသွားမည်ဖြစ်ရာ ဇွန် ၂၄ ရက်တွင်

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

